www.burmeseclassic.com

SHWE ... PUBLISHING HOUSE

သူငေးငေးနေတဲ့

# သုဝေ

T H U W A Y

BURMESE CLASSIC .com

cOvEr tkk

ညဝေး

a novel

www.burmeseclassic.com

ရုံးရုပ်ပန်းချီ

www.burmeseclassic.com



# သူမေ့နေတဲ့ သစ်ပင်

THU WAY

ရွှေသမီးစာပေ

အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား ၊ရန်ကုန်မြို့။

ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀၁၈၉၉

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၆၀၁၀၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၂၂၀၂၁၂

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ် - ၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ။(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ်၊ မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀ ကျပ်

(သူမေ့နေတဲ့သစ်ပင်) / သူဝေး ။ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂
စာ ၁၂၅၊ ၁၉.၅ စင်တီ။
(၁) သူမေ့နေတဲ့သစ်ပင်


www.burmeseclassic.com

www.burmeseclassic.com

## (၁)

မိုးသည်းလှန်းတဲ့ ကျောင်းပြန်တစ်နေ့။

သူနဲ့ကျွန်တော် ကိုယ်စီ ထီးမပါလာခဲ့ကြဘူး။ ကျောင်းစောင့်ကြီးပေးလိုက်တဲ့ ငှက်ပျောရွက်ရှည်ရှည်ကြီးကိုပဲ နှစ်ယောက်အတူမိုးပြီး ပြန်လာခဲ့ရတယ်။ လမ်းတစ်ထောက်အရောက်မှာပဲ ကောင်းကင်က ပေါက်ဆွဲသံကြားလိုက်ရတယ်။

အဲဒီအသံကြားတော့ သူက ထူးထူးဆန်းဆန်း ရေရွတ်လာတယ်။

"တန်ဂရီ . . . တန်ဂရီ . . . "

မနေနိုင်မထိုင်နိုင် ကျွန်တော်က မေးမိလိုက်ပါတော့တယ်။

"ဘာလဲဟ . . . တန်ဂရီဆိုတာ"

"ရှေးတုန်းက မွန်ဂိုတွေရဲ့ ဘုရားသခင်ပေါ့။ သူစိတ်တိုရင် အဲ့ဒီလို မိုးခြိမ်းတတ်တယ်။ အဲ့ဒါကြောင့် မွန်ဂိုတွေက မိုးခြိမ်းရင် ကြောက်ကြတာ"

"ဩော် . . . "



www.burmeseclassic.com

www.burmeseclassic.com

သူက ဘယ်ကသိလာမှန်းမသိပါဘူး။ ကျွန်တော်ကတော့ သူ ပြောမှသိရလို့ နည်းနည်းအောက်ရပါတယ်။ ဒါပေမဲ့ သူ့ရှေ့ဆက်စကား တွေကတော့ အတွေးတွေပေးရှာတယ်။

“ငါကလည်း တန့်ဂရိကို ပြန်စိတ်ဆိုးမိတယ်ဟ”

“ဘာဖြစ်လို့တုံး”

“ဘာဖြစ်ရမလဲ ဟိုမှာကြည့်”

အကြော်ဆိုင်ထဲကလေးထဲမှာ လည်ဆံမွှေးခါနေတဲ့ ငှက်ကလေး နှစ်ကောင်ကို ပြလိုက်တာပါ။

“တွေ့လား . . . တန့်ဂရိလုပ်လို့ မိုးရွာတယ်။ မိုးရွာလို့ ခရီး မဆက်နိုင်တော့ဘူး”

အဲ့ဒီကတည်းက ကျွန်တော်ရိပ်မိခဲ့ဖို့ ကောင်းပါတယ်။ သူ့ရဲ့ ငှက်ကလေးတွေကို အားကျတဲ့ဆန္ဒကို။

“ငါကတော့ မိုးရွာရွာ ပျံမှာပဲ”

အဲဒီလိုပြောပြီး ကျွန်တော့်ရှေ့ကနေ လက်နှစ်ဖက်ကိုဆန့်တန်း လို့ ခုန်ပေါက်ပြေးသွားပါတယ်။

ကျွန်တော်ကတော့ ငှက်ပျောရွက်ရှည်ရှည်ကြီးနဲ့ ကျန်ခဲ့ရတာ ပေါ့။



ကျောင်းပိတ်တဲ့ရက် တချို့ညတွေဆိုရင် ကျွန်တော်တို့တွေ ဘကြီးအောင်ရဲ့အိမ်မှာ သွားကစားကြတယ်။ ကျွန်တော်တို့ဆိုတာ ကျွန် တော်ရယ်၊ သူရယ်၊ ပြီးတော့ ယွန်းယွန်းလို့ခေါ်တဲ့ ယွန်းချမ်းမြေ့အေး ရယ်၊ နောက်ပြီး စိုးထိုက်ရယ်။

ကျွန်တော်တို့လေးယောက်က ငယ်သူငယ်ချင်းတွေပါ။ သက်တူ ရွယ်တူ၊ အတန်းတူအခန်းတူမို့လို့ အမြဲတွဲဖြစ်ကြတယ်။ တစ်ယောက် နဲ့တစ်ယောက်လည်း သိပ်ချစ် သိပ်ခင်ကြပါတယ်။ ဒါပေမဲ့ သူကတော့ စိုးထိုက်ကို သိပ်အဖက်မလုပ်ချင်ဘူးဗျ။ တုံးလို့တဲ့လေ။

ဘကြီးအောင်ရဲ့ မြေးတွေကလည်း ကျွန်တော့်အစ်မအရွယ် လောက်ရှိပေမယ့် ကျွန်တော်တို့နဲ့အတူ ဆော့ကစားပါတယ်။ ညအခါ လသာသာမသာသာ ကျွန်တော်တို့ ချွေးထွက်ချော်လဲ ခြေညောင်းအောင် ကစားကြပါတယ်။ ထုတ်စည်းတိုးကြ၊ ဒီထိုးကြ၊ သရဲအကြောင်းရှိုးကြ၊ အုန်းသီးလေးလုံး မလေးလုံးကြနဲ့ပေါ့။

ကစားနေရင်းနဲ့ ဘကြီးအောင်ရဲ့ တယ်လီဖုန်းသံကြားရင် တစ်အိမ် လုံး ငြိမ်းရပ်သွားရတယ်။ သူက ဘကြီးအောင်ဖုန်းဆက်ရင် မှတ်မှတ်သား သား လိုက်နားထောင်နေတတ်တယ်။ ဘကြီးအောင်ရဲ့တူဖြစ်တဲ့နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com

ရောက် ဆရာဝန်တစ်ယောက်က ဆက်တာပဲ။ ဘကြီးအောင် [illegible] ဖုန်းဆက်ပြီးလျှင် ကျွန်တော်တို့ကလေးတွေဘက်လှည့်လာပြီး စာကြိုးစားရန်မှ အစပြုပြီး သူ့တူအကြောင်း ပြောပါတော့တယ်။

“ဘကြီးရဲ့တူက ငယ်ငယ်တုန်းက သိပ်ဆင်းရဲတာကွ။ သူများအိမ်မှာ ရေထမ်းရင်း၊ ထမင်းချိုးကို ရေစွတ်စားခဲ့ရတာ။ ဒါပေမဲ့ သူက အရမ်းကြိုးစားရာတော့ တစ်ဆင့်ပြီးတစ်ဆင့် ဘဝကိုမြင့်အောင် တက်လှမ်းသွားနိုင်တာပေါ့။ ကဲ . . . အခုဆို နိုင်ငံခြားမှာ အဆင်ပြေလို့ ဝညာတတ် သူဌေးဆရာဝန်။ ကဲ . . . ဘယ်လောက်အားကျဖို့ကောင်းလဲ”

ဘကြီးအောင်ရဲ့စကားတွေကို လူကြီးတစ်ယောက်က ပြောတဲ့စကားတွေဖြစ်လို့ ကျွန်တော်ရှိသေပေမယ့် သိပ်စိတ်မဝင်စားဘူး။ စိုးထိုက်ကော စိတ်ဝင်စားနေလားလို့ ကြည့်လိုက်တော့ ခြင်တွေကို လက်တစ်ဖက်တည်းနဲ့ လိုက်ဖမ်းနေတယ်။ ယွန်းယွန်းကျပြန်တော့ မျက်မှန်ဝိုင်းဝိုင်းတပ်ထားလျက်နဲ့ အိပ်ငိုက်နေတယ်။ ဒါပေမဲ့ သူတစ်ယောက်တည်းကတော့ မေးကလေးကို ချွန်းနေအောင်ထောက်ပြီး ဘကြီးအောင်ပြောသမျှ အံ့သြအားကျနေလေတယ်။

ဘကြီးအောင် ကြော်ငြာဝင်ပြီးမှ ကစားပွဲပြန်စရမယ်။ ညဥ့်နက်ပြီမို့ အိမ်ပြန်ချိန်နီးတဲ့အခါ နောက်ဆုံးကစားနည်းကို ကစားကြတယ်။ အဲဒီကစားနည်းက ကျွန်တော်အမုန်းဆုံး ကစားနည်းဖြစ်ပြီး သူ့အတွက်တော့ အကြိုက်ဆုံး ကစားနည်းဖြစ်တယ်။

ကစားနည်းက ဘေးကကြည့်ရင်လည်း ပျော်စရာမကောင်းပါ။ ဝက်ပျံ၊ ကြက်ပျံ၊ ငှက်ပျံဆိုတဲ့ ကစားနည်းပါ။

ကျွန်တော်ကတော့ လက်ညှောင်းတဲ့ကစားနည်းလို့သာ စိတ်ထဲက ဝေဖန်နေမိတယ်။ သူကတော့ ပျော်ရွှင်ရယ်လွင်စွာ ဆော့ကစားနေလေရဲ့။

“ကြက်ပျံ”

“ကြက်ပျံ”



[illegible]

“လေယာဉ်ပျံ”

သူ ဝအောင်ကစားပြီးမှ အိမ်ပြန်ရတယ်။ အတူတူ အိမ်ပြန်ဖြစ်ကြပေမယ့် စိုးထိုက်နဲ့ ယွန်းယွန်းအိမ်က ပိုနီးလို့ အရင်ရောက်တယ်။ အဲဒါကြောင့် ကျွန်တော်နဲ့သူပဲ ဆက်လျှောက်ခဲ့ရတယ်။

အဲ့ဒီ အပြန်လမ်းမှာပဲ သူက သူ့ဒဿနကို ထုတ်ပြောလာတယ်။

“နေလွင်”

“ဟင် . . . ဘာလဲ”

“ခုနက ကစားနည်းက သိပ်အဓိပ္ပာယ်ရှိတာနော်”

“အလကားပါဟာ . . . ဖီးလ်မလာပါဘူး”

“နင်ကလည်း သေချာတွေးကြည့်စမ်းပါဟာ။ ကြက်ပျံ၊ ဝက်ပျံတဲ့။ ပျံနိုင်တဲ့အကောင်မှ ပျံလို့ရတယ်။ မပျံနိုင်တဲ့အကောင်က နေခဲ့ရတယ်။ တွေ့လား . . . ဒါ အမှန်တရားပဲ”

သူ့အတွေးနဲ့ သူ ကျေနပ်နေတာမို့ ကျွန်တော် ဘာမှမပြောဖြစ်ခဲ့ဘူး။ ဒါပေမဲ့ အဲ့ဒီအချိန် ကျွန်တော်တို့ကို အုတ်မိုးထားတဲ့ သစ်ပင်ကြီးရဲ့သစ်ကိုင်းက တကျွီကျွီ မြည်နေတယ်။ အေးစက်စက်လေဟုန်တစ်ချက်ကလည်း သိမ့်ခနဲ တိုက်သွားသေးတယ်။

“စင်စင်”

“ဟင် . . . ”

“သရဲတွေကကော ပျံတက်လားဟင်”

“ဟာ . . . နင် . . . နင်ဘာတွေ . . . လာ . . . လာမေးနေတာပဲ”

သူ သိပ်ကြောက်သွားတယ်လေ။ ကျွန်တော့် ရှည်လျှောမျှော်တျယ်အစကို ဆွဲကိုင်ပြီးမှ လိုက်ရဲတော့တယ်။ ပါးစပ်ကလည်း တွတ်ပတွတ်နဲ့ သမ္ဗုဒ္ဓေရွတ်နေတယ်ထင်ရဲ့။

“အဲ့ဒါ အမှန်တရားပဲ”



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အဲ့ဒီလိုစပြောတော့ သူက ဘုကြည့်ကြည့်တာပေါ့။ သူကို အိမ်ပြန်ပို့ပြီးတာနဲ့ ကျွန်တော်လည်း ကိုယ့်အိမ်ကို အပြေးပြန်ပါတော့တယ်။ ကြောက်တာကိုး။

အင်း . . . ကျွန်တော်ပြောဖို့ လိုနေတာ ပြောရဦးမယ်။ သူ့နာမည်အပြည့်အစုံက မိုးစင်စင်တဲ့။ ကျွန်တော် နာမည်ကတော့ နေလွင်ပါပဲ။

ᗑ ᗑ ᗑ



အတန်းထဲမှာဆိုရင် ကျွန်တော်နဲ့မိုးထိုက် အတူတွဲထိုင်တယ်။ သူကတော့ ယွန်းယွန်းနဲ့ အတူထိုင်တာပေါ့။ အဲ့ဒီတုန်းက လေးတန်းကျောင်းသားကျောင်းသူတွေ ဖြစ်မယ်ထင်တယ်။ အတန်းထဲကို တန်းပြဆင်းတဲ့ဆရာအသစ် ခဏဝင်သင်ချိန်ပေါ့။ အဲ့ဒီဆရာရဲ့မျက်နှာက ဟာသသရုပ်ဆောင် ကင်းကောင်နဲ့ အတော်လေးတူနေတယ်။

ခေတ္တတန်းပြဆင်းရတဲ့ဆရာမို့ စာသိပ်မသင်ဘဲ ကျောင်းသားတွေကြိုက်အောင် ပုံပြင်တွေသာ ပြောပါတယ်။ အဲ့ဒီတုန်းက ကျွန်တော်တို့ကလည်း ကလေးတွေမို့ ပုံပြင်ကြိုက်ကြပါတယ်။

ပထမတော့ ဆရာက ပုံပြင်မပြောသေးဘဲ ခြေဆင်းအနေနဲ့ စိတ်ဝင်စားဖွယ် ဖြစ်ရပ်ဆန်းတွေကို ပြောပြပါတယ်။ ပိရမစ်တွေက အလွန်ထူးဆန်းကြောင်း၊ သူတစ်ပါးကို ထိခိုက်စေတဲ့ သစ္စာတွေက ကျိန်စာတွေဖြစ်ကြောင်း၊ ပိရမစ်ထဲမှာ လေ့လာနေတဲ့ သုတေသနပညာရှင်တစ်ဦးကို ကြီးမားတဲ့ မြွေကြီးတစ်ကောင်က ကိုက်မျိုသွားကြောင်းတွေ ပြောပြပါတယ်။

နောက်ပြီး ပြောပါသေးတယ်။ ဒုတိယကမ္ဘာစစ်တုန်းက မုံးကြဲပျောက်သွားတဲ့ လေယာဉ်တစ်စင်းက နှစ်ပေါင်းငါးဆယ်ကြာမှ ကမ္ဘာမြေပေါ်ဆင်းသက်လာကြောင်း၊ အကြောင်းမှာ ဘာမျူဒါနယ်မြေထဲ ပျောက်ရှိသွားတာကြောင့် ဖြစ်ကြောင်း ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီအချိန် စိုးထိုက်က ကျွန်တော့်ကို လက်လှမ်းကုတ်ပြီး ပြော ပါသေးတယ်။

"နေလွင် . . . ဟော့ကောင် . . . ဘာ . . . ဘာမျှဒါနယ်နိမိတ် လဲ။ ငါ့အထင်တော့ အဲ့ဒီလေယာဉ်က နတ်ဖွက်ခံရတာနေမှာပါကွာ"

ဆရာက သိပ္ပံအကြောင်းပြောပါတယ်ဆို ဒီကောင်က သူ့ကြီး တော်နတ်နဲ့ လာယှဉ်တွဲနေသေးတယ်။ အဲဒါကြောင့် စင်စင်က ဒီကောင့်ကို မကြည်တာ။

ကျွန်တော်တို့တွေ ဆရာပြောပြသမျှကို ပါးစပ်ကြီးတွေဟောင်း လောင်း ရပ်တန့်လျက်၊ မျက်တောင်ကြီးတွေသေလျက် နားထောင်နေမိ ကြတယ်။ နောက်မှ ဆရာက ပုံပြင်ပြောပြတယ်။ ပုံပြင်အစမှာတော့ ...

"သာယာတဲ့ ညနေတစ်နမှာပဲ မြေခွေးတစ်ကောင်က ရေအိုင် လေးတစ်ခုဆီ ရေသောက်ဆင်းလာတယ်။ မြေခွေးက အေးဆေးဆင်းလာ တာ မဟုတ်ဘူးကွ။ ရာဇာနေဝင်းဒီဇိုင်းနဲ့ ဆင်းလာတာ ဒီလိုလေကွာ..."

ဆရာက အပြောကောင်းသည်မဟုတ်၊ သရုပ်ဆောင်ကလည်း ကောင်းသေးတယ်။ ရာဇာနေဝင်းစတိုင် (သူ့ကျောင်းစိမ်းပုဆိုးအသစ်ကြီး နဲ့) ခြေထောက်ကြီးကားကား၊ လက်ကားကားနဲ့ ခေါင်းကြီး စောင်းငန်း စောင်းငန်း လုပ်ပြသေးတယ်။ ကျွန်တော်တို့မှာ ရယ်ရသေးတယ်။ အဲ့ဒီ ဆရာလည်း ကျောင်းသားဘဝတုန်းကဆို တော်တော်ကဲမှာပဲလို့ တွေးမိ သေးတယ်။ အင်း . . . ခဏခဏလည်း အရိုက်ခံရလောက်မှာ။ ရယ်သံ စဲမှ ဆရာက သူ့ပုံပြင်ကိုဆက်တယ်။

"အေး . . . အဲဒီလို ရေသောက်နေတုန်း 'ဖလပ်'ခနဲ အသံကြား လို့ ကြည့်လိုက်တာ ငါးသိုင်းတစ်ကောင် ဖြစ်နေပါရောလား"

အဲဒီမှာ ငါးသိုင်းဆိုတာ ဘာလဲ။ သိုင်းတတ်တဲ့ ငါးလားဆိုပြီး ထမေးကြလို့ ငါးမိနစ်လောက် အချိန်ကုန်သွားသေးတယ်။ ငါးသိုင်းဆို တာ ငါးအမျိုးအစား ငါးတစ်ကောင်ပဲဖြစ်ကြောင်း ရှင်းပြပြီး သူ့ပုံပြင်ကို ဆက်တယ်။



ငါးသိုင်းက သူ့ကို မျက်စပစ်သွားလား မသိပါဘူးကွာ။ မြေခွေး မှာ နေမထိထိုင်မသာဖြစ်ပြီး ကျန်ခဲ့တယ်။ တကယ်တော့ မြေခွေးက ငါးသိုင်းကို စားချင်နေတာကွ။ ငါးသိုင်းကလည်း ရေအိုင်လေးထဲမှာနေ သေမယ့် ဆူဆူဖြိုးဖြိုး ရေနွေးအိုးပုံစံလေးပေါ့။ ဆယ်ကျော်သက်လေး ဆင်ပါရဲ့"

"ဟာ . . . ဆရာကလဲ"

ဆရာက ထဖောက်လို့ ရယ်ရသေးတယ်။

"အဲဒါနဲ့ မြေခွေးကလည်း ငါးသိုင်းကိုစားရဖို့ ကြံတော့တာပဲ။ ဒါပေမဲ့ သူ ဘယ်လိုဖမ်းမလဲ။ ငါးသိုင်းက ရေထဲမှာ၊ သူက ကုန်းပေါ်မှာ လေ။ အဲဒါကြောင့် အခက်ကြုံနေပါလေရော။ ဒါပေမဲ့ အဲ့ဒီလိုအချိန်မှာ သူ့လိုပဲ ရေသောက်ဖို့ဆင်းလာတဲ့ ဝက်ဝံကြီးကို တွေ့လိုက်ရတယ်။ ဝက်ဝံ ကြီးကိုမြင်တာနဲ့ မြေခွေးက အကြံရသွားတော့တာပဲ။ ဟုတ်ပြီဆိုပြီး ဆက်ဖျောက်တွေ ဘာတွေတီး၊ ခေါင်းကလည်း မီးလုံးလေး လင်းချင် လင်းသွားမှာပေါ့"

ဆရာက အဲဒီလို သရုပ်ဖော်လည်း ပြောတတ်တယ်။

"ဒီလိုနဲ့ မြေခွေးက သူ့အကြံအတိုင်း ဝက်ဝံကြီးကို နှုတ်ဆက် တာပေါ့။ 'ဟေး . . . ကိုဝက်ဝံကြီး မာပါစ' တဲ့။ ဝက်ဝံကြီးကလည်း ရေသောက်မလို့ လုပ်ရာကနေ ခေါင်းထောင်လိုက်ပြီး အသံလာရာကို ကြည့်လိုက်တယ်။ သူ့ကို တရိတသေနှုတ်ဆက်သူက မြေခွေးဖြစ်နေလို့ သူလည်း အံ့သြသွားတယ်ကွ။ အဲ့ဒါနဲ့ ဝက်ဝံကြီးက ပြန်ဖြေတယ်။ 'အေး၊ ကျန်းမာပါတယ်။ တစ်ခါတလေ ချောင်းဆိုးရင်ကြပ်လောက်ကတော့ရှိ တာပေါ့' တဲ့"

"ဟာ . . . ဆရာ၊ ဝက်ဝံကြီးက ရင်ကြပ်တတ်လို့လား"

ယွန်းယွန်းက သူ့မျက်မှန်အဝိုင်းကလေးကို ပင့်တင်ပြီး မေးလိုက် တာပါ။ မေးလည်းမေးသင့်တဲ့ မေးခွန်းပါ။ ဘာတဲ့ ဝက်ဝံက ရင်ကြပ် သတဲ့။ အခန်းထဲလည်း ဝက်ဝံရင်ကြပ်တဲ့ကိစ္စနဲ့ ပတ်သတ်ပြီး ကျွတ်စီ



www.burmeseclassic.com

www.burmeseclassic.com

ကျွက်စိ ဖြစ်ကုန်ကြတယ်။ ဆရာကလည်း ဆင်ခြေပေးပြီး ဝင်ထိန်းရတယ်။

"ဒါက ပုံပြင်လေကွာ။ ကဲ . . . ကဲ . . . မဆူနဲ့ ဆက်ပြောပြမယ်။ အဲဒီလို ဝက်ဝံကြီးက ရင်ကြပ်တယ်လို့ပြောတော့ မြေခွေးက ပိုအကွက်ဆိုက်သွားတာပေါ့။ ဟာ . . . ကိုဝက်ဝံကြီး ခင်ဗျားရင်ကြပ်တာပဲ ဟုတ်ရဲ့လားဗျာ။ တခြားရောဂါတွေ ဖြစ်နေပါဦးမယ် အာထရာဆောင်းလေးဘာလေး ရိုက်ကြည့်ဦးဗျ"

အားလုံး အူလည်လည်နဲ့ အာထရာဆောင်းကို မေးချင်ပုံရတယ်။ ဆရာပြောသလိုပဲ ဒါက ပုံပြင်လေကွာလို့သာ သဘောထားပြီး ဆက်နားထောင်နေလိုက်ကြတယ်။

"ဝက်ဝံကြီးက ငြင်းတာပေါ့။ 'ဟာ . . . ရင်ကြပ်တာပါပဲကွ။ တခြားရောဂါ မရှိပါဘူး။' မြေခွေးကလည်း ဘယ်ခေမလဲ။ သူ့အကွက်ထဲ မဝင်ဝင်အောင် လိမ်သွင်းတယ်။ 'ဟာ . . . ဒါဆိုရင်တော့ ကိုဝက်ဝံကြီး ဟန်ကျတာပဲဗျာ။ ရင်ကြပ်ရောဂါ အမြစ်ပြတ်တဲ့ပျောက်ဆေး ကျွန်တော်သိတယ်ဗျ။' ဝက်ဝံကြီးက 'ဘာများလဲ'လို့ ပြန်မေးတယ်။ မြေခွေးကလည်း ဆားပုလင်းနှင်းမောင်စတိုင်နဲ့ တစ်လုံးချင်း ပြန်ဖြေတယ်။ 'ငါးသိုင်း' တဲ့။ ဝက်ဝံကြီးက ကြောင်ကြည့်နေတာမို့ မြေခွေးက နောက်တစ်ခေါက် ထပ်ပြောပြရတယ်။ 'ငါးသိုင်းက ရင်ကြပ်ပျောက်တယ် ကိုဝက်ဝံရဲ့' တဲ့"

"ဟုတ်လို့လား"

"အေး . . . ဝက်ဝံကြီးက ပထမတော့ မင်းတို့လိုပဲ သံသယဝင်တယ်။ ဒါပေမဲ့ မြေခွေးက သိပ်အစည်းအရုံးကောင်းတဲ့ ကောင်ကွ။ မယုံယုံအောင် ပြောတာပေါ့။ ကြာတော့ ဝက်ဝံကြီးလည်း ယုံမိတော့တာပေါ့။ ဒါနဲ့ ငါးသိုင်း ဘယ်မှာရနိုင်မလဲလို့မေးရော။ မြေခွေးက တဟဲဟဲရယ်ပြီး 'ဝေးဝေးမကြည့်ပါနဲ့ဗျာ။ ဒီရေအိုင်ထဲမှာ ရှိပါတယ်' လို့ ပြောလိုက်တယ်။



အဲဒါနဲ့ ဉာဏ်သိပ်မကောင်းရှာတဲ့ ဝက်ဝံကြီးက 'ဒါဆို ဘယ်လိုဖမ်းရမှာလဲ' ဆိုပြီး မြေခွေးကိုပဲ ဆရာတင်တယ်။ အဲဒီမှာပဲ မြေခွေးက သူ့ရဲ့ အဓိကရိုက်ချက်ကို ရိုက်လိုက်တော့တာပေါ့။ ကိုဝက်ဝံကြီးကလည်း လွယ်ပါတယ်ဗျာ။ ကိုဝက်ဝံကြီးက ဒီအထဲကရေတွေကို အကုန်သောက်လိုက်။ ရေတွေကုန်သွားရင် ကျွန်တော်က ဆင်းဖမ်းမယ်။ ကဲ . . . ဒါဆို ငါးသိုင်းဘယ်ပြေးမဲ။ လွယ်လွယ်လေးပဲ"

ဆရာက ခွေးသုတ်ပြီး ဆက်ပြေပတယ်။

ဝက်ဝံကြီးကလည်း မြေခွေးရဲ့စကားကို အကောင်းမှတ်ပြီး သဘောတွေကျနေတာပဲ။ အေး . . . ဒါဆို ပြောနေကြာတယ် ငါအခုပဲ ဒီရေတွေကို သောက်ပစ်လိုက်တော့မယ်ဆိုပြီး တဂွတ်ဂွတ် သောက်ပါတော့တယ်။ မြေခွေးကတော့ စတိုင်လေးနဲ့ ရပ်ကြည့်နေတာပေါ့။ လက်ကြားမှာ စီးကရက်လေးညှပ်ပြီး . . ."

ကျောင်းသားတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတယ်။ ဝက်ဝံက ရင်ကြပ်တယ်တဲ့။ မြေခွေးက စီးကရက်သောက်တယ်တဲ့။ ထားပါတော့လေ . . . ပုံပြင်ပဲလို့ ကိုယ်စီတွေးကာ ဆက်နားထောင်ကြရပြန်တယ်။

"ဝက်ဝံကြီးက သူ့ပါးစပ်ကြီးနဲ့ မနားတမ်းသောက်လိုက်တာ ရေအိုင်လေးထဲကရေတွေ ခဏအတွင်းပဲ ကုန်သွားသတဲ့။ အဲ့ဒီအချိန် ရေအိုင်ထဲမှာ ဖလပ်ဖလပ်နဲ့ ခုန်လူးနေတဲ့ ငါးသိုင်းကို မြင်လိုက်ရတော့ မြေခွေးရော ဝက်ဝံကြီးရော ပျော်တာပေါ့။

ဝက်ဝံကြီးမှာတော့ ပျော်ပေမယ့် ပြုံးတောင် မပြုံးနိုင်ရှာပါဘူး။ ရေအိုင်တစ်အိုင်လုံး သောက်ထားရတာဆိုတော့ ဗိုက်ကြီးလေးနေပြီလေ။ မောလည်း မောတာမို့ ခြေတွေလက်တွေတောင် မသယ်ချင်အောင် ဖြစ်နေပြီလေ။

ဝက်ဝံကြီး ဒီလိုအခြေအနေဖြစ်မှ မြေခွေးက သူ့အကြံအတိုင်း ငါးသိုင်းကိုဖမ်းပြီး ဟိုးအဝေးကို ထွက်ပြေးသွားတာပေါ့။ မသွားခင်တော့ ပြောသွားပါသေးတယ်။ ကိုဝက်ဝံကြီးရေ . . . ကျေးဇူးပဲတဲ့။ ဝက်ဝံကြီး



www.burmeseclassic.com

www.burmeseclassic.com

ကတော့ မျက်လုံးလေးတွေ ပေကလပ် . . . ပေကလပ်နဲ့ အနေခက်စွာ ကျန်နေရစ်ခဲ့တာပေါ့ကွယ်"

အဲဒီမှာပဲ ပုံပြင်ဆုံးသွားပါတယ်။ ပုံပြင်အဆုံးမှာ ခေါင်းလောင်းသံကြားရတယ်။ ကျောင်းဆင်းပြီ။ ယွန်းယွန်းကို သူ့အဖေလာကြိုသွားတယ်။ သူရယ်၊ ကျွန်တော်ရယ်ပဲ အတူပြန်ခဲ့ကြတယ်။ အပြန်လမ်းမှာ ကျွန်တော်ကစကားတွေ ပြောပေမယ့် သူက ပြန်မပြောဘူး။ ပုံပြင်ထဲ အတွေးရောက်နေပုံပေါ်တယ်။ ဒါကြောင့် ကျွန်တော်လည်း အလိုက်တသိ ငြိမ်နေလိုက်ရတယ်။

"ဟော . . . ဟိုမှာ မာလကာသီးတွေ"

သူရဲ့ ရုတ်တရက် ထွက်လာတဲ့အသံပါ။ လမ်းဘေးနားက မာလကာပင်ကြီး။ အသီးတွေက သိပ်မကြီးပေမယ့် မှည့်လို့ဝင်းလို့။ အပင်ကတော့ ခပ်ရှယ်ရှယ်ပါပဲ။ ပင်စည်ကလည်း ခပ်ဖြောင့်ဖြောင့်ရယ်။

"နေလွင် . . . "

သူဘာလို့ခေါ်မှန်း ကျွန်တော်သိတာပေါ့။

"ဘာလဲ . . . ငါ့ကို တက်ခူးနိုင်းမလို့မို့လား"

"ဘာလဲ မခူးပေးချင်ဘူးလား"

"ဟာ . . . "

ကျွန်တော့်မှာ ခူးတော့ ခူးပေးချင်ပါတယ်။ ဒါပေမဲ့ အပင်ကတက်လို့ခက်မယ့်ပုံ။ ပြုတ်ကျလို့ လက်ကျိုးခြေကျိုးရင် မာလကာသီးဖိုးနဲ့ မကာမိနိုင်။ ကျွန်တော် မခူးပေးချင်တော့ သူက ငြိုငြင်တာပေါ့။

"တော် . . . တော် . . . နင့်ကို အားမကိုးတော့ဘူး"

"ဟင် . . . ဒါဆို နင်ကိုယ်တိုင်တက်မလို့လား"

"ငါကိုယ်တိုင်တော့ တက်မလားဟဲ့"

အဲဒီလို ခေါင်းကုတ်ညည်းညူပြီး ပတ်ဝန်းကျင်ကို ဘယ်ညာပြန်၍၊ ရှေ့ပြန်၊ နောက်ပြန် ရှုပါတော့တယ်။ အဆင်များသင့်ချင်တော့ ကျွန်တော်တို့နောက်မှာ လွယ်အိတ်ကလေး ဒရွတ်တိုက်ဆွဲပြီး ပြန်လာတဲ့ စိုးထိုက်ကို တွေ့လိုက်ရပါတယ်။



"ဟေ့ . . . စိုးထိုက်"

တကယ်တော့ သူက စိုးထိုက်ကို အဲ့ဒီလိုအရေးတယူ ခေါ်ဖူးတာမျိုး ရှိခဲ့ပါတယ်။ စိုးထိုက်က အပြေးရောက်လာတယ်။

"စင်စင် . . . နင် ငါ့ကိုခေါ်တယ်"

"အေး . . . ခေါ်တယ်။ နင့်ကို အကူအညီတောင်းမလို့"

နိုင်းတယ်ဆိုတဲ့ စကားကို ယဉ်ကျေးအောင် လှည့်သုံးလိုက်ခြင်းပါ။

"ပြောလေ . . . ငါ ဘာကူညီရမလဲ"

ကျွန်တော်ထင်တဲ့အတိုင်းပဲ။ စိုးထိုက်ကလည်း စင်စင့်ကိုဆိုရင် ကူညီဖို့အသင့်။ သည်တော့လည်း စင်စင်က ဘယ်အားနာလိမ့်မလဲ။ နိုင်းသည်ပေါ့။

"နင် သစ်ပင်တက်တတ်လား"

"ဟာ . . . တက်တတ်တာပေါ့။ ငါက ရွာမှာ ငါ့ဘကြီးထန်းပင်တွေတောင် တက်ခဲ့တာဟ။ ဒီမှာကြည့် . . . တွေ့လား။ ဒါ ရွာမှာထန်းပင်တက်တုန်းကရခဲ့တဲ့ အမာရွတ်တွေ"

"ဟုတ်လို့လားကွာ . . . မင်းအမာရွတ်တွေက ဝဲခြောက်တွေနဲ့တူလိုက်တာ"

အဲဒီလို ဖော်ကောင်ဝင်လုပ်တဲ့ ကျွန်တော့်ကို စိုးထိုက် ဘုရှုံ့ရှုံ့တယ်။ စင်စင်ကပါ (အလိုရှိတော့) စိုးထိုက်ဘက်က ဝင်နာပေးလိုက်သေးတယ်။

"နင် လျှောက်ပြောမနေနဲ့ နေလွင်။ ဒါ တကယ်ထန်းပင်တက်လို့ရတဲ့ အမာရွတ်တွေပါဟ။ ကဲ . . . ကဲ . . . ကြာတယ်၊ စိုးထိုက် လွယ်အိတ်ချွတ်"

"ဟင် . . . ဘာလုပ်မလို့လဲ"

"ဩော် . . . နင့်ကို မာကလာသီး တက်ခူးခိုင်းမလို့။ နင်က ရွာမှာ ထန်းတက်ချန်ပီယံပဲ ဒါလောက်တော့ အပျော့ပေါ့နော်။ နင့်လည်း ဝေစုလေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"အဲ . . ."

စိုးထိုက် ကိုယ့်စကားနဲ့ကိုယ် ပိတ်မိနေပြီ။ မျက်နှာသေလေးနဲ့ ကျွန်တော်ကိုကြည့်သေးတယ်။ ကျွန်တော့်က မသနားပါ။

"လျှောက်ရှိုးတဲ့ကောင် ခံပေါ့"

လို့သာ မေတ္တာပွားပေးလိုက်တယ်။

စိုးထိုက် မာလကာပင်ကိုတစ်လှည့် စင်စင့်ကိုတစ်လှည့် ကြည့်ပါသေးတယ်။ စင်စင်ကလည်း တောင့်တောင့်ကြီး ရှိုးနေတယ်။ မာလကာပင်ကလည်း ဖြောင့်ဖြောင့်ကြီး ဖြစ်နေတယ်။ မတက်နိုင်လည်း တက်နိုင်အောင် တက်ရတော့မယ်။

စိုးထိုက် တက်တယ်၊ လျှောကျတယ်။ တက်တယ်၊ လျှောကျတယ်။ တက်ပြန်ပြီ။ လျှောကျပြန်ပြီ။ စိုးထိုက် ချွေးတွေစို့လာတယ်။ မျက်နှာကလည်း အိမ်သာတက်ချင်သလိုလို၊ ပဒိုင်းသီးဝါးမိသလိုလို ဖြစ်လာပြီ။

"နေလွင်"

"ဘာလဲကွ"

ကျွန်တော်လည်း ခပ်ဇွဇွ ထူးပေးလိုက်သည်။

"ငါ့ကို ဖင်တွန်းပေးစမ်းပါ။ အဲဒါမှ တက်လို့လွယ်မှာ"

"ဟင်း . . ."

ကျွန်တော်က သိပ်တော့မကြည်ဖြူ။ မာလကာသီးစားရဖို့သာ သည်းခံလိုက်ရတယ်။ ကျွန်တော် ဖင်တွန်းပေးလိုက်တော့ စိုးထိုက်အပင်ပေါ် ရောက်သွားတယ်။ အပင်ပေါ်ရောက်လို့လည်း သိပ်ပျော်နေတယ်။

"ဟဲ့ . . . ပျော်မနေနဲ့။ မာလကာသီး မြန်မြန်ခူးပြီး ပစ်ချတဲ့"

"ဩော် . . . အေးပါဟ"

စိုးထိုက်ပစ်ချလိုက်တဲ့ မာလကာသီးတွေကို ကျွန်တော်နဲ့စင်စင် လွယ်အိတ်ထဲ ကောက်ထည့်လိုက်ကြတယ်။ အတော်များများရတော့ စင်စင်က ကျွန်တော့်ကို တိုးတိုးကလေး ပြောလာတယ်။

"နေလွင်"



"ဟင် . . ."

"ငါတို့ ထွက်ပြေးကြမယ်"

"စိုးထိုက်ကို ဝေစုခွဲမပေးတော့ဘူးလား"

"ပေးမနေနဲ့။ ငါတို့ထွက်ပြေးလို့လိုက်ရင်လည်း မီမှာမဟုတ်ဘူး"

ကျွန်တော်တို့ကို စိုးထိုက် သင်္ကာမကင်း လှမ်းမေးပါသေးတယ်။

"ဟေ့ . . . တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေတာလဲ"

"နင့်ကို ဝေစုမပေးဘဲ လစ်ပြေးမလို့ဟေ့"

ပြောပြောဆိုဆိုနဲ့ စင်စင်က အရင်ထွက်ပြေးသွားတော့တယ်။ ကျွန်တော်လည်း နောက်က အလိုလိုလိုက်ပြေးမိပြီသား ဖြစ်သွားတယ်။ စိုးထိုက်ကတော့ သစ်ပင်ခွကြားကနေ . . .

"ဟေ့ . . . ဟေ့ . . . နေလွင် . . . ဟေ့ . . . ဟေ့ . . . စင်စင်"

နဲ့ ကယောင်ကတမ်း အော်ကျန်ခဲ့ပါတော့တယ်။

မာလကာသီးတွေကလည်း ချိုတယ်ဗျ။ နိုင်လိုမင်းထက်ပြုကျင့်ပြီးရတဲ့ ပစ္စည်းမို့လားတော့ မပြောတတ်။

"နေလွင် . . . နနက ငါသုံးလိုက်တဲ့အကွက် မှတ်မိလား"

"ဘာအကွက်လဲ"

"ဟဲ . . . ဟဲ . . . ဆရာကြီးပြောပြတဲ့ ပုံပြင်ထဲကလိုလေ။ ဝက်ဝံကြီးက ရေတွေအများကြီးသောက်ထားလို့ မြေခွေးငါးသိုင်းယူသွားတာကို ပြေးမလိုက်နိုင်သလို စိုးထိုက်လည်း သစ်ပင်ပေါ်ရောက်နေလို့ ငါတို့ကို မလိုက်နိုင်တော့ဘူး"

"ဟင် . . . နင်လုပ်လိုက်မှပဲ ငါတို့မြေခွေးဖြစ်ပြီ"

အဲဒီအချိန် သူပြန်ပြောလိုက်တဲ့ အယူအဆကလေးက သိပ်ကို 'ငတောမာ' လွန်းမနေဘူးလား။

"မြေခွေးဖြစ်တာ မဖြစ်တာအရေးမကြီးဘူး။ အရေးကြီးတာ ငါးသိုင်းရဖို့"

အဲဒီနေ့က နေဝင်စောခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ သာယာမှုကိုဖီဆန်လို့ လနဲ့ကြယ်တို့ အိမ်ပြန်ခွင့် ယူနေကြတယ်။ မိုးသည်းမည်းသောည။

• • •

ကျွန်တော်ဟာ စိုးထိုက်ကို ဘယ်လိုလူစားပါလို့ အဓိပ္ပာယ်ဖွင့်ဆိုဖို့လောက်တော့ မစွမ်းပါ။ ဒါပေမဲ့ ကျွန်တော်စိုးထိုက်ကို သိပ်ခင်ပြီး နှိုက်နှိုက်ချွတ်ချွတ် စကားပြောဖို့လည်း ဝန်မလေးဘူး။ သူ့ကို အနစ်နာခံစိတ်နဲ့ ရိုးသားစိတ်ရှိသူလို့ ကျွန်တော်ထင်မိပါတယ်။ ခပ်တုံးတုံးဖြစ်နေတာတော့ အားမရစရာပါ။

တကယ်ဆို စိုးထိုက်အနေနဲ့ (ဟိုးတစ်နေ့က မာလကာသီးကိစ္စကြောင့်) စင်စင့်ကို စိတ်ဆိုးသင့်ပါတယ်။ အနည်းဆုံးတော့ လူချင်းတွေ့ရင် 'မြွေခွေးမ' လို့ အော်ဆဲသင့်ပါတယ်။ ဒါပေမဲ့ စိုးထိုက် အဲဒီကိစ္စကို ခွင့်လွှတ်မေ့ပျောက်နိုင်ခဲ့ပါတယ်။

တစ်နေ့က ကျွန်တော်နဲ့စိုးထိုက် ရပ်ကွက်ထဲ ငှက်ပစ်ထွက်ခဲ့ကြတယ်။ နှစ်ယောက်စလုံး နွားကျောင်းသားမဟုတ်တော့ လက်ကမတည့်။ ဘဝတစ်သက်မှာ တစ်ခါမှလည်း ငှက်တစ်ကောင်မရဘူး။ ဒါပေမဲ့ အဲဒီနေ့က ထူးထူးခြားခြား ကျွန်တော်တို့ နံ့ပြည်စုတ်တစ်ကောင်ရခဲ့တယ်။

တွတ်ပီဝင်ပူးသလားတော့ မပြောတတ်။ သေချာချိန်ပစ်တဲ့အခါဆို တလွဲတချော်။ စိတ်ကူးတည့်ရာ ထွေရာလေးပါး လျှောက်ပစ်လိုက်မှ သွားမှန်ပါတော့တယ်။

ငှက်က မသေသေး။ ပျံထွက်ဖို့ ရုန်းနေသေးလို့ အတောင်နှစ်ဖက်ကို ဖမ်းချုပ်ပြီး သယ်လာရတယ်။ နှစ်ကောင်သား ငှက်တစ်ကောင်ရတာမို့ ခြေလှမ်းတွေက မြောက်ကြွမြောက်ကြွ . . . ။

"နေလွင် . . . ဟော့ကောင် . . . ငါတို့ ဒီငှက်ကို ဆီပြန်ကြော်စားကြမယ်။ ပြီးတော့ အတောင်နှစ်ဖက်ကို ဟင်းချိုလုပ်သောက်မယ်။ ခေါင်းကို ဘာလုပ်မလဲ၊ အင်း . . . ခေါင်းကို . . . အဲ . . . ခေါင်းနဲ့ခြေထောက်ကို ကြွပ်ကြွပ်ကြော်ပစ်မယ်"

"ဟော့ကောင် . . . စိုးထိုက်၊ ငါတို့မိလာတာ နံ့ပြည်စုတ်နော်"

မြန်မာလို သတိပေးလိုက်ရတယ်။ ဒီကောင်ပြောနေတဲ့ စီမံကိန်းက ပျူစောထီးပစ်လိုက်တဲ့ ရှူးပျံကြီးပဲ မိလာသလိုလို။

ဒါပေမဲ့ အဲဒီစီမံကိန်းဟာ မင်္ဂလာရှိရှိ ပျက်ယွင်းသွားပါတယ်။

ကျွန်တော်တို့လျှောက်လာတဲ့ လမ်းမှာ အဖျက်သမားနှစ်ယောက်နဲ့ တွေ့လို့ပါ။ မမိုးစင်စင်နဲ့ မယွန်းချမ်းမြေ့အေးတို့ပေါ့ဗျာ။ လက်ထဲမှာလည်း ရေခဲမုန့် တစ်ယောက်တစ်ခုစီနဲ့။

သူတို့ကိုမြင်တာနဲ့ ကျွန်တော်လည်း စိုးထိုက်ကို အလျင်အမြန်ပဲ မိလာတဲ့ငှက်ကို ဝှက်ထားဖို့ အချက်ပြလိုက်ရတယ်။ စိုးထိုက်ကလည်း လျှင်လျှင်မြန်မြန်ပဲ ကျောနောက်ကို လက်ပစ်ပြီး လူကြီးလူကောင်း လမ်းလျှောက်တဲ့စတိုင်နဲ့ ဝှက်လိုက်ပါတယ်။

စင်စင်တို့နဲ့ ထိပ်တိုက်အတွေ့မှာ ထင်တဲ့အတိုင်းပဲ မေးပါတော့တယ်။

"ဟိုနှစ်ကောင် . . . နိုးကြောင်နိုးဝှက်နဲ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဟုတ်ဘူးဟ"

ကျွန်တော်ဖြေတာကို စင်စင်ကမယုံ။ နံဘေးကလည်း ယွန်းယွန်းက ဟုမယုံပေးလိုက်သေးတယ်။

"စင်စင် . . . နေလွင်က မယုံရဘူး။ စိုးထိုက်ကိုမေး"

"အေး . . . စိုးထိုက်၊ နင်တို့ ဘာတွေလုပ်နေတာလဲ"

စိုးထိုက်က ကျွန်တော့်ကို မျက်ပင့်ကြည့်သေးတယ်။ ကျွန်တော်ကိုယ့်ဘာသာကိုယ် မီးစင်ကြည့်ကတော့ဆိုတဲ့သဘောနဲ့ ဟိုဘက်လှည့်နေလိုက်တယ်။

"ငါ . . . ငါ . . . တို့ . . . ငှက် . . . လိုက် . . . ပစ် . . . နေတာမဟုတ်ဘူး"





www.burmeseclassic.com

www.burmeseclassic.com

သောက်သုံးမကျတဲ့ ဝက်ဝံ။ မြေခွေးမရှု့မှ [illegible]

"ဩော် . . . နင်တို့ ငှက်လိုက်ပစ်နေတာကိုး"

"ဘယ်နှကောင်ရလဲ"

ယွန်းယွန်းက ဝင်မေးသည်။

"အင်း . . . နံ့ပြည်စုတ်တစ်ကောင်တော့ . . . မရ . . . အဲ မရဘူးဟ"

ဖြေနေပုံကတော့။ ကျွန်တော့်မှာ ဒီကောင်နဲ့ခိုးစားရတာ အတော်နောင်တရနေမိတယ်။

"ပြစမ်း . . . အဲ့ဒီ နံ့ပြည်စုတ်"

"ရှိပါဘူးဆို နင်ကလည်း . . . "

"အေး . . . မရှိရင် ပြလို့"

"ရော့ . . . ဒီမှာ"

ကောင်းရော . . .။ ဒီထက်ကောင်းတာဆိုလို့ ဂျိမ်းစ်ဘွန်းကားနဲ့ ရနိုင်သဆော်သီးသုပ်ပဲ ရှိတော့တယ်။ မရှိဘူးလည်း ဆိုသေး၊ ရော့ . . ဒီမှာဆိုပြီး ထုတ်ပြသတဲ့။ ကျွန်တော် ဘုရှိုးရှိုးနေတာကို စိုးထိုက်သိပါတယ်။

"ဟယ် . . . ငှက်ကလေးက အရှင်လေးတော့"

စင်စင်က မျက်ဝန်းလက်လက်ကလေးနဲ့ ပြောလာတယ်။ ဟုတ်ပါတယ် ငှက်က အခုထိမသေသေး။ သူ့ကယ်တင်ရှင်တွေ ပေါ်လာလို့ တောင်ပံတဖျပ်ဖျပ်နဲ့ နာပြနေသေးတယ်။ ပြောရရင် ငှက်ပါးဝနေတာပါ။

"နေလွင်နဲ့ စိုးထိုက်"

"ဘာလဲ"

"နင်တို့ ဒီငှက်ကိုလွှတ်လိုက်"

ဘုရင်မတစ်ယောက်လို စင်စင်က အမိန့်ပေးလာတယ်။ တကယ်တော့လည်း စင်စင့်ကို ကျွန်တော်တို့တွေ ကြောက်ရပါတယ်။ ဘာလို့



[illegible] ရှိန်နေမိတာ။ စိုးထိုက်ကတော့ ဘာမှမပြောဘဲ အဲ့ဒါကြောင့် ကျွန်တော်ကသာ ပြောရတော့တယ်။

"အောင်မာ . . . ငါတို့ ရှားရှားပါးပါးမိလာတာ ဘာလို့လွှတ်ရမှာတုံး"

"ဟင်း . . . ဟင်း . . . နင်တို့ ငရဲမကြောက်ဘူးထင်တယ်။ သူများအသက်သတ်တာ ဘယ်ကံကျူးလွန်တာလဲ သိလား။ မသိရင် ယွန်းယွန်း နင်ရှုတ်ပြလိုက်"

စင်စင့်အမိန့်တော်အတိုင်း ယွန်းယွန်းက သူ့မျက်နှာနဲ့မဆန့်တဲ့ မျက်မှန်အဝိုင်းကြီးကို ပင့်တင်ရင်း . . .

"ပါဏာတိ ပါတာတဲ့ . . .။ နင်တို့ အကုသိုလ်ကို မကြိုက်ကြဘူးနဲ့ဟာ နော်"

စိုးထိုက်က ကျွန်တော့်ကို ဝေရီဝေရီကြည့်တယ်။ ထင်တယ်။ ကျွန်တော် ငှက်သားစားရမယ့်ကိန်း မမြင်ရတော့။

"ဒါ ငါတို့ကြော်စားမှုလို့ စင်စင်ရ"

"အမယ်လေးဟယ် . . . ငတ်ကြီးကျလိုက်တာ။ ဒီငှက်ကလေးကိုမှ"

"ဟုတ်ပ"

"ဒါကိုစားတော့ နင်တို့ ဗိုက်ဝမှာလား။ ဇီတာမင်တွေ မဟားတရား ကြွယ်ဝသွားမှာလား"

"အေးလေ"

"စားမနေနဲ့ လွှတ်ပေးလိုက်။ အခုအချိန်မှာ အကုသိုလ်ကနေ ကုသိုလ်ပြောင်းဖို့ မိသေးတယ်နော်"

"ဟုတ်တယ်"

စင်စင်နဲ့ယွန်းယွန်းက အတွဲညီညီ ကျွန်တော်တို့ကို ခွပ်တာပေါ့လေ။ စိုးထိုက်ကလည်း တွေဝေနေပြီ။

"ကဲ . . . နင်တို့ ဒီငှက်ကို လွှတ်လိုက်ပါဟာ။ ငါရေစက်ချပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း . . . နင်စားပြီးသားကြီး"

"တစ်ကိုက်ပဲ ကိုက်ရသေးတယ်"

ကျွန်တော်ကတော့ နှမြောပါတယ်။ ကံကောင်းလို့ရလာတဲ့ ငှက်တစ်ကောင်ကို ရေခဲမုန့်အစုတ်ကြီးနဲ့လဲရမှာ။

"အေး . . . အေး . . . ဒါဆိုရင်လည်း လွှတ်လိုက်ရအောင်ပါ နေလွှင်ရာ။ နေကလည်းပူပူနဲ့ စင်စင်ပေးတဲ့ ရေခဲမုန့်ပဲစားရအောင်ပါ"

"ဟွန်း"

ထင်တဲ့အတိုင်း စိုးထိုက်ကလည်း စင်စင့်ဘက်ကို ယိမ်းသွားပြီ။ ကျွန်တော်လည်း အင်အားမမျှမှတော့ . . .

"အေး . . . လွှတ်မယ်။ ဒါပေမဲ့ နင့်ရေခဲမုန့် အရင်ပေးထား။ နင့်ကိုလည်း ငါမယုံဘူး"

"ရော့ . . . ရော့ . . . ငါ့များ မယုံဘူးလေ ဘာလေးနဲ့"

စင်စင်က ရေခဲမုန့်ကို ဆောင့်ကြီးအောင့်ကြီး ထိုးပေးတယ်။ ရေခဲမုန့်ရမှ ကျွန်တော်လည်း စိုးထိုက်ကို အချက်ပြလိုက်တယ်။ လွှတ်လိုက်တော့ဆိုတဲ့သဘော။ စိုးထိုက်လည်း တစ်နှစ်သုံးအော်ပြီး ငှက်ကလေးကို လွှတ်တင်လိုက်တယ်။

"ဟေး . . . "

"ဟေး . . . "

မတိုင်ပင်ထားကြပဲနဲ့ အော်ဟစ်မိသွားတယ်။ ကောင်းကင်ပြင်ရှာတွေ့သွားတဲ့ ငှက်ကလေးအတွက် ကျွန်တော်တို့ ပျော်မိကြတာပါ။

ကုသိုလ်တရားအကြောင်းလည်း မတွေးမိပါဘူး။ ဒါပေမဲ့ ရင်ထဲက စိမ့်အေးသွားတာ ဝိညာဉ်တစ်ခုလုံး စမ်းချောင်းကလေးဖြစ်သွားသလိုမျိုးပေါ့။

စင်စင်နဲ့ ယွန်းယွန်း ထွက်သွားတော့မှ ကျွန်တော်နဲ့ စိုးထိုက်ဝေစုခွဲရပြန်တယ်။ စင်စင်ပေးခဲ့တဲ့ ရေခဲမုန့်ကိုလေ။

"မင်းက အသားစားလိုက် နေလွင်"

"ဘာအသားတုံး"



"ဟို . . . မင်းက အဲဒီရေခဲမုန့်အသားကို စားလိုက်လို့။ ငါ့ကို အောက်က ဝေဖာ့အခွံကလေးပေး"

"ဟာ . . . ဝေဖာကြီးက စားလို့ကောင်းပါဘူး"

"သိပါတယ် ငါလုပ်စရာရှိလို့"

စိုးထိုက်က အဲဒီလို အူကြောင်ကြောင်ကောင်။ တစ်ခါတလေ သူလုပ်တာတွေကို ကျွန်တော်နားမလည်ပါဘူး။

စိုးထိုက်ကတော့ ဝေဖာ (ရေခဲမုန့် အခွံကလေး)ကို တသိမ့်သိမ့် မြည်းကြည့်နေလေတယ်။



www.burmeseclassic.com

www.burmeseclassic.com

စင်စင့်ကို ကျွန်တော်ဘယ်တုန်းကမှ ခပ်ပေါ့ပေါ့လူတစ်ယောက်လို မမြင်ခဲ့မိဘူး။ တစ်စုံတစ်ရာကို ဖြစ်ချင်တဲ့ဆန္ဒရှိရင် ဖွဲ့မလျှော့ဘူး။ တစ်ခါတလေမှာတော့ သူလုပ်တဲ့အလုပ်တွေက အရွယ်နဲ့မလိုက်ဘဲ ကြီးကျယ်နေသလားလို့။

တစ်နေ့က ကျွန်တော် သူ့အိမ်ရောက်တယ်။

အင်္ဂလိပ်စာအုပ်ကြီးကြီးတစ်အုပ်နဲ့ ခေါင်းတွေရှုပ်နေတာပါ။ ဝင်လာတဲ့ကျွန်တော့်ကို မြင်တာတောင် ပမာမခန့်ဘဲ နှုတ်ဆက်နိုင်ပါတယ်။

"ကိုယ့်ဘာသာကိုယ် စာအုပ်တွေရှင်းထိုင်တော့"

သူ့အခန်းက စာအုပ်တွေနဲ့ ရှုပ်နေလို့ အဲဒီလိုပြောလိုက်တာပါ။ စားပွဲပေါ်က သူ့လိမ္မော်ရည်ကိုသာ သူမတိုက်ဘဲ မော့သောက်နေမိတော့တယ်။

"မနေ့က ဘကြီးအောင်ရဲ့တူ ဆရာဝန်လေ ဖုန်းဆက်သေးတယ် သိလား။ နိုင်ငံခြားကလေ"

"အဲဒါ ငါဘာလုပ်ရမှာလဲ"

"ဟာ . . . နင်ကလေ တိုးတက်နေတဲ့ ဘဝတွေကို အားကျရမှန်း နားမလည်ဘူးလား"

"ကိုယ့်ဘာသာကိုယ် အားကျချင်မှကျမှာပေါ့။ အားကျတာကို ဆောင်ခတ်ထားရဦးမှာလား"



"နင်ကတော့ ပွတာပါဟာ"

သူ့လမ်းကြောင်းကိုမလိုက်တော့ ကျွန်တော့်ကို အဲဒီလို သမုတ်ပါတော့တယ်။ တစ်ခါတလေလည်း သူနဲ့ကျွန်တော်ဟာ ဆောက်နဲ့ဘုစစ်စစ်။

"ဒါနဲ့ နင်က ငါ့အိမ် ဘာလာလုပ်တာလဲ"

"ပျင်းလို့ပါဟာ။ နင်ကကော ဘာလုပ်နေတာလဲ။ အင်္ဂလိပ်စာအုပ်ထူထူကြီးတွေနဲ့ လူအထင်ကြီးလာအောင် ဘာညာလား"

"နင့်လိုများမှတ်နေလား။ ဒါက ငါ ကိုယ့်ဘဝကိုယ် ရှေ့တောင်ပံဆွဲဆင်နေတာ"

သူ့စကားက သူ့အရပ်ထက် မြင့်နေပါတယ်။

"နေလွှင်"

"ဟေ"

"နင် ပီးလက်လား၊ ပဲလ်လက်လား အဲဒါ သိလား"

"ဘာကိုပြောနေတာလဲ"

"ဟာ . . . ပီအီး အယ်လ်အယ်လ်အီးတီ (Pellet)ဆိုတဲ့ မီးနင်းရဲ့အစိုင်အခဲ"

"သြော် . . . အဲဒါ"

ကျွန်တော်က သိမလား စဉ်းစားကြည့်တတ်သေးတယ်။ မသိပါဘူး။ သူလို့ အတန်းထဲ ပထမချည်းရနေတဲ့သူတောင်မှ မသိတာ။ ကျွန်တော်လို စာကျက်ပျင်းတဲ့ကောင်က ယောင်လို့တောင်မသိပေါ့။

"အဲဒါ ဒစ်ရှင်နရီထဲ ရှာပေါ့ဟ"

"ဟွန်း . . . အဲဒါများ သိသလိုလိုနဲ့။ ငါလည်း ဒီမှာရှာနေတာပါ။ နင်များသိမလားနဲ့ မေးမိတာပါ ငါ့အမှားနော်။ ဟွန်း . . . "

နောက် သူ့ဘာသာသူ ဒစ်ရှင်နရီထဲ ရှာပါတော့တယ်။ တစ်ခဏလောက်ကြာတော့မှ 'တောက်' ခနဲ သူ့လျှာသေးသေးလေးရဲ့ အသံထွက်သံကို ကြားလိုက်ရတယ်။

"ဘာဖြစ်တာလဲဟ"

www.burmeseclassic.com

www.burmeseclassic.com

သူပြန်မဖြေပါ။ ကျွန်တော့်ကိုတောင် ဆုပ်ဖုတ်ဖုတ်နဲ့ မျက်စောင်း ထိုးသေးတယ်။

“နေလှင် . . . သွား . . . နင်ပြန်တော့”

“မနင်ပါနဲ့ဟာ”

“နင်တာမဟုတ်ဘူး။ ဒေါသထွက်နေတာ။ နောက်တစ်ခါ ငါ့ အိမ်ကို ဒီအချိန်လည်း မလာနဲ့။ ဒီအချိန်တိုင်း ငါအင်္ဂလိပ်စာ လေ့လာ တော့မှာ”

ကျွန်တော်လည်း လိမ္မော်ရည်ကို ကုန်အောင်သောက်ပြီးမှ ပြန် ခဲ့ပါတယ်။ အိမ်ရောက်မှ ဒစ်ရှင်နရီကို မြန်မြန်လှန်ပြီး သူမေးတဲ့မီးနင်း (Pellet) ရဲ့အဓိပ္ပာယ်ကို ရှာကြည့်မိတယ်။ အဲဒီတော့မှ . . .

“ဩော် . . . ဒါကြောင့်ကိုး”

လို့ နားလည်လိုက်တော့တယ်။

သူရဲ့ ရွှေတောင်ပံစီမံကိန်းကို အကြီးအကျယ် ကြိုးစားနေချိန် မှာ ရွှေတောင်ပံကိုဖြိုခွင်းမယ့် လက်နက်ကို တွေ့လိုက်ရတယ်လေ။ (Pellet) ရဲ့အဓိပ္ပာယ်က “လောက်စာလုံး”တဲ့။

သူ့တောက်ခေါက်သံ သေးသေးလေးကိုတောင် ပြန်ကြားမိ သေး။



# (၂)

အဲဒီတုန်းက ကျွန်တော်တို့ဟာ အရာရာကို လက်ဖဝါးပေါ်မှာ တင်ကစားလို့ရတဲ့ ပိုးနံ့ကောင်ကလေးလိုပဲ မြင်ပါတယ်။ ကျယ်ဝန်းတယ် လို့ထင်ရတဲ့ လောကကြီးမှာလည်း ပျင်းရိဖို့တွေကို မေ့နေခဲ့တယ်။

ကျွန်တော်တို့စီးတဲ့ဖိနပ်တွေ ကြီးလာတယ်။ ဘောင်းဘီသေး သေးလေးတစ်ထည်ကို ခပ်လျှိုလျှိုဝတ်လာရပြီ။ ယောက်ျားလေးတချို့ အသံပြဲလာတယ်။ ဝက်ခြံပျောက်ဆေးဝယ်ဖို့ ပိုက်ဆံစုတဲ့သူက စုတယ်။ ကျောင်းသူမလေးတွေ ကြိုးခုန်တမ်းမကစားတော့ဘူး။ တစ်နှစ်တစ်တန်းလည်း မှန်မှန်အောင်တယ်။ စင်စင်ကလည်း နှစ်တိုင်း ဆုတွေရတယ်။ သူရတဲ့ ဆုတွေကလည်း ပထမဆုတွေချည်းဖြစ်နေတတ်တာကို ကျွန်တော် လုံးဝ အံ့မသြခဲ့ဘူး။

အဲဒီလိုနဲ့ . . .

ကျွန်တော်ရဲ့အသက် (၁၅) ဂဏန်းရဲ့အထက်ကို ခိုင်ခိုင်မာမာ ကျော်လွန်ခဲ့ပြီ။ သတိမထားမိတဲ့ အချိန်ကာလ တချို့အတွင်းမှာပဲ ရုပ်နာမ် ဓမ္မသဘာဝကျစွာ ပြောင်းလဲသွားတာကို သတိထားမိလိုက်ကြတယ်။

ဆောင်းဦးတချို့ရဲ့ ကျောင်းတံခါးနှင်းမှုန်တွေ၊ နွေကြမ်းကြမ်း ထဲမှာ ဝပ်တွားရတဲ့ ရွက်ကြွေတွေ၊ မိုးရာသီ သီချင်းတွေ။ အဲဒါတွေ ဟာ ဒီလိုအရွယ်မှာ ပိုမိုမြူးဝေခဲ့ရော့ထင်။ သူ့အလိုလို ကျော့ရှတ်သွား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ လခြမ်းကလေးက တချို့တွေအတွက် ကဗျာတစ်ပုဒ်ဖြစ်လို့သွားတာ ဘာကြောင့်လဲ။

စိတ်ကူးထဲက ကျောင်းစိမ်းဖြူဖြူလေးနဲ့ ချစ်သူကလေးကို လက်ဝယ်ပိုင်ဆိုင်ဖို့ ကြိုးစားတဲ့သူတွေက ကြိုးစားကုန်ကြပြီ။

အရာရာဟာ နှစ်ပိုင်းအတွင်းမှာ ဘောင်တစ်ခုထဲကို တိုးဝင်သွားပြီ။ ယွန်းယွန်းက သူတပ်နေကျ မျက်မှန်ကလေးကို မတပ်တော့ဘူး။ စိုးထိုက်ကတော့ ကျောင်းတွေ ခဏခဏလစ်နေတယ်။ ရုံဖန်ရုံခါ လက်ကြားထဲ စီးကရက်ဆိုတာလေး ညှပ်နေသလားတောင် မသိ။ အဲဒီလို တွေ့မိသေးတယ်။

ကျွန်တော်နဲ့စင်စင်ကတော့ ဟိုးငယ်ငယ်ကလို ကျောင်းအတူလာ၊ အတူပြန်၊ အတူငြင်း၊ အတူစုန်၊ မြေခွေးလည်း အတူလုပ်နဲ့လို့ . .

အဲဒီလို မထင်ကြပါနဲ့။

ကျွန်တော် ပြောခဲ့ပြီးပြီပဲ။ အရာရာဟာ ကန့်သတ်ချက်တစ်ခုထဲကို တိုးဝင်သွားပြီလို့။ ကိုယ့်ဘဝကိုယ် ရှာသွန်းကြရတော့မယ်လေ။ ဆယ်တန်းဆိုတာ ဆန်းတယ်လိုထင်ထင် မဆန်းဘူးလို့မှတ်မှတ် ပင့်သက်တွေနဲ့ ပိုနီးလာတာကိုတော့ မငြင်းချင်ဘူး။ စင်စင့်ကို ကျောင်းသွားကျောင်းပြန် အိမ်ကလာကြိုတယ်။ ကျောင်းဆင်းရင် ကျူရှင်သွားတယ်။ ကျူရှင်ဆင်းလို့ မိုးချုပ်ရင် သူ့အခန်းထဲမှာ သူစာလုပ်ပြီ။

ကျွန်တော်နဲ့ အိမ်နီးလျက်နဲ့တောင် မတွေ့ဖြစ်ဘူး။ ကျောင်းလာရင်လည်း ကျောင်းတက်ခါနီးမှ လာတယ်။ ကျွန်တော်နဲ့ ကောင်းကောင်းစကားမပြောဖြစ်တာ ကြာပြီ။ ထင်မထားလောက်အောင် စင်စင့်မျက်နှာက တည်တံ့သွားတယ်။

သူပြောပြောနေတဲ့ သူ့ရဲ့တောင်ပံကို ရှာနေတယ်ထင်ပါရဲ့။

သေချာတာကတော့ စင်စင် သိပ်ကိုလှလာတယ်။ အဲဒါကို ဘယ်သူမှ မငြင်းနိုင်ဘူး။ ရွှေရောင်မြင်းပျံတစ်ကောင်က တဟီးဟီး ကဆုန်ပေါက်မြည်တဲ့ညမှာ ငွေလဝန်းက ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသလိုမျိုးလှတယ်လို့ ကျွန်တော်ထင်မိတယ်။



ဆယ်တန်းဆိုတော့ သူ့အတိုင်းအတာအလျောက် စာများပါတယ်။ စာကျက်ပျင်းတဲ့ ကျွန်တော်တောင် မွန်းမွန်းကြပ်ကြပ်ခံစားရတယ်။ အပေါင်းအသင်းရောင်းရင်းတွေလည်း ကျောင်းနဲ့ကျူရှင်ကြားမှာ တော်ရုပ်ဆန်တဲ့ ယဉ်ကျေးမှုတွေ ရှုပ်တိုက်လာတယ်။ အထူးသဖြင့် စင်စင်ပါပဲ။

မှတ်မိသလောက်တော့ ဆယ်တန်းတစ်နှစ်လုံး စင်စင်ရယ်တာ တစ်ခါလားပဲ တွေ့ပါတယ်။ အဲဒီနေ့က ထူးထူးခြားခြား သူကျွန်တော့်အိမ်ရောက်လာတာပေါ့။

“ဟာ . . . စင်စင်ပါလား . . . လာထိုင်လေ”

စင်စင် တန်းမထိုင်သေး။ ကျွန်တော့်အိမ်ဧည့်ခန်းကို လျှောက်ကြည့်နေတယ်။

“ထိုင်လေဟာ”

“အေး . . . အေး . . . ဒါနဲ့ နင် ဒီနားမှာချိတ်ထားတဲ့ ငလယ်ကမ်းခြေပုံ ပိုစတာကြီးကော”

“ဟာ . . . ဖြုတ်ပစ်လိုက်တာဖြင့် ကြာလှပြီ”

“ဩော် . . . ”

သူ့ရဲ့ ‘ဩော်’ သံထဲမှာ ဝမ်းနည်းမှိုင်းညို့မှုတွေ စိမ့်စိုနေတယ်။ သူ့စကားက သူကျွန်တော်အိမ်ကို မရောက်တာ ဘယ်လောက်ကြာသွားပြီဆိုတဲ့ကာလကို ဖော်ပြသွားစေတယ်။ ပြန်စဉ်းစားကြည့်တော့ ရှစ်တန်း၊ ကိုးတန်း၊ အခု ဆယ်တန်း။ ဟုတ်တယ် . . . နှစ်နှစ်ကျော်လောက်ရှိပြီ။ သူ ကျွန်တော့်အိမ်တောင်မလာနိုင်ဘဲ စာတွေကြိုးစားခဲ့တာလေ။

“နင် အအေးသောက်မလား”

အဲဒီ ကျွန်တော့်အမေးကို သူ့ရဲ့မဆီမဆိုင် အမေးနဲ့တုံ့ပြန်တယ်။

“နင်တို့ မီးဖိုခန်းအားလား”

မျက်လုံးပြူးတူးတူးလေးနဲ့ မေးလာပုံက သူ့ရဲ့ငယ်မူကို ပြန်ပေါ်တယ်။ မီးဖိုခန်းအားလားတဲ့။ ဘာပေါက်တက်ကရ လုပ်မလို့လဲမသိ။

“အေး . . . အားပါတယ်။ ဘာလုပ်ဖို့လဲ”



www.burmeseclassic.com

www.burmeseclassic.com

"နင့်ကို ဝမ်းသာစရာ ပြစရာတစ်ခုရှိလို့"

"ဘာများလဲဟ"

"မီးဖိုခန်းထဲကျ ပြမယ်ဟာ"

ကျွန်တော့်ကို ပဟေဠိဝှက်ရင်း မီးဖိုခန်းထဲခေါ်သွားတယ်။ သူက ဟိုကြည့်သည်ကြည့်နဲ့ လူရှင်းသလား အကဲခတ်လိုက်သေးတယ်။ ကျွန်တော့်မှာ သူ့အမူအရာတွေကိုကြည့်ပြီး တကယ့်ကို စိတ်မရှည်တော့။

"ပြလေဟာ . . . နင့်ဝမ်းသာစရာဆိုတာကို"

"ဩော် . . . အေး . . . "

သူပျာပျာသလဲ သူ့အင်္ကျီအိတ်ကပ်ထဲက တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်တယ်။ စာအိတ်လှလှကလေးနဲ့ စာတစ်စောင်။

"ဒီမှာ ရည်းစားစာ"

"ဘာ . . . "

"ငါ့ကိုပေးတဲ့ ရည်းစားစာ"

"ဟင် . . . "

ကျွန်တော့်တစ်ကိုယ်လုံး ဘာဖြစ်သွားမှန်းမသိ။ နှလုံးအိမ်နဲ့ နှီးစပ်ရာသွေးကြောတွေ ပြောင်းဆန်ဘောင်ဘင်ခတ်သွားသလိုမျိုး။

"ရည်းစားစာရတာကို နင်ဝမ်းသာနေတာ"

"ဆိုပါတော့"

"ဘယ်သူပေးတာလဲ။ နင်ကကော ပြန်ကြိုက်နေပြီလား"

"ဘယ်သူပေးတာမှန်း မသိဘူး။ အေး . . . သိရင်လည်း ပြန်မကြိုက်ပါဘူး။ ဘယ်အရွယ်က ရည်းစားထားသင့်လဲဆိုတာ မသိပေမယ့် ဒီအရွယ်မှာတော့ မထားသင့်ဘူးလို့ထင်တယ်"

"ဒါ . . . ဒါဆို နင်က ဘာကိုဝမ်းသာတာလဲ"

ကျွန်တော့်အသံတွေ ကတုန်ကရင်ဖြစ်တာ အကြောင်းမဲ့မဟုတ်ရဲ့လား။ သူကတော့ ကျွန်တော့် ရင်တွင်းရင်ပြင်ဖြစ်ပျက်ပုံကို သတိမထားမိ။

"ဟဲ . . . ဟဲ . . . ငါဝမ်းသာနေတာက ဒီလိုဟ"



"အင်း . . . "

"ငါက အခုနှစ်အတွင်း လုပ်သင့်တာတွေကို လုပ်နေရလို့ ကျန်တာတွေကို အာရုံမစိုက်မိတာကြာပြီ။ မပျော်ရတာ မရယ်ရတာလဲကြာပြီ။ ဒီနေ့မှ ဒီရည်းစားစာဖတ်ပြီး အသေရယ်ရတော့တယ်"

ကျွန်တော်ကတော့ အခုထိ မရယ်နိုင်သေး။

"ဒီမှာ ငါဖတ်ပြမယ်"

ဆိုပြီး ဖတ်ပြပါတော့တယ်။ ရယ်စရာစာလုံးလည်း တစ်လုံးမှမကြားမိ။ တစ်ခြမ်းပဲ့လ၊ နှလုံးသားရေအိုင်၊ ကြယ်ရောင်စူးစူးနဲ့ ဖိနပ်ကလေး နင်းမှုန်တွေနဲ့ ချည်နှောင်ထားတဲ့ည၊ မြူပြာပြာရက်စွဲများ စတဲ့စကားလုံးတွေလည်း ပါဝင်ပါတယ်။ အဲ့ဒီစကားလုံးတွေကို သူက ရယ်စရာလို့ သတ်မှတ်ရင်တော့ ကျွန်တော် လက်မခံချင်ဘူး။

"ကောင်းပါတယ်ဟ စာလေးက . . . "

"အေး . . . ကောင်းပါတယ်၊ ရယ်စရာကောင်းတာ။ ဟား . . ဟား . . . "

သူက အားပါးတရကို ရယ်တယ်။ မျက်နှာ ခပ်သုန်သုန်ဖြစ်နေတဲ့ ကျွန်တော့်ကို သူမကြည့်ဘဲ ရယ်နေတာလေ။ ရယ်လို့ဝမှ . . .

"ဘာငိုင်နေတာလဲ ကွိုင်ဖွင့်လေ"

"ဘာ . . . ဘာ . . . ကို . . . "

"မီးဖိုကွိုင်ဖွင့်လို့ပြောတာ။ ဒီစာကို မီးရှို့ရအောင်"

"ဩော် . . . အေး . . . ကောင်းတယ်"

ကျွန်တော် အလျင်အမြန်ပဲ ကွိုင်ဖွင့်ပေးလိုက်မိတယ်။

"ဒီစာကို နုတ်နုတ်နုတ်နုတ်ဖြဲပြီးမှ မီးရှို့ပစ်မယ်"

"ကောင်းတယ်"

ကျွန်တော်ကလည်း ထောက်ခံသည်ပေါ့။ အထဲက စာသားတွေကို အားနာသလိုဖြစ်မိပေမယ့် စင်စင့်ကိုပေးတဲ့ ရည်းစားစာ ဖြစ်နေတာမို့ ကျွန်တော် မကြည်ဖြူမိဘူးလေ။

"ငါ့တစ်ဝက်ပေး"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . "

"နင့်စာကို ငါ့တစ်ဝက်ပေးလို့။ ငါ ကူဖြဲပေးမယ်လေဟာ"

"သြော် . . . အေး . . . ကောင်းတာပေါ့။ ငါတို့နှစ်ယောက် ပျော်ပျော်ပါးပါး ဖြဲပေးလိုက်ရတာပေါ့ဟာ။ ဟေး . . . ဟေး . . . "

'ဟေး . . . ဟေး' တဲ့ အသံကထွက်သေးတယ်။ 'ကွိုင်ရဲရဲတွင်၊ အရှင်လတ်လတ်ကင်၊ သောက်မြင်ကပ်သည်နှင့်လေး' ဆိုပြီး တျာချင်း အချိုလို စာချိုးလိုက်တော့ သူ အတောမသတ်နိုင်အောင် ရယ်ရှာတယ်။

နောက်ပြီး သူပြောသလိုပဲ အဲ့ဒီစာလေးကို 'နုတ်နုတ်နုတ်နုတ်' ဖြစ်ပြီး မီးရှို့ကြပါတော့တယ်။ နှစ်ယောက်တည်းနဲ့ စည်ကားပျော်ရွှင်လို့ပေါ့။ စာပေးတဲ့ကောင်ကတော့ တစ်ညလုံးကြိုးစားပမ်းစား ရေးထားရတာဖြစ်ချင် ဖြစ်မှာပေါ့။ ဒီမှာတော့ သူ့စာကို ယစ်ပူဇော်နေပြီဆိုတာ မသိရှာ။ တွေးရင်းနဲ့ ကျွန်တော် မနေနိုင်တော့။

"ဟား . . . ဟား . . . ဟား . . . "

"ဘာရယ်တာလဲ"

ကျွန်တော် ဝမ်းသာလုံးဆို့နေတာကို သူ မကြည်ပါဘူး။

"သိဘူးဟာ . . . ဒီလိုပဲ ရယ်ဖြစ်သွားတာ"

ကျွန်တော် အဲဒီလိုပြောတော့ သူ ကျွန်တော့်မျက်လုံးတွေရဲ့ ဟိုးနက်နက်ထဲကို အသိတစ်ခုပါပါ စိုက်ကြည့်နေပါတော့တယ်။ တစ်စက္ကန့်၊ နှစ်စက္ကန့် . . . သုံး . . . လေး . . . ငါးစက္ကန့်။

အဲဒီလောက်ကြာတော့မှ သူ့အကြည့်ကို ခပ်ပေါ့ပေါ့လေး လွှဲလိုက်တယ်။

"နင် တော်တော် အူမြူးနေသလိုပဲ"

"အဲ . . . အဟဲ . . . "

သြော် . . . နင့်ကို ငါမဟုတ်တဲ့ တခြားတစ်ယောက်က ပေးတဲ့ ရည်းစားစာကိုဖြဲရတာ မပျော်ဘဲနေပါ့မလား။ စိတ်ထဲက စကားပေမယ့် သူကြားနှင့်နေပြီးသား ဖြစ်ချင်ဖြစ်မှာပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ပျော်တယ်လေ။



ဒါပေမဲ့ အဲဒီအချိန် သူပြန်ပြောလိုက်တဲ့စကားက ကျွန်တော့်အပျော်ကို ခလုတ်တိုက်သွားစေတယ်။

"နေလွင် . . . "

"ဟင် . . . ပြော"

"ငါကတော့ ငါပျံချင်တဲ့ ဟိုးကောင်းကင်ဆိုတဲ့အမြင့်ကို မရောက်ချင်း ဘယ်သူ့မှ ငါစဉ်းစားမှာ မဟုတ်ဘူး။ ငါ အဲဒါတွေ မတွေးချင်ဘူးဟာ"

သူ့စကားက ကျွန်တော့်ကို စည်းတစ်ခုထဲ ဆွဲသွင်းလိုက်တာလား။

အဲဒီနေ့မှာတော့ ကျွန်တော် ပီပီပြင်ပြင်သိခွင့်ရခဲ့တာဟာ သူ့အပေါ်ထားမိတဲ့ သံယောဇဉ်က သူငယ်ချင်းဆိုတဲ့အမည်နဲ့ မလိုက်ဖက်တော့ဘူးဆိုတာပဲ။ တစ်ညလုံးလည်း သူ့မျက်နှာကလေးပဲ တသိမ့်သိမ့်မြင်နေမိတယ်။ ချစ်သူရဲ့မျက်နှာကလေးကို မြင်ယောင်ရတာ ရေခဲအိုင်အလယ်က ကြာဖြူပွင့်ကလေးဆီ သွားရသလိုပဲ။ လှိုက်ဖိုအေးမြ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်သူ့ကို . . .

သေချာတာကတော့ ဘယ်သူပေးမှန်းမသိတဲ့ ရည်းစားစာကို နှစ်ယောက်သား အတူတကွ ဖြဲရတာကိုတော့ ကြည်နူးနေမိတယ်။

အဲဒီကြည်နူးမှုက တစ်ညအိပ်တောင် မပြေယ်ဘူး။ နောက်တစ်နေ့ နံနက်ကျောင်းသွားတော့တောင် စိုးထိုက်ကို ပြောပြမိသေးတယ်။

အဲဒီနံနက်က စိုးထိုက်တစ်ယောက် ကျောင်းနဲ့မနီးမဝေးက အုတ်ခုံဖြူကလေးမှာ ဆေးလိပ်ခိုးသောက်နေရှိန်ပေါ့။ သူဆေးလိပ်သောက်တာတော့ ကျွန်တော် မကြိုက်ပါဘူး။ မကြိုက်တာကို မကြိုက်ကြောင်း ပြောပေမယ့် သူက နားဝင်ပုံမရပါဘူး။

ပြောရဦးမယ်။ စိုးထိုက်ကလည်း လူပျိုပေါက်ဖြစ်ပြီမို့ ရုပ်ကချောင့်လာပြီ။ ကျွန်တော့်နီးနီး ချောလာတယ်။ ဆံပင်ရှည်ရှည်နဲ့၊ နှုတ်ခမ်းမွှေးရေးရေးက အစိမ်းရောင်သမ်းနေသေးတယ်။

"ဟေ့ကောင် . . . စိုးထိုက်"



www.burmeseclassic.com

www.burmeseclassic.com

နောက်ကနေ ကျွန်တော် ပခုံးပုတ်ခေါ်လိုက်တော့ သူလန့်သွားတယ်လေ။ ဒီကောင်နဲ့ကျွန်တော်လည်း စကားမပြောရတာ ကြာပြီ။

စိုးထိုက်ငယ်ငယ်တုန်းကသာ အူကြောင်ကြောင်နိုင်တာ။ ကြီးလာတော့ စကားပြောတာကအစ ခပ်အုပ်အုပ်နဲ့ ခန့်လာတယ်။

"ဘာလဲ . . . ဘာပြောမလို့လဲ။ မျက်နှာက စပ်ဖြီးဖြီးနဲ့"

"အဟဲ . . . မင်းက တော်တော်အကင်းပါးတဲ့ကောင်ပဲ"

လို့ အစချီပြီး ကျွန်တော်နဲ့စင်စင် ဘယ်သူပေးမှန်းမသိတဲ့ ရည်းစားစာကို တပျော်တပါး မီးရှို့လိုက်တဲ့ အကြောင်းကို ရှယ်ပြောပြလိုက်ပါတော့တယ်။

"မင်းတို့ကလည်းကွာ ဘယ်သူပေးမှန်းတော့ အရင်စုံစမ်းဦးမှပေါ့။ ပေးတဲ့ကောင်က မအိပ်မနေ တစ်ညလုံးရေးထားတဲ့စာဆို သနားပါတယ်"

စိုးထိုက်ရဲ့ ကိုယ်ချင်းစာစကားကို ကျွန်တော် နားမဝင်ပါဘူး။ ပျော်နေတာပဲသိတယ်။ စိုးထိုက်က စီးကရက်ဘူးထဲက နောက်တစ်လိပ်ထုတ်ပြီး မီးညှိတယ်။

"ဟေ့ကောင် . . . မင်းကလည်းကွာ လျှော့သောက်ဖို့ စဉ်းစားပါဦး"

"ဟင် . . . "

ခပ်ကျဲကျဲရယ်။ မီးခိုးတွေကို ဝေ့ဝိုက်မှုတ်ထုတ်ပြီးမှ . . .

"ငါက နောက်နေ့ကစပြီး အရက်ပါသောက်ဖို့ စဉ်းစားနေတာ"

"အေး . . . ကောင်းတယ်ကွာ။ ငယ်ငယ်ကလို ငှက်ပစ်ပြီးမြည်းတာပေါ့ကွာ"

ကျွန်တော်က ရွဲ့ပြီးထောက်ခံလိုက်တော့ ဒီကောင် တဟားဟားထရယ်ပါတော့တယ်။ ဒါပေမဲ့ တချို့လူတွေဟာ တချို့အချိန်တွေမှာ မပျော်ရွှင်ပဲနဲ့လည်း ရယ်မောတတ်တယ်ဆိုတာ ကျွန်တော်တွေးမိခဲ့ဖို့ ကောင်းတယ်။



လူသားပြုံးသောအခါ
လောကသည် လူသားကိုချစ်၏။
လူသားရယ်သောအခါမှ
လောကသည်
လူသားကိုကြောက်ရွံ့လာလေတော့၏။

(ရာဘင်ဒြာနတ်တဂိုး)



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်တော် မကြာခဏချီးကျူးရတဲ့ စင်စင့်မှာ သိပ်ညံ့တဲ့အချက်တွေလည်း ရှိပါတယ်။ အထူးသဖြင့် ပေါင်းသင်းဆက်ဆံရေးမှာ သူသိပ်ညံ့ပါတယ်။ သူ့ဘဝတစ်လျှောက် သူငယ်ချင်းတွေကို စစ်တမ်းကောက်ကြည့်ရင် ယွန်းယွန်း၊ စိုးထိုက်နဲ့ ကျွန်တော့်အပြင် ဘယ်သူမှ အပိုမရှိဘူး။ သူကိုယ်တိုင်ကိုက လူအများကြီးနဲ့ ဆက်ဆံရင်းနှီးရတာကို စိတ်ရှုပ်စရာအလုပ်လို့ ထင်ချင်ထင်မှာပေါ့။ နောက်ပြီး သူက သူ့စိမ်းလည်း ကြောက်တတ်တယ်။

အတန်းထဲကလူတွေ တိုးတိုးပြောတာလည်း ကျွန်တော်သတိထားမိသားပဲ။ စင်စင့်ကို ဘဝင်မြင့်နေတာတဲ့။ ကျွန်တော် အဲဒီလိုပြောတဲ့သူတွေကို နားရင်းလိုက်အုပ်ချင်လိုက်တာဗျာ။ ကျွန်တော့်ရှေ့မှာ စင်စင့်အကြောင်း မပြောကြပါနဲ့။

ဆယ်တန်းမှာ ကျွန်တော်မမေ့နိုင်တဲ့ နေ့တစ်နေ့လည်း ရှိခဲ့ပါတယ်။ ကျွန်တော်မှ မဟုတ်ပါဘူး။ စင်စင်၊ ယွန်းယွန်းနဲ့ စိုးထိုက်လည်း မေ့လိမ့်မယ်မထင်ဘူး။ အဲဒီနေ့က ကျွန်တော်တို့အားလုံး ကိုယ့်အကြောင်းနဲ့ကိုယ် ဆရာရိုက်တာ ခံကြရပါတယ်။ (စိတ်ပျက်စရာကောင်းတဲ့ တိုက်ဆိုင်မှုတစ်ခုလို့လည်း ထင်နိုင်ကြပါတယ်။)



ကျွန်တော်အရိုက်ခံရတဲ့ အကြောင်းကတော့ ရှင်းပါတယ်။ ကျောင်းနောက်ကျလို့ပါ။

ကျွန်တော် အတန်းထဲဝင်တော့ အခန်းရှေ့မှာ စင်စင်၊ ယွန်းယွန်းနဲ့ စိုးထိုက်တို့ မတ်တတ်ရပ်နေတာကို တွေ့ရပါတယ်။ ဆရာတွေကလည်း ဒေါသကိုထွက်လို့။ ကျောင်းအုပ်ဆရာကြီးကိုယ်တိုင်တောင် အခန်းထဲရောက်နေပါတယ်။

"ဟေ့ကောင် . . . မင်းဘာလို့ နောက်ကျနေတာလဲ"

"အိပ်ရာထ နောက်ကျသွားလို့ပါ ဆရာ"

"ဆယ်တန်းကျောင်းသားလုပ်ပြီး ပေါ့ပျက်ပျက်နဲ့"

'ဘာတွေဖြစ်ကြတာလဲ'။ နံဘေးက အတူတွဲထိုင်တဲ့ ကျော်မင်းသိန်းဆိုတဲ့ဘော်ဒါကို မေးကြည့်ရတယ်။ ကျော်မင်းသိန်းက လေသံသဲ့သဲ့နဲ့ ပြောပြတယ်။

"စိုးထိုက်က အရက်မူးနေတာကွ။ စင်စင်နဲ့ ယွန်းယွန်းကတော့ ရန်ဖြစ်စကားများကြတာတဲ့။ ငါလည်း တွေ့တော့မတွေ့လိုက်ရဘူး"

စိုးထိုက် အရက်သောက်တာဆိုတော့ မထူးဆန်းပေမယ့် အခုလို ဆရာတွေမိသွားတာကိုတော့ စိတ်မကောင်း။ စင်စင်နဲ့ ယွန်းယွန်းရဲ့ အဖြစ်ကိုတော့ ကျွန်တော် အံ့သြရတယ်။

သူတို့ ငယ်ငယ်ကတည်းက အတူတွဲခဲ့ကြတဲ့ သူငယ်ချင်းတွေလေ။ အကြောင်းသိတွေပဲ။ စင်စင်ကလည်း စွာသလိုရှိပေမယ့် သူတစ်ပါးကို နစ်နာလိုစိတ်မရှိပါဘူး။ ယွန်းယွန်းကတော့ အမြဲသိမ်မွေ့သည်းခံနိုင်စွမ်းခဲ့သူ။ ဒါဆို အခု ဘယ်လိုဖြစ်ကြတာလဲ။

ငြိမ်နေတဲ့ တစ်ခန်းလုံးနဲ့ရောပြီး အဖြစ်အပျက်ကို နားထောင်လိုက်ရတယ်။ သူတို့မျက်နှာတွေကို သေသေချာချာ အကဲခတ်ကြည့်တော့ စင်စင်က တည်တည်ပဲ။ ယွန်းယွန်းကတော့ အံကြိတ်ထားတယ်။ နာကြည်းမှုတွေနဲ့ ပြည့်သိပ်နေတဲ့ပုံမျိုး။ စင်စင်နဲ့ယွန်းယွန်းကိုလည်း ရိုက်နက်ဆုံးမပြီး ပြန်လွှတ်လိုက်တယ်။

နောက်ဆုံးကျန်ခဲ့သူက စိုးထိုက်။



www.burmeseclassic.com

www.burmeseclassic.com

မျက်ခွံဝပ်ဝပ်တွေနဲ့ ကျောက်သင်ပုန်းကို ကျောမှီထားတဲ့ စိုးထိုက်။ မြင်ရတာ ပင်ပန်းစရာ၊ ကျောင်းအုပ်ဆရာကြီးက ဒေါသတွေနဲ့ ပွက်ပွက်ဆူနေတယ်။

"တောက် . . . ဟောကောင် . . . မင်း မတ်တတ်ရပ်စမ်း"

ကျောင်းအုပ်ဆရာကြီးရဲ့အသံကို ကြားရတာ တစ်ခန်းလုံး ကြက်သီးထမိတယ်။ စိုးထိုက်က ယိုင်နွဲ့နွဲ့ပြင်ရပ်တယ်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ သောက်အရည်တွေက မျိုတတ်နေပြီ။ မင်းကျောင်းသားဆိုတာ နားလည်လား။ ငါ . . . "

တချို့ကျောင်းသူတွေက မကြည့်ရဲ့၊ ခေါင်းငုံ့ထားကြတယ်။ စိုးထိုက်ရဲ့ဆံပင်ရှည်ရှည်တွေက သူ့မျက်လုံးတစ်ဖက်ကို ဖရိုဖရဲ ဖုံးနေပြီ။

"ငါ့ကျောင်းမှာ ဒါမျိုးမရှိရဘူး။ မင်းကို ငါ ကျောင်းထုတ်မယ်"

တစ်ခန်းလုံး ကျက်ကျက်စီသွားသည်။ ကျွန်တော်လည်း ရင်တဒိတ်ဒိတ်နဲ့ စိတ်ပူနေသည်။

"ခွင့်လွှတ်ပါ . . . ဆရာကြီးရယ်။ နောက်တစ်ခါ မဖြစ်စေရပါဘူး"

"စည်းကမ်းက စည်းကမ်းပဲကွ"

"ကျွန်တော် ကျောင်းကလေးပြီးအောင် တက်ပါရစေ"

ကိုယ့်ရှေ့မှာ အဆွေးပြဇာတ် လာရိုက်နေသလိုပဲ။ မြင်ရရုံနဲ့ ဝမ်းနည်းမိတယ်။ နောက်တော့ စိုးထိုက်မိဘတွေကို ခေါ်တယ်။ ကံကောင်းပါတယ်။ ကျောင်းအုပ်ဆရာကြီးက စိတ်လျှော့ပြီး ကျောင်းမထုတ်လို့။

အဲဒီနေ့က ကျောင်းမှာ နေက အရမ်းပူတယ်။ အခန်းထဲက ကျောင်းသူကျောင်းသားတွေကလည်း စာထဲ စိတ်မဝင်စားကြသလိုပဲ။ မြင် မြင်သမျှ အရာဝတ္ထုတွေဟာလည်း ခြောက်သွေ့။ ပြက္ခဒိန်တိုင်းမှာ ပြဿဒါးကိုလည်း တွေ့တယ်။



"ယွန်းယွန်း . . . နင်တို့ ဘယ်လိုဖြစ်ကြတာလဲ"

"နေလွင်ရာ . . . "

နှုတ်ခမ်းကိုက်ပြီး ဆက်မပြောရဲတော့က နာကျင်မှုနဲ့ သိမ်ငယ်နေတဲ့ သူ့မျက်နှာ။

"နင်ပြောမှ ငါကသိမှာပေါ့ဟ"

"အေး . . . ပြောမှာပါ။ ဘယ်ကစပြောရမလဲလို့ စဉ်းစားနေတာ"

ပန်းနီနီတစ်ပွင့်ပေါ်မှာ အင်းဆက်တစ်ကောင်က ခုန်ဆွခုန်ဆွလုပ်နေတယ်။ မိုးပေါ်မှာတော့ တိမ်တွေက တောင့်တောင့်ကြီးရွေ့လျားနေတယ်။ ကျွန်တော် စိတ်မသက်မသာ သူပြောမယ့်စကားကို စောင့်နေမိတယ်။

"စင်စင်က အရင်ကလို မဟုတ်တော့ဘူး။ ပြောရရင်တော့ စင်စင့်မိဘဆွေပုံက ငါတို့အပေါ် အရမ်းရိုင်းတယ်ဟ။ သူစိမ်းနဲ့ဆို တော်သေး။ ခုသူနဲ့က အခုမှပေါင်းတာလည်း မဟုတ်ဘူး။ ကျောင်းနေ အိမ်နေ တူတူပေါင်းလာတဲ့ ငယ်ပေါင်းနေ"

"ဟုတ်ပါတယ်"

"အေး . . . ဟိုတစ်နေ့က စင်စင်နဲ့ ရှေ့ခုံက မြင့်မာလာနဲ့ ရန်ဖြစ်ကြများတာကော သိလား"

"ဟင့်အင်း . . . မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ငါပြောပြမယ်။ မြင့်မာလာက ဟိုဖီးဆစ်ပုစ္ဆာလား မသိဘူး။ သိပ်မရှင်းလို့ စင်စင့်ကိုမေးတာ။ အဲဒါကို စင်စင်က ငါ့မအား ဘူး၊ ကိုယ့်ဘာသာကိုယ်လုပ်လို့ ပြောတယ်တဲ့"

"အေး . . . နင်တို့ဖြစ်တဲ့ကိစ္စပဲပြောပါ"

"ငါတို့ကိစ္စလည်း အဲဒီအတိုင်းပဲဟာ။ ငါ ဟိုတစ်နေ့က နေမ ကောင်းလို့ ကျောင်းမလာတုန်းက သင်တဲ့စာတွေကိုမေးတာကို ငါမအား ဘူးတဲ့။ အဲ့ဒီလို ဖြေတယ်။ ဒါပေမဲ့ နင်သိပါတယ်။ ငါ သူ့အပေါ် သည်းခံ တယ်ဆိုတာ သူတကယ်မအားလို့ပဲ နေမှာဆိုပြီး နောက်မှသွားမေးတယ်။

အဲဒီတော့လည်း သူက ဘာပြောတယ်အောက်မေ့လဲ၊ ယွန်းယွန်း တဲ့ ငါ့ကို မနှောင့်ယှက်နဲ့ဟာတဲ့ ငါအပိုချိန်တွေ မကုန်ချင်ဘူးတဲ့။

ငါ ထောင်းခနဲ ဖြစ်သွားတာပေါ့ဟာ။ ငါကနင့်ကို ဘာနှောင့် ယှက်နေလို့လဲလို့ ငါအော်ဟစ်လိုက်မယ်။ စင်စင်က ငါစာလုပ်နေတဲ့ အချိန် လာပတ်သက်ရင် နှောင့်ယှက်တာပဲတဲ့။ အဲဒါနဲ့ ငါလည်း ပြော ပြောရာတွေ အော်မိတော့တာပဲ။ ငါတကယ် စိတ်တိုတယ်ဟာ။ ပြီးတော့ ဝမ်းလည်း နည်းတယ်"

ယွန်းယွန်း ငိုပါတယ်။ ယွန်းယွန်းရဲ့မျက်ရည်တွေကို ကြည့်ပြီး စင့်စင့်အပေါ်ထားတဲ့ ယွန်းယွန်းရဲ့သံယောဇဉ်ကို ကျွန်တော် နားလည် မိတယ်။

ကျွန်တော်လည်း ပင့်သက်အရှည်ကြီးကို ဆွဲချလိုက်ရတယ်။ ကျွန်တော့်စိတ်နဲ့ဓာတ်ပြုပြီး အောက်စီဂျင်တွေ ပူလောင်နေတယ်။

"နင်တို့ကိစ္စကလည်း ဘာမဟုတ်တာလေးနဲ့"

"နင်ကတော့ ဆေးကနေ ဘာမဟုတ်တာလေးလို့ ထင်မှာပေါ့။ ငါကတော့ မကျေဘူး။ ငါ့မှာလည်း ဦးနှောက်ရှိတာပဲ။ သူ့လိုလုပ်နိုင် တာပဲ"

"နင်တို့ကဟာ စိတ်လျှော့ပြီး ရှင်းယူရမှာပေါ့"

ယွန်းယွန်း ဘာမှဆက်မပြောတော့ပါ။ တော်တော်လေးကြာမှ ကျွန်တော်လည်း နှုတ်ဆက်ပြီး ပြန်လာခဲ့တယ်။ ခြေလှမ်းတွေကို ထိန်းချုပ်



ပါသေးတယ်။ ဆရာဝန်ဝတ်စုံနဲ့ ဥပဒိရုပ်ကောင်းကောင်းလူကြီး။ စင်စင့် အဖေရဲ့ပုံပါ။ အခု ပြည်ပဘယ်နိုင်ငံမှာ ဆိုလားပဲ။

"နေလွင် . . . ဘာကိစ္စလဲ"

မျက်နှာချင်းဆိုင် ဆိုဖာခုံပေါ်ဝင်ထိုင်ရင်း ခပ်ပြတ်ပြတ် ပြော လာတယ်။ တစ်ဖက်သား စိတ်ပျက်လာအောင် စကားကိုလွှတ်ခနဲ ပေါ့ပေါ့ ပြောတဲ့ပညာကို အခုနှစ်တွေအတွင်းမှာ စင်စင် သိပ်ကျွမ်းခဲ့ပြီပဲ။

ကျွန်တော်လည်း အသေးစိတ်မခံစားချင်တော့ဘူး။ လိုရင်းပဲ..

"နင်နဲ့ ယွန်းယွန်း . . . "

"ဆော်ရီးပဲဟာ . . . ငါ သင်္ချာတွက်ဖို့ အချိန်ရောက်ပြီ"

"နင်တာလား"

ကျွန်တော့်စကားသံမှာဖို့ အကြောင်းပြချက် လုံလောက်ပါတယ် နော်။ သူမျက်နှာချင်းဆိုင်ပဲ ပြတင်းပေါက်ဘက် အကြည့်လွှဲထားတယ်။ ဒါလည်း ဖြစ်သင့်ပါတယ်။

"ကောင်းပြီလေ . . . ဒါဆို ငါပြန်မယ်"

ခပ်ဆတ်ဆတ်ပြောပြီး ကျွန်တော်ထလိုက်တယ်။ ကျောခိုင်း လှည့်ထွက်ပြီး တံခါးဝလောက်ရောက်မှ သူ့ခေါ်သံကိုကြားမိတယ်။

"နေလွင် . . . "

ပြန်မထူးဖြစ်။ ရွေ့နေတဲ့ခြေလှမ်းတွေကို ရပ်တန့်ရင်းသာ အသိ အမှတ်ပြုဖြစ်ခဲ့။ သူကပဲ ဆက်ပြောတယ်။

"စိုးထိုက် ဘာလို့ အရက်သောက်တာလဲ"

"ငါမသိဘူး"

ဖြေအပြီးမှာပဲ ကျွန်တော် ထွက်လာခဲ့ပါတယ်။

တကယ်တော့ စိုးထိုက် ဘာလို့အရက်သောက်တာမှန်းလည်း ကျွန်တော်လည်း မသိနေပါဘူး။

လမ်းမှာ စိုးထိုက်နဲ့တွေ့မလား ရှာပါသေးတယ်။ မတွေ့ဘူး။ သူ့အိမ်သွားကြည့်တော့လည်း မတွေ့ဘူး။

အမည်မဖော်နိုင်ဘဲ ခံစားချက်တွေနဲ့ တော်တော်ကောင်းပြီးတော်



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့တယ်။ ကြယ်တွေကြည့်ပြီး လေချွန်မိတာတောင် ရင်ဘတ်က မပြေ
မြဘူး။ အဲဒီညက အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ကျွန်တော်ရယ်၊
စိုးထိုက်ရယ်၊ စင်စင်နဲ့ ယွန်းယွန်းရယ်၊ ကော်ဇောပျံကြီးကို စီးပြီးတော့
လေ၊ မြို့တွေရဲ့ ခေါင်မိုးတွေကနေ ပျံသန်းကြတယ်။ အမြင့်ကြီး အဝေး
ကြီး ပျော်စရာကြီး၊ ရေခဲမုန့်တွေကို စားပြီးတော့လေ။

အိပ်မက်ကနိုးလာတော့ ကလေးဘဝကို ပြန်သတိရမိတယ်။ သတ္တရာဇ်တွေဟာ မီးတောက်တွေကို သူရင်အုံထဲပစ်လိုက်ပြီး စိုက်ပျိုးတယ်။ ဒီအချိန်တမ်းတမိတာကတော့ ဘာမှမရှိတဲ့ဘုံကို အပြီးအပိုင် ရောက်ရှိချင်တာပဲ။



အဲဒီနောက် ဘာတွေဘယ်လို ဆက်ဖြစ်ကြမလဲ။

ဖြစ်သင့်တာရယ်၊ ဖြစ်တတ်တာထက်တော့ ပိုမဖြစ်ခဲ့ပါဘူး။

ယွန်းယွန်းကိုတော့ အရင်ကထက် စာပိုကြိုးစားလာတယ်လို့ မြင်ကြတယ်။ ပတ်ဝန်းကျင်ဆိုတာကိုလည်း ရယ်ချင်ပါတယ်။ သူ့ဘာသာ သူ မိုးသည်းပြီးနေပူလာတာကို နေနတ်မင်းနဲ့ မိုးနတ်မင်း စစ်မက်ပြိုင် နေတာလို့ ဆိုချင်ကြတယ်။

အခုလည်း စင်စင်နဲ့ယွန်းယွန်းကို ပြိုင်နေကြတာတဲ့။ အောင် စာရင်းထွက်ရင် ဘယ်သူပိုသာမလဲဆိုပြီး စောင့်ကြည့်ကြသေးသတဲ့။ ငယ်ငယ်က ရေခဲမုန့်အတူစားပြီး လမ်းအတူလျှောက်ခဲ့တဲ့ သူငယ်ချင်း နှစ်ယောက်ဟာ အခုတော့ တခြားသူတွေကတောင် စောင့်ကြည့်နေကြ ရတဲ့ ပြိုင်ပွဲတစ်ခုလို ဖြစ်လာခဲ့ပြီလား။

သူတို့နှစ်ယောက်ဟာ ကမ်းပါးကြီးနှစ်ခုနဲ့လည်း တူကြတယ်။ ဒါပေမဲ့ တံတားကျိုးကြီးတစ်စင်းလည်း ရှိနေတယ်။

ကျွန်တော်ကတော့ အခွင့်အရေးရတိုင်း သူတို့နှစ်ဦးကြားက ဖြတ်နေတဲ့ တံတားကြီးကို ကြိုးစားခဲ့ပါတယ်။

ယွန်းယွန်းကတော့ . . .

"နေလွင် . . . နင်ကြားကဝင်ပြီး အပင်ပန်းမခံနဲ့။ ငါစင်စင့် အကြောင်း မကြားချင်ဘူး။ နာမည်ကို မကြားချင်တာဟာ"

သူခံစားရတဲ့အတိုင်းအတာကို မသိပေမယ့် ကျွန်တော် စာနာ ကြတယ်။ သူ အထိုက်အလျောက်ဆက် နာကြည်းနေဦးမှာပါ။

စင်စင်ကတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတွေ ငါစိတ်မဝင်စားဘူး . . . နေလွင်။ သူမှန်းတာချစ်တာမှာ ငါနေထိုင်မှာ မဟုတ်ဘူး။ ငါ့ဘာသာ ငါဖြစ်ချင်တဲ့ပုံစံကို လုပ်မယ်။ ငါ့ဘဝ ငါပဲမောင်းနှင်မယ်ဟာ။ ကဲ . . . အချိန်တွေအများကြီး ဖြုန်းပြီးပြီ။ ငါစာကြည့်တော့မယ်။ နင်လည်း . . ."

အဲဒီလိုနဲ့ပဲ ကျွန်တော် လှည့်ပြန်ခဲ့ရပါတယ်။

စိုးထိုက်နဲ့လည်း တွေ့ခဲလှပါတယ်။ တွေ့လိုက်ရင်လည်း မူးနေတာချည်းပဲ။ ဒီကောင်က ဟိုဘက်ရပ်ကွက်က ကျော်ကြီးတို့နဲ့လည်း တတွဲတွဲလေ။ အဲဒီလို အပေါင်းအသင်းမှားတာလည်း ဆိုးတယ်။ ကြုံတိုင်း ကျွန်တော် တရားဟောပါတယ်။ ထင်မထားပါဘူး။ စိုးထိုက်မှာလည်း ဝင်လာတဲ့ဆုံးမစကားတွေကို ဆန်ပြောဖို့ ဒဿနတွေရှိနေတတ်ပြီ။

တစ်ခါတလေ 'ဟ . . . ဟ' ဆိုပြီး မခိုးမခန့်ရယ်တတ်ပုံက အဖတ်ဆယ်ခွင့်မရှိတော့တဲ့ (ဘုရားသခင်ကိုယ်တိုင်က ပြင်ဆင်ခွင့်မပေးနိုင်တော့တဲ့) တေလေတစ်ယောက်ရဲ့အသံနဲ့ သိပ်တူတာပဲ။

"မင်းဖြစ်ချင်တာကို ငါနားလည်ပါတယ်။ စင်စင်နဲ့ယွန်းယွန်းကို အရင်လို နွေးနွေးထွေးထွေး ဖြစ်စေချင်တယ်။ ပြီးတော့ ငါ့ကိုလည်း အရက်သမားဘဝကလွတ်ပြီး အရင်လို ရိုးရိုးသားသားဖြစ်စေချင်တယ်။ ဟုတ်တယ်မို့လား။

နေလွင် . . . မင်းက တကယ်တော့ ကလေးဘဝကို မမေ့နိုင်သေးတာပဲ။ စင်ကြယ်လွန်းတဲ့ တွေးခေါ်မှု၊ လွတ်လပ်တဲ့ ရယ်မောသံအားလုံးကို မင်းတမ်းတနေတာပဲ။ အဲဒီလိုကလေးဘဝတွေကို ပြန်တမ်းတနေတာကိုက ကလေးဆန်နေတာပဲလို့ကော မင်းမထင်ဘူးလား"

စိုးထိုက်စကားတွေက တစ်စိတ်တစ်ပိုင်းမှန်နေတော့ ကျွန်တော် ဘာမှ ပြန်မပြောနိုင်ခဲ့ဘူး။ သူက ဆက်ပြောတယ်။ (သူကမှ ကျွန်တော့်ကို တရားဟောတဲ့ပုံ ပေါက်နေသေးတယ်)

"သူငယ်ချင်း . . . မင်း စကားတစ်ခွန်း ကြားဖူးမှာပေါ့။ လူတွေက ကိုယ့်သမိုင်းကို ကိုယ်တိုင်ရေးကြရတယ်တဲ့။ သမိုင်းကော၊ ပစ္စုပ္ပန်ရော၊ အနာဂတ်ရော ကိုယ်တိုင်လည်းရေးရတာပဲ။ အခု ငါ့ဘဝသမိုင်းတို့ ငါကိုယ်တိုင်ရေးနေတာပါ။

ဘာလို့ အရက်နဲ့မှ ကိုယ့်ဘဝကိုရေးရတာလဲလို့ မင်းမေးချင်မှာပဲ။ ငါ့ဘဝက ခါးတယ်။ အေး . . . အဲဒီလိုပဲ အရက်ကလည်း ခါးတယ်။ ခါးနေတဲ့ငါ့ဘဝကို ခါးနေတဲ့အရက်နဲ့ရေးတာ မှားတယ်လို့ ငါမထင်တော့ဘူး"

"မင်းဘဝက ဘာဖြစ်နေလို့လဲ"

ကျွန်တော် အားမလိုအားမရမေးတော့ ဒီကောင်ခေါင်းယမ်းတယ်။

"ငါ့ဘဝ . . ."

ဆက်မပြောပါ။ အနီးနားမှာ အရက်ခွက်ရှိရင်တော့ ဆွဲမော့ပစ်နိုင်ကောင်းပါရဲ့။ ပြီးမှ တစိမ့်စိမ့်ထွက်လာတဲ့ သူ့ဝါကျက . . .

"ငါ့ဘဝက ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး"

• • •

ဒီလိုနဲ့ပဲ စာမေးပွဲတွေဖြေပြီးလို့ အောင်စာရင်းတွေ ထွက်လာပါပြီ။ အများစိတ်ဝင်စားနေတဲ့ စင်စင်နဲ့ ယွန်းယွန်းရဲ့ အရည်အချင်းကိုလည်း အဖြေက ပြောပြခဲ့ပါတယ်။ စင်စင် ဘာသာစုံဂုဏ်ထူးနဲ့ အောင်တယ်။ ယွန်းယွန်းကတော့ အင်္ဂလိပ်နဲ့ မြန်မာ ဂုဏ်ထူးမပါဘူး။

ကျွန်တော်လည်း သာမန်ပဲ အောင်ပါတယ်။ အင်း . . . အားလုံးထင်တဲ့အတိုင်းပါပဲ။ စိုးထိုက်ကျတယ်။ လူတွေ တကျိတ်ကျိတ်တိုးနေတဲ့ အောင်စာရင်းကြည့်တဲ့နေရာကနေ ထိုးထွက်လာတော့ အရင်ဆုံးတွေ့တာ စိုးထိုက်ကိုပါ။

စိုးထိုက်မျက်နှာကတော့ စာမေးပွဲကျလို့ ဘာမှခံစားရပုံမပေါ်ဘူး။ အစီခံနားကပ်နေတဲ့ စီးကရက်ကို ခပ်ပြင်းပြင်းရှိုက်လိုက်ပြီး သာမန်အထားနဲ့ပဲ မြေပြင်ပေါ် ပစ်ချလိုက်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

အကယ်၍သာ စိုးထိုက်က ဒီနေရာမှာ ဝမ်းနည်းခံစားနေရရင် ကျွန်တော် သူ့ကို နှစ်သိမ့်မှာပေါ့၊ အားပေးမှာပေါ့။ ဒါပေမဲ့ အခုမြင်နေရ တဲ့ပုံက စာမေးပွဲကျရှုံးမှုက ဘာမှသူ့အတွက် အရေးမပါတဲ့ပုံ ဖြစ်နေ တော့ ကျွန်တော်လည်း ဘယ်ကစပြီး ပြောရမှန်းမသိ ဖြစ်နေတယ်။

အင်း . . . မဆက်ဆံတာကြာလို့ စကားပြောခက်နေတာလည်း ဖြစ်မှာပါ။

"လာကွာ . . . လက်ဖက်ရည် သွားသောက်ရအောင်"

စိုးထိုက်က အရင်ဖိတ်မန္တကပြုတော့ ကျွန်တော် ခေါင်းညိတ် ပြလိုက်တယ်။ ဒါပေမဲ့ စကားတစ်ခွန်းတော့ သတိပေးတာဆန်ဆန်ပြော မိသေးတယ်။

"အေး . . . သွားတာပေါ့။ ဒါပေမဲ့ ငါ့စီးကရက်ဖွေ့တွေ မခံ နိုင်ဘူးနော်"

စိုးထိုက်က ပြုံးတယ်။ ခေါင်းကိုယမ်းလို့ ဆံပင်ကိုသပ်တင်ပြ ရှေ့က လျှောက်သွားတယ်။

လက်ဖက်ရည်ဆိုရောက်တော့ ကျွန်တော်က ကော်ဖီတစ်ခွက် မှာလိုက်တယ်။ စိုးထိုက်ကတော့ ကျွန်တော့်လိုပဲ ကော်ဖီလိုက်သော တယ်။ အတန်ကြာတဲ့ထိအောင် စကားတွေ ပြောမဖြစ်ကြဘူး။ လ ဖက်ရည်ဆိုင်အပြင်ဘက်က အောင်စာရင်းသွားကြည့်တဲ့သူတွေ၊ ကြ ပြီးပြန်လာတဲ့သူတွေကို ကြည့်နေဖြစ်နေတယ်။

"မင်း ဘာဆက်လုပ်မလဲ"

စိုးထိုက်က ကျွန်တော့်ကို မေးတယ်။ တကယ်ဆို ကျွန်တော် က သူ့ကို ပိုပြီးမေးသင့်တဲ့ မေးခွန်းလို့ထင်တယ်။ "မင်းဘာဆက်လုပ် မှာလဲ။ စာမေးပွဲဆက်ဖြေမှာလား၊ ငါစာတွေ ကူပြပေးရမလား" စသဖြ ပေါ့။

ဒါပေမဲ့ အတိုင်းအတာတစ်ခုအထိ ပြောင်းပြောင်းလဲလဲ ထူ ဆန်းသွားတဲ့သူကို ကျွန်တော်မမေးဖြစ်ခဲ့ပါဘူး။ သူ့အမေးကို ဖြေလို တယ်။



"ငါကတော့ သာမန်အောင်တာဆိုတော့ အမှတ်လည်း မကောင်း လောက်ဘူး။ သာမန်တက္ကသိုလ်ပဲ တက်ရမှာပေါ့ကွ"

"ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်"

ပြောပြီး စိုးထိုက်က သူ့နှုတ်ခမ်းညိုတွေကို လက်ချောင်းကလေး တွေနဲ့ ပွတ်နေတယ်။ ဆေးလိပ်သောက်ချင်နေလားမသိ။

အဲ့ဒီအချိန် ယွန်းယွန်း ဆိုင်ထဲဝင်လာတာကို တွေ့လိုက်ရတယ်။ သူ စင်စင့်ကို စိတ်ဆိုးနေတာမလား။ ပွဲအပြီးမှာ စင်စင်က သူ့ထက် သာသွားတယ်လေ။ ယွန်းယွန်းက ခပ်သွက်သွက်ပဲ ခုံတစ်ခုံကို ဆွဲယူ ထိုင်တယ်။

"တောက် . . . နင့်ကို ငါစိတ်ဆိုးတယ် စိုးထိုက်"

စိုးထိုက်က ရယ်ကျဲကျဲလုပ်တယ်။

"ငါနင့်ကို ဘာလုပ်လို့လဲ"

"ငါ့ကိုတော့ ဘာမှမလုပ်ဘူး။ ဒါပေမဲ့ နင်က ကိုယ့်ဘဝကိုယ် သုတ်နေတာ။ ငယ်ငယ်တုန်းက သူငယ်ချင်းတွေကြည့်စမ်း။ ငါ၊ စင်စင်၊ ဘိုကောင်နေလွင်ရယ်၊ နင်ရယ် . . . အခု နင်တစ်ယောက်တည်းကျတာ ငါတို့က ဘယ်စိတ်ကောင်းပါ့မလဲ"

ကျွန်တော်က ပြောမထွက်လို့ မပြောခဲ့တာ။ အခု ယွန်းယွန်း က ပြောနေပြီဆိုတော့ ကျွန်တော်ပါ တစ်တပ်တစ်အား ဝင်ပြောပါတော့ တယ်။

"ငါတို့ကသာ စိတ်မကောင်းဖြစ်နေရတာ ဒီကောင်က ဘာမှ ခံစားရတာ မဟုတ်ပါဘူးဟာ"

ကျွန်တော် အဲဒီစကားပြောနေစဉ်မှာပဲ စိုးထိုက်က ခေါင်းကို လေးတွဲ့တွဲ့ယမ်းနေတယ်။ သက်ပြင်းကလေးကို ဖွဖွချပြီး . . .

"ဓားဒဏ်ရာတစ်ခုကို နှစ်ရှည်လများ ခံစားခဲ့ရတဲ့ကောင်က ဒီလို ဆူးစူးတာလေးအတွက်ကြောင့်တော့ 'အား' လို့ မအော်ချင်တော့ဘူးကွ"

စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားတယ်။ အကြောင်းမဲ့ တိတ် ဆိတ်။ တိတ်ဆိတ်ခြင်းထဲမှာ စကားလုံးများ ခုန်ပျံဆူညံနေတယ်။ ထိုထွ



www.burmeseclassic.com

www.burmeseclassic.com

အတွေးနဲ့ကိုယ် ငြိမ်သက်နေကြတယ်။ မမြင်နိုင်တဲ့နေရာက အိမ်မြှောင်တစ်ကောင်ရဲ့ စုတ်ထိုးသံကြားရမှ စကားဝိုင်းက အဆက်အစပ်မရှိတဲ့နေရာက ပြန်စတင်သက်ရှိလာတယ်။

"ငါ ဒီဘောပင်ကုန်ရင် ဒိုင်ယာရီ မရေးတော့ဘူး"

စိုးထိုက်က သူ့ရဲ့ မင်ကုန်ခါနီးဘောပင်ကလေးကို ထောင်ပြတယ်။ သာမန် (Reynolds) ဘောပင်လေးပါ။ သူ့စကားက သိပ်စိတ်ဝင်စားစရာမကောင်း။

"ငါကတော့ စင်စင့်ကို ချီးကျူးတယ်"

ယွန်းယွန်းက ပြောလာတာပါ။ သူကပဲ စိတ်လိုလက်ရ ဆက်ပြောလာတယ်။

"စင်စင်က သိပ်တော်တယ်ဟ"

ကျွန်တော် ယွန်းယွန်းကို အံ့သြစွာကြည့်မိတယ်။

"နင် စင်စင့်ကို မုန်းနေတာမို့လား"

ကျွန်တော့်မေးခွန်းကိုကြားတော့ ယွန်းယွန်း မျက်နှာကလေးကြည်လင်သွားတယ်။ အဖြူကိုမြင်သွားတဲ့ တဒင်္ဂမှောင်ဖူးတဲ့ လူတစ်ယောက်လို။

"ငါ စင်စင့်ကို မမုန်းပါဘူးဟာ။ သနားတောင် သနားသေးတယ်။ ဟိုတစ်နေ့က သူ့အမေအန်တီဝါနဲ့ ငါ စကားတွေ အများကြီးပြောဖြစ်တယ်။ အဲ့ဒီတော့မှ ငါသူ့အပေါ် ပြန်နားလည်မိတယ်"

"သူ့အမေနဲ့ ဘာတွေပြောတာလဲ"

"သြော် . . . "

ပြောမည်ပြုပြီးမှ ရေနွေးဓာတ်ဘူးကိုမကာ ရေနွေးခွက်ကလေးထဲ 'ပလုပ် . . . ပလုပ်' မြည်သံနဲ့ အမြုပ်ထအောင် ငှဲ့လိုက်သေးတယ်။ ပြီးမှ . . .

"ဒီလိုပါပဲ။ ရောက်တတ်ရာရာပေါ့"

"အင်း . . . ကျေးဇူးပဲ"

ကျွန်တော် ယွန်းယွန်းကို ကျေးဇူးတင်မိတယ်လေ။ စင်စင့်ကို



[illegible]လို့ပါ။ ကျွန်တော်က တိုးတိုးဖွဖွ ရေရွတ်သလို ပြောမိတာကို သူတို့ကြားပါဘူး။ ယွန်းယွန်းကပဲ စကားတွေ ဆက်ပြောလာပါတယ်။

"စင်စင်က သိပ်ကြိုးစားခဲ့တာဟ။ သူ့ကြိုးစားမှုဟာ သူငယ်ချင်းတွေဖြစ်တဲ့ ငါတို့ကို ချန်ထားခဲ့သလို ဖြစ်သွားတာပေါ့ဟာ"

"မဟုတ်ဘူး"

ယွန်းယွန်းရဲ့စကားကို ငြိမ်နေရာမှ စိုးထိုက်က ဝင်ငြင်းလိုက်တယ်။

"ငါတို့က စင်စင့်ရဲ့သူငယ်ချင်း မဖြစ်နိုင်ဘူး။ စင်စင့်ရဲ့သူငယ်ချင်းက ကောင်းကင်ပဲဖြစ်ရမယ်။ ဟိုး . . . မိုးကောင်းကင်ပဲ"

အရူးတစ်ယောက်လို ကောင်းကင်ကိုလည်း လက်ညှိုးထိုးပြသေးတယ်။

"အဲဒီကောင်းကင်ထဲမှာ ဘကြီးအောင်ရဲ့တူ ဆရာဝန်လိုမျိုးဘဝတွေရှိတယ်။ စင်စင်ဟာ အဲဒီကို ရောက်အောင်သွားမယ့်လူတစ်ယောက်ပဲ"

ဒီစကားလုံးတွေဟာ စပျစ်သီးတွေဆိုရင် စိုးထိုက်ရင်ထဲမှာ မှိုင်းခဲ့နေလောက်ပြီ။ စိုးထိုက်ပြောနေတာက နှစ်ပေါင်းများစွာက မျိုသိပ်မြှုပ်နှံထားတဲ့ အသံတွေနဲ့လေ။

ကျွန်တော်လည်း စိုးထိုက်စကားတွေကို တိတ်တဆိတ် ထောက်ခံလိုက်ပါတယ်။ နောက်မှ အေးရာအေးကြောင်းစကားတွေ ရှာပြောဖြစ်ကြတယ်။

"ယွန်းယွန်း . . . နင်ဆေးကျောင်းတက်မှာပေါ့"

"ဟာ . . . လေးဘာသာပဲထွက်တာ၊ သိပ်မသေချာသေးဘူးဟ။ အမှတ်စာရင်းကြည့်ရဦးမှာပေါ့။ အမှတ်မီရင်တော့ ဂျူတီကုတ်လေးဝတ်မှာပေါ့ဟယ်"

"ငါကတော့ ရရာမေဂျာလေးနဲ့ ဘွဲ့တစ်ခုရအောင် လုပ်ရမှာပေါ့"

နှစ်ဦးသား စကားဆုံးတော့ စိုးထိုက်ကိုကြည့်တယ်။ စိုးထိုက်က



www.burmeseclassic.com

www.burmeseclassic.com

ဒီအကြည့်လောက်ကိုတော့ ကျွမ်းကျင်စွာ ဖတ်တတ်နေပါပြီ။

"ငါကတော့ အရက်သောက်မယ်။ မသောက်နဲ့လို့ မတားကြ နဲ့။ ငါကတော့ သောက်မှာပဲ။ မင်းတို့တားရင် ငါ့မှာ အရက်သောက်တဲ့ အပြစ် အပြင် မင်းတို့စကားကိုပါ နားမထောင်တဲ့အပြစ်ပါ ပိုရသွားတာပဲ ရှိမယ်။ ဘာမှထူးလာမှာ မဟုတ်ဘူး။

အေး . . . မနေနိုင်လို့ အမှန်းခံပြီးတားရင်လည်း ငါက မုန်းမိ မှာပဲ။ စင်စင်က ကောင်းကင်ရဲ့ သူငယ်ချင်းဖြစ်သွားသလို ငါကလည်း အရက်နဲ့ အဆွေခင်ပွန်းဖြစ်သွားပြီ။

ဟော . . . အခုဆို ဆယ်တန်းကလည်းကျတော့ အရက်သောက် ဖို့ အကြောင်းပြချက်တွေ အင်အားကောင်းလာပြီ။ ငါ့ကို ဘုရားဟောတွေ နဲ့လည်း စကားမခင်းကြနဲ့နော်။ ငါ ဘုရားကိုလည်း ဆင်ခြေမပေးချင် ဘူး"

ဘာလို့စကားတွေ ဒီလောက်တတ်သွားရတာလဲ စိုးထိုက်ရာ။ ယွန်းယွန်း စိုးထိုက်ကို ခပ်စူးစူးကြည့်တယ်။

"စိုးထိုက် . . . နင်ဘာတွေဖြစ်နေလို့လဲ။ ငါတို့ကို ရှင်းအောင် ပြောလေဟာ"

အဲဒီစကားဟာ စိုးထိုက်ကိုထသွားစေတဲ့စကားမှန်း ကြိုသိခဲ့ရင် ယွန်းယွန်း ပြောချင်မှပြောမှာပါ။

စိုးထိုက် ဆိုင်အပြင်ခပ်ဝေးဝေးရောက်မှ ကျွန်တော်နဲ့ယွန်းယွန်း အောင့်ထားမိတဲ့ သက်ပြင်းတွေကို ပြိုင်တူလွှတ်ချလိုက်တယ်။ အဲဒီ အတွက်နဲ့လည်း စိတ်ပျက်ပျက်နဲ့ ရယ်မိကြတယ်။

"ဘာတွေမှန်း မသိတော့ပါဘူးဟာ"

"ဘာတွေမှန်း မသိတော့ပါဘူးဟာ"

မရည်ရွယ်ဘဲ ပြောစကားပါ တူသွားလို့ ထပ်ရယ်ဖြစ်သေး တယ်။

"ငါတို့ပြန်ရအောင်"

"အင်း . . . ပြန်တာပေါ့။ ငွေတော့ နင်ရှင်းလိုက်ဦး"



"ဟင် . . . ငါလည်း ဘာမှမစားဘဲနဲ့"

ယွန်းယွန်း ဆောင့်ဆောင့်အောင့်အောင့်နဲ့ပဲ ကော်ဖီနှစ်ခွက်ဖိုး ရှင်းလိုက်တယ်။ ကော်ဖီက စူပါတံဆိပ်။ စူပါဆိုတော့ ခပ်ပြင်းပြင်းရယ်။ ခါးသက်ပြင်းပျတဲ့ ကော်ဖီနှစ်ခွက်ကြောင့် ဒီစကားဝိုင်းလေး ခါးခဲ့တာ လား။

ကျွန်တော်ဟာ တစ်ခါတလေ မဆီမဆိုင်တွေ ဆွဲတွေးဆက် စပ်ကြည့်နေတတ်တယ်။

• • •

ကျောင်းဝန်းကောင်းကင်ကို ဖြတ်ပျံလာတဲ့ အမည်းရောင်ငှက် တွေဟာ နံနက်ခင်းနဲ့ မလိုက်ဖက်ဘူး။ နေရောင်ပျပျကြားမှာ ပန်းဝါဝါ လေးတွေ မရှိဘူး။ စိတ်ကူးနဲ့ နံနက်ခင်းဟာ ထပ်တူမကျဘူး။ ဒါပေမဲ့ ထင်တဲ့အတိုင်း မဖြစ်ခြင်းဟာ သဘာဝကျခြင်းတစ်မျိုးပဲ၊ ဟုတ်တယ် မို့လားလို့ ဘေးကယွန်းယွန်းကို မေးလိုက်သင့်ပေမယ့် မမေးဖြစ်ခဲ့ဘူး။ ယွန်းယွန်းကလည်း သူ့ဖိနပ်ဖြူဖြူကလေးကို ငုံ့ကြည့်ငုံ့ကြည့်နဲ့ လျှောက် လာတယ်။

"စိတ်မကောင်းဘူးဟာ"

"နေလွင် . . . နင်ငါ့ကို အဆက်အစပ်မရှိ ဘာတွေပြောနေ တာလဲ။ စကားပြောရင် အဲ့ဒီလို ထူးထူးဆန်းဆန်းဖြစ်အောင် မပြောနဲ့ ဟာ"

ကြည့်ပါဦး . . . ။ ကျွန်တော့်မှာ ယွန်းယွန်းပုံကိုကြည့်ပြီး စင်စင့်ကိုပါ သတိရမိတယ်။ တစ်ခါတလေ ကလေးဆန်တဲ့ပုံကိုပါ။ ဒါ ပေမဲ့ စင်စင်ကတော့ ထူးထူးဆန်းဆန်းတွေကြိုက်တယ်။

"ငါတို့သောက်တဲ့ လက်ဖက်ရည်ဖိုး နင်ရှင်းလိုက်ရလို့ စိတ် မကောင်းဘူးလို့ ပြောတာပါဟာ"

"အဲဒါ ရှင်းရှင်းပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ . . . ဟဲ . . . ငါ တကယ်ပိုက်ဆံမပါခဲ့တာ"

"နင်ကလည်း အောင်စာရင်းလာကြည့်တဲ့နေ့တောင် ငွေမပါဘူးလား။ ဒီလိုနေ့မျိုးဆို သူများသူငယ်ချင်းတွေ ဝိုင်းဖွဲ့ပြီး လျှောက်သွားကြ၊ လျှောက်စားကြတာ ငွေမပါရင် ရှက်စရာကြီး"

"ငါတို့ သူငယ်ချင်းတွေကတော့ ဘယ်တော့မှ အဲ့ဒီလိုမျိုး ဖြစ်မလာတော့ပါဘူး"

လေသံနိမ့်နိမ့်နဲ့ ကျွန်တော်ပြောမိတော့ ယွန်းယွန်းမျက်နှာကလေး အိုသွားတယ်။

"ဒါနဲ့ . . . နေလွင် . . . နင့်ဘေးမှာထိုင်တဲ့ မျက်နှာပြောင်တဲ့ကောင်လေ။ ကျော်မင်းသိန်းဆိုတာလား . . . သူလည်း သုံးဘာသာပါတယ်နော်"

"အင်း . . . အဲဒီကောင်က ပြောင်စပ်စပ်နေပေမယ့် စာတော်တယ်"

ဆက်လျှောက်လာရင်း ကျောင်းပြန်တိုင်းတွေ့ရတဲ့ မာလကာပင်ကြီးအနားလည်း ရောက်ခဲ့တယ်။ စင်စင့်ကို အောက်မေ့တဲ့စိတ်တွေ ဝိုတိုးဝွားလာတယ်။ ကျွန်တော် အဲဒီလို မာလကာပင်ကြီးကို ရပ်တန့်ကြည့်နေတော့ ယွန်းယွန်းက . . .

"မာကလာပင်က ဘာဆန်းလို့လဲ"

"မာကလာပင်မဟုတ်ဘူး မာလကာ"

"မာလကာ"

"အေး . . . ဟုတ်ပြီ၊ ပြန်ဆိုကြည့်"

"မာကာ . . . အဲ . . . မာက . . . မာကလာ"

"ဟွန်း . . ."

ကျွန်တော် သူ့အကြောင်းသိလို့ နောက်နေတာပါ။ သူက တချို့စကားလုံးတွေကို အသံမထွက်တတ်ဘူး။ အင်း . . . ထွက်ဖို့ခက်နေတတ်တယ်။ အိမ်မြှောင်ကိုလည်း မပြောတတ်ဘူး၊ ပိန်မြှောင်တဲ့။ နောက်ပြီး ဆံပင်ကိုလည်း ပဆင်တဲ့လေ။ အခုလည်း မာလကာကို ထင်



လောက်မလွယ်ဖြစ်နေတဲ့ သူ့ပုံကို ကျွန်တော်ရယ်ကျဲကျဲ မျက်စောင်းထိုးကြည့်နေလိုက်တယ်။

"မာလာ . . . ကျွတ် . . . မာလကာ . . . ဟူး . . . မောလိုက်တာ"

သူ တကယ်မောသွားတာပါ။ ရယ်ကျဲကျဲလုပ်နေတဲ့ ကျွန်တော့်ကိုလည်း မျက်စောင်းခဲသေးတယ်။

အဲဒီအချိန် ကျွန်တော်တို့ဘေးကို ကားဖြူလေးတစ်စင်း ထိုးဆိုက်လာတယ်။

"ဟော့ . . . ကလေးတွေ"

"ဟာ . . . ဘကြီးအောင်"

ယွန်းယွန်းက ဘကြီးအောင်ကိုတွေ့တော့ အော်ဟစ်နှုတ်ဆက်တယ်။ ကျွန်တော်ကတော့ မျက်နှာကို ခပ်တန်းတန်းဖြစ်အောင် ပြင်မိသွားတယ်။ ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော် ဘကြီးအောင်ကို မုန်းသွားပြီ။ စင်စင့်ကိုပြောင်းလဲစေခဲ့တဲ့ အပိုင်းတစ်ဟာ ဘကြီးအောင်ရဲ့ မှုံသန်းခြင်း တရားတော်တွေကြောင့်လို့ ကျွန်တော်ထင်နေမိတယ်။

"သမီးအောင်တယ် . . . ဘဘ၊ လေးဘာသာဂုဏ်ထူး"

ဝင့်ကြွားမြူးတူးစွာ ယွန်းယွန်းကပြောတယ်။ ဘကြီးအောင်က ကားတံခါးမှန်ကိုချပြီး ခေါင်းထွက်ကာ ပြောတယ်။

"ဟာ . . . တော်တယ်ဗျာ။ နေလွင်ကော"

"ကျွန်တော် အောင်ပါတယ် ဘဘ"

"ဒါနဲ့ စင်စင်နဲ့ စိုးထိုက်ကော"

ကျွန်တော် ငြိမ်နေတာမို့ ယွန်းယွန်းကပဲ ဝင်ဖြေတယ်။

"စင်စင်က အောဒီ . . . ဘဘ။ စိုးထိုက်ကတော့ စိုးထိုက်တာဘဘ"

"စိုးထိုက်က ကျတယ်"

ကျွန်တော် ခပ်ဆောင့်ဆောင့် ဝင်ဖြေလိုက်တယ်။ ဒါကို ဘကြီးအောင် သတိမထားမိပါဘူး။ စိုးထိုက်အတွက်သာ စုတ်သပ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် . . . ဒီကောင်လေးဟာလေ ဘဝကို ဘယ်လိုတိုးတက်အောင် ကြိုးစားရမယ်ဆိုတာ နားမလည်ဘူး။ လူဆိုတာ ကိုယ့်ကိုကိုယ်နိုင်းမှ ကိုယ့်ကိုယ်ကိုယ်မနိုင်းရင် သူများကနိုင်းမှာ။ ဒီလိုအားတင်းပြီးမှ ကိုယ့်ဘဝကို မြင့်တက်အောင် . . . "

"ဟုတ်တာပေါ့ . . . ဘကြီးရယ်။ အဲဒီလို ကိုယ့်ကိုယ်ကိုယ် သံပတ်ပေး၊ တခြားခံစားမှုတွေ ဝင်ခွင့်မပေးနဲ့၊ သောင်သွင်းထားတဲ့ ဓယားထဲမှာလည်းပတ် ကိုယ်ရည်ရွယ်ချက် ကောင်းကင်ဆီကို လှပတဲ့တောင်ပံတွေနဲ့ . . . "

ကျွန်တော့်စကားတွေက ရွဲ့သံတွေအားကောင်းနေပြီမို့ ယွန်းယွန်းက ကပျာကယာဝင်ဖာတယ်။

"ဟုတ်တယ် . . . ဘကြီးရဲ့။ စိုးထိုက်က အဲဒါတွေ နားမလည်လိုက်ဘူးလေ"

"အေး . . . အဲဒါဆိုးတာပေါ့။ စင်စင်က အေဒီဟုတ်လား။ အေး . . . အေး . . . အဲဒါကတော့ ဂုဏ်ယူစရာပဲ။ ကဲ . . . ကဲ . . . ဘကြီးသွားစရာရှိလို့ သွားဦးမယ်"

'မြန်မြန်ကြွပါ' လို့ စိတ်ထဲက ပြောလိုက်မိသေးတယ်။ ကားထွက်သွားမှ ယွန်းယွန်းက 'ဟင်း' ခနဲသက်ပြင်းချလိုက်ပြီး ခေါင်းယမ်းတယ်။

"ဟူး . . . မာလကာသီးပြောရတာ မောရတဲ့အထဲ နင့်ဝင်ဖာနေရတာ တစ်မှောင့်"

"ငါကတော့ အားရပါးရကို ရွဲ့ပြလိုက်ချင်တာ"

"ဟင်း . . . ဟင်း . . . နင့်က အိုးကို အပြစ်မတင်ရဲတာနဲ့ စလောင်းကို ရှုံ့ချနေပြီ"

"တော်ပြီ . . . တော်ပြီ၊ စိတ်ရှုပ်လာပြီ ငါပြန်နှင့်တော့မယ် သွားစရာရှိလို့"

"လမ်းလျှောက်သွားရတာချင်း အတူတူ၊ အတူတူပြန်ရအောင်ပါဟ။ နင်က ဘယ်သွားစရာရှိလို့လဲ"



"ငါ ပဆင်သွားညှပ်မလို့ဟ"

"ဘာ . . . "

ကျွန်တော် သူ့အားနည်းချက်ကို ကလိလိုက်တော့ သူတင်းသွားတယ်လေ။

"ပဆင်လေ . . . ပဆင်သွားညှပ်မလို့"

"တောက် . . . ကောင်စုတ်နော်"

ပြောရရင် ယွန်းယွန်းလည်း လှတယ်။ စင်စင့်လို မှုန်နေအောင်ချောင်းမျိုးတော့မဟုတ်။ သူ့တစ်ပိုင်တစ်နိုင် အလှရပ်ဝန်းလေးနဲ့ပဲ ကြည့်ကောင်းနေသူပါ။

ဆံပင်ညှပ်မသွားဖြစ်ခဲ့ပါဘူး။ သွားလည်း မသွားချင်ခဲ့ပါဘူး။ ကျွန်တော် တကယ်သွားချင်ခဲ့တာ စင်စင့်ဆီကိုပါ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့လယ်
ကတ္တရာလမ်းတွေ ပျော့အိသွားအောင်ပူတယ်
မျက်မှောင်ကြုတ်နေရတဲ့ လူတွေရဲ့အပေါ်
လေးထောင့်ပြတင်းပေါက်တွေနဲ့ တိုက်တာတွေရဲ့အပေါ်
သစ်သီး၊ သား ငါးချိန်ခွင်များရဲ့အပေါ်
ပွမ်ပွမ် ဘတ်စ်ကားကြီးရဲ့အပေါ်
အရက်သမားတွေရဲ့အပေါ်
အာကာနည်ကြေးရုပ်ကြီးရဲ့အပေါ်
အဝတ်လှန်းနေတဲ့ အဒေါ်ကြီးရဲ့အပေါ်
ကစားကွင်းလေးရဲ့ အပေါ်
ဖြတ်ပျံသန်းသွားတယ်
လေယာဉ်ပျံကြီးက။
ဘယ်သွားမှာလဲကွယ်
ဘယ်သွားမှာလဲကွယ်
တကြော်ကြော် ကျွန်တော်အော်မေးတယ်
ငါသွားချင်တဲ့ဆီသွားမှာကွယ်
ပျံနေတဲ့ လေယာဉ်ကြီးက ပြန်ဖြေတယ်
ကျွန်တော့် ပခုံးလေးလျော့ရဲ့စွာ ကျန်ခဲ့တယ်
ခြေထောက်တွေက ငိုနေတယ်
အဲ့ဒီနေ့လယ် ...။



# (၄)

အောင်စာရင်းထွက်ပြီး နောက်တစ်နေ့မှပဲ သူ့အိမ်သွားဖြစ်တယ်။ တကယ်တော့ မနေ့ကတည်းက သွားသင့်တာပါ။ ဒါပေမဲ့ မသွားဖြစ်ဘူး။ ကျွန်တော် သူ့ဆီသွားရမှာကို တစ်စုံတစ်ရာမက စိုးရွံ့နေမိတယ်။ ကိုယ့်စိတ်ကို ခွဲခြမ်းကြည့်မိတယ်။

ကျွန်တော်ဟာ သူ့ဆီကို သူငယ်ချင်းတစ်ယောက်အနေနဲ့ သွားမှာလား၊ (ဒါမှမဟုတ်) ဒီထက်ပိုတဲ့ မျှော်လင့်ချက်စိတ်တချို့နဲ့ သွားမှာလား။ နောက်ပြီး သူဟာ ကျွန်တော့်ထက် သူ့ရဲ့တိုးတက်ရေး စီမံကိန်းတွေမှာပဲ အာရုံရှိနေမှာစိုးတာလား။ နောက်ပြီး မရောက်တာကြာလို့ သွားရမှာ မဝံ့မရဲဆန်နေတာလား။ အဲဒီအချက်တွေထက် ပိုလျှံတဲ့ အကြောင်းအရာတွေ အများကြီးရှိနေမှာပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့အိမ်ရောက်ဖြစ်ခဲ့ပါတယ်။

ထူးထူးဆန်းဆန်းပါပဲ။ သူခြံထဲက မြက်ခင်းပေါ်မှာ၊ ပန်းချီဆွဲနေသတဲ့။ သူ ကျွန်တော့်ကို မမြင်သေးပါဘူး။ အဲဒါနဲ့ ခပ်လှမ်းလှမ်းကနေ ကြည့်နေမိတယ်။ သူ အထက်အောက်တွဲလျက် ဂါဝန်အကျီပါး



www.burmeseclassic.com

www.burmeseclassic.com

ကလေးနဲ့၊ ပန်းချီစုတ်တံကိုင်ထားတဲ့ လက်ကလေးက ဖြူဖွေးလို့။ ဒေါက်တိုင်တွေ ဘာတွေနဲ့။ ကင်းဗတ်စပေါ်မှာ ဆွဲနေတာ။ သေးမှာလည်း ဆေးဘူးတွေက ပြန့်ကျဲလို့၊ အကျအနကို ဆွဲနေတာပဲ။ ကြည့်ပါဦး . . သူရှာန့်ဝင်နေတာ မျက်မှောင်ကလေးကို ကြုတ်လို့။

ခြေသံပေးလိုက်ရမလား၊ ချောင်းသံပေးလိုက်ရမလား။ အဲဒီလို တွေးမိနေတုန်းမှာပဲ သူလှည့်ကြည့်လာတယ်။ ကျွန်တော့်မျက်နှာက သူ့အကြည့်မှာ အိုးအိုးအမ်းအမ်းဖြစ်သွားတယ်။ နောက်ပိုင်းနှစ်တွေမှာ ကျွန်တော် သူနဲ့တွေ့တိုင်း ပုံမှန်နေထိုင်မှုစရိုက် ပျောက်ဆုံးနေခဲ့ရပြီလေ။

သူ ပြုံးတယ်။

သူ့အပြုံးဟာ ဟိုးအဝေးကနေ တရွေ့ရွေ့လာနေတဲ့ အညိုဖျော့ဖျော့ ရှက်လှေကလေးလိုပဲ။

ကျွန်တော် ပြန်မပြုံးမိဘဲ ဘယ်နေမလဲ။ သူ ငြိမ်ငြိမ်လေး ဆက်ပြုံးတယ်။

ကျွန်တော့်အပြုံးလည်း မရပ်တန့်တော့ဘူး။ တော်တော်ကြာတယ်။

ခရေနှစ်ပွင့် ပွင့်စာလောက် ကြာမလားပဲ။ ကြည်နူးနေပါတယ်။ ကျွန်တော့်နှလုံးသား နေရောင်ပျပျမှာ လှပလင်းမြစွာ ကြည်နူးနေပါတယ်။

"ဘာပြုံးတာလဲ"

ကျွန်တော့်ရဲ့ ကဗျာဆန်မှုကို သူ့ရဲ့ ဘောက်ဆတ်ဆတ်မေးခွန်းနဲ့ ထုထောင်းလိုက်ပါတယ်။

"သိဘူးလေ . . . နင်ပြုံးလို့ လိုက်ပြုံးတာ"

"ဟာသပဲ"

သူ ကျွန်တော့်ကို ပြုံးတုံးတုံးလေးကြည့် ရေရွတ်ပြီး ခေါင်းကလေးခါတယ်။ နောက်ပြီး သူပဲဆက်ပြောတယ်။

"နင့်ပုံက ငါ့ကိုကြောက်နေတဲ့ပုံပေါ်လို့ ငါကပြုံးတာ"

"ဟဲ . . . ဟဲ . . . "



"ဟုတ်လား . . . နင် ငါ့ကို ကြောက်နေတာလား"

"အင်း . . . ငါငယ်ငယ်ကတည်းက နင့်ကိုကြောက်တာ"

"ဟား . . . ဟား . . . အရူးပဲ"

"အင်း . . . အရူးပဲ"

နှစ်ယောက်စလုံး ရယ်မိကြပြန်တယ်။ အေးချမ်းလိုက်တာ။ ဒီလိုပုံစံမျိုးကမှ ကျွန်တော်နဲ့စင်စင်ရဲ့ ပုံစံစစ်စစ်။ ပေါက်တတ်ကရတွေပြောပြီး ပျော်နေတတ်တာမျိုးလေ။

"နင် ဘာတွေဆွဲနေတာလဲ"

"ကြည့်ကြည့်လေ"

ကျွန်တော် သူ့ပန်းချီကားနဲ့နီးအောင် ရွေ့တိုးလိုက်တယ်။ သူလည်း ဘေးနားက ယှဉ်တွဲပါလာရင်း ကျွန်တော့်လက်ကို ကုတ်တယ်။

"ဘာလုပ်တာတုံး"

"ပျော်လို့ . . . ဟဲ . . . ဟဲ . . . "

တစ်ခါတလေလည်း အူကြောင်ကြောင်ပဲနော်။ သူ့ကိုနားလည်ခဲ့တော့ ကျွန်တော် ဘယ်လိုမှ မကြိုးစားတော့ပါဘူး။

"ကဲ . . . ကြည့်ကြည့်၊ ငါ့ပန်းချီကား လှလားလို့"

ကျွန်တော် သူ့ပန်းချီကားဆီ အာရုံပို့လိုက်တယ်။ ငှက်တစ်ကောင်ရဲ့ပုံပဲ။ ကျွန်တော် ဘာမှ ထူးထူးဆန်းဆန်းမခံစားမိဘူး။ ကြိုတင်ထားတာကလွဲရင် ဒါ သူဆွဲဖို့သင့်တဲ့ပုံပဲ။ ဒါပေမဲ့ ကျွန်တော့်ရှုတ်တရက် မနှစ်မြို့ဖြစ်သွားတယ်။ စာရွက်အဖြူပေါ်မှာ ငှက်တစ်ကောင်ရဲ့ပုံ။ ကျန်တာ ဘာမှမရှိ။ ငှက်တစ်ကောင်ပုံ။ ငှက်တစ်ကောင်တည်းရဲ့ပုံ။ တောင်ပံဖြန့်ထားတဲ့ ငှက်တစ်ကောင်ရဲ့ပုံ။ ပျံသန်းနေတဲ့ ငှက်တစ်ကောင်ပုံ။

"ဘယ်လိုလဲ လှလား"

ကျွန်တော် ဘယ်လိုဖြေရမလဲ။ စိတ်ထဲရှိတဲ့အတိုင်း ပြောရမလား။ သူ့အကြိုက်ဆောင်ရမလား။ အဲ့ဒါနဲ့ သိပ်မသိသာအောင် ခပ်လွဲလွဲစကားနဲ့ အစားထိုးလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ပန်းချီကားနာမည်က ဘာလဲ"

"ပျံ့သန်းခြင်းလို့ ပေးထားတယ်လေ"

"အင်း . . ."

ကျွန်တော်ကတော့ အထီးကျန်ခြင်းလို့ပဲမြင်တယ်။ ပျံသန်းခြင်းနဲ့ အထီးကျန်ခြင်းဟာ ဆန့်ကျင်တဲ့အရာတွေမဟုတ်မှန်း အားလုံးပဲ သိကြမှာပါ။ ဒါပေမဲ့ . . . အင်း . . . ဒါပေမဲ့ . . . ဒီနေရာမှာတော့ အင်း .. ဒါပေမဲ့ပေါ့လေ။

"ရော့ . . ."

"ဟင် . . . ငါက ဘာလုပ်ရမှာလဲ"

သူ့လက်ထဲက စုတ်တံကြီး ကျွန်တော့်ကိုလာပေးလို့ မေးမိတာပါ။

"နင်ဆွဲလေ"

"ဟာ . . . ငါဆွဲတတ်ဘူး စင်စင်ရ"

"ဆွဲပေးပါဟ . . . ။ ဒီငါဆွဲထားတဲ့ ပန်းချီကားထဲမှာပဲ ဆွဲပေး။ ငါ့ပုံ ပိုပြီးရသမြောက်သွားအောင် နင့်အတွေးအခေါ်နဲ့ ကူပေးလေဟာ"

"ငါတကယ်မဆွဲတတ်တာနော် စင်စင်"

ကျွန်တော် တကယ့်ကိုပြောနေတာပါ။ ကျွန်တော်က ပန်းချီပညာနဲ့ ပတ်သက်လာရင် တုတ်ချောင်းဖြောင့်ဖြောင့်နဲ့ သမိန်ပေါသွပ်ရဲ့ နှုတ်ခမ်းမွေးလောက်ပဲ ဆွဲတတ်တာလေ။ ဝလုံးတောင် ခပ်ကြီးကြီးရေးရင် တွန့်သွားတတ်တဲ့ ပါရမီမျိုးပေါ့။

"ငါမဆွဲတတ် . . ."

"နင်ဆွဲမှာလား မဆွဲဘူးလား"

ခပ်ဆတ်ဆတ်လေး ပေစောင်းစောင်းကြည့်ပြီး ပြောလာတယ်။ ဒီအချိန်မှာ သူဟာ ဒေါသထွက်နေတဲ့ ခြင်္သေ့မလေးဖြစ်ပြီး ကျွန်တော်ကတော့ အခက်ကြုံနေတဲ့ ယုန်ကလေးပဲဆိုပါစို့။

"အေး . . . အေး . . . ဆွဲမယ်၊ ဆွဲမယ်"

"ဒီလိုမှပေါ့ . . . ဟဲ . . . ဟဲ . . . "



သူပျော်သွားတယ်။ သူပျော်မယ်ဆိုရင် ကျွန်တော် လုပ်ပေးသင့်တာပေါ့။

"ဘာပုံဆွဲရမလဲဆိုတော့ . . . အင်း . . . ဟုတ်ပြီ"

"ဘာပုံလဲဟင်"

သူ သိသိချင်ချင်မေးလာတယ်။ ဒါပေမဲ့ ကျွန်တော့်အဖြေက..

"တီကောင်ပုံ"

"ဘာ . . . "

သူဆဲချင်သွားတယ်။ သာမန်ထက် နည်းနည်းပိုပြူးသွားတဲ့ မျက်လုံးနဲ့ကြည့်လာတယ်။

"နင်ကလည်း အဓိပ္ပာယ်ရှိတဲ့ပုံဆွဲပါဟ"

"တီကောင်ကလည်း အဓိပ္ပာယ်ရှိတာပဲ။ နင့်ငှက်က တီကောင်စားတယ်လေ"

"လုပ်ပြီ . . . ချီးထုပ်က။ နင့်ဦးနှောက်ကလည်း ဒီလောက် ခပ်ပိန်းပိန်းတွေပဲ ကွန့်မြူးသလား။ ကဗျာဆန်ဆန် ဒဿနပါပါလေး ဆွဲပါဟ။ တိမ်ပုံလေးဘာလေးပေါ့။ ငါက ငှက်ဆိုတော့ နင်က တိမ်ပုံဆွဲတော့ . . . ကဲ . . . ဘယ်လောက် အဓိပ္ပာယ်ရှိသွားလဲ၊ အတွဲညီသွားတယ်"

ကြည့်ပါဦး . . . ပုံလေးတစ်ပုံ မဆွဲတတ်တာနဲ့ ကျွန်တော့်မှာ အပြောခံနေရတာ။

"ကဲ . . . ကဲ . . . ဒါဆို တိမ်ပုံဆွဲမယ်"

"နိုး . . . မရတော့ဘူး။ တိမ်ပုံဆွဲလို့ မရတော့ဘူး"

"ဟော . . . ဖြစ်ပြန်ပြီ"

"တိမ်ပုံက ငါပြောပြီးပြီ။ ငါပြောပြီးတဲ့ပုံ ဆွဲခွင့်မရှိတော့ဘူး။ နင့်အတွေးအခေါ်နဲ့ ရှာန်ဝင်တဲ့ တခြားပုံဆွဲ။ ဟူး . . . တကယ်ပဲပြောရတာ မောလိုက်တာ"

"ငါလည်း နားထောင်ရတာ မောတာပဲ"

ကျွန်တော် သူ့အဆူခံလွတ်ဖို့ ပုံတစ်ပုံ မြန်မြန်ဆွဲတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပုံဆွဲရမလဲ။ ဘာပုံဆွဲရမလဲ။ အမှတ်တရဖြစ်အောင် ဆွဲမှပဲ။ ခဏတော့ စဉ်းစားလိုက်ရတာပေါ့။ ဒါပေမဲ့ ကျွန်တော် ဘာပုံဆွဲရမလဲဆိုတာ နှလုံးသားနဲ့ မသိစိတ်မှာ ရှိနေခဲ့တာ ကြာပြီထင်ပါတယ်။

သူပေးတဲ့ စုတ်တံကလေးကို အစိမ်းရောင် ဆေးခွက်ထဲနှစ်ပြီး ချထားလိုက်တယ်။ တခြားစုတ်တံတစ်ချောင်းကို ကောက်ယူပြီး အညိုရောင်ဆေးတချို့ကို ယူလိုက်တယ်။ စင်စင်ကလည်း ဘာပုံဆွဲမလဲဆိုပြီး စိတ်ဝင်စားနေတယ်လေ။

ကျွန်တော့်လက်တွေ လှုပ်ရှားပြီး ရုပ်ပုံတစ်ခုကို ဆွဲသားနေပြီ။

ဖွင့်မပြောဖြစ်သော အိပ်မက်တစ်ပုဒ်အတွက် မည်သည့်ပုံကို ဆွဲရမည်နည်း။ အထီးကျန်ခြင်း၌ မည်သည့်အရောင်ရှိသနည်း။ ပျံသန်းခြင်းအတွက် မည်သည့်လိုင်းများမျဉ်းများကို သုံးရမည်နည်း။ မျှော်လင့်ခြင်း၏ အနီးအဝေးကား ဘယ်လောက်နည်း။

မျှော်လင့်မြို့တစ်မြို့ရှိ၏။ ဖွင့်မပြောဖြစ်သော ကောင်းလေးနေထိုင်၏။ အထီးကျန်အိပ်မက်များနှင့် အဝေးကို ငေးနေ၏။ ပျံသန်းသွားသော ငှက်ကလေးတစ်ကောင်အတွက်ဖြစ်သည်။

အညိုရောင်ပြီးတော့ အစိမ်းရောင်။

စုတ်တံကို ကင်းဗတ်စပေါ်က ဖြည်းဖြည်းချင်းခွာချရင်း ကျွန်တော်မောနေသလို ခံစားနေရတယ်။ လူက မမောဘူး။ ရင်ထဲက မောနေတယ်။ ဘာလို့လဲ။ ဒီပုံလေးကို ရင်နဲ့ ဆွဲမိလိုက်လို့လား။

သူလည်း ကျွန်တော်ဆွဲတဲ့ပုံကို အေးစက်ဝေရီစွာ ကြည့်နေတယ်။ ဘာမှတော့မပြောဘူး။ ဟုတ်တယ် အသက်တောင် တိုးတိုးကလေးရှူတယ်။ သူလည်း မောနေသလား။ ဒါဆို သူလည်း ရင်နဲ့ . . .

သေချာတာကတော့ သူ တိတ်ဆိတ်နေတယ်။ ကျွန်တော်လည်း ဘာစကားမှမပြောဘဲ အလိုက်သင့် အေးစက်နေမိတယ်။ သူ့လက်ချောင်းလေးတွေနဲ့ ကျွန်တော်ဆွဲတဲ့ ပုံအနီးအနားကို တို့ထိကြည့်သေးတယ်။ ပြီး . . . ခပ်ဖြည်းဖြည်း ရေရွတ်တယ်။

"သစ်ပင်"



ကျွန်တော် ဖွဖွခေါင်းညိတ်ပြလိုက်တယ်။ နောက်ပြီး သူဆွဲထားတဲ့ငှက်ကလေးကို လက်နဲ့ တို့ထိလိုက်တယ်။

မိုးသားအဝေးမှာပျော်တဲ့ ငှက်ကလေး၊ မြေနိမ့်ပါးတဲ့ အရပ်က သစ်ပင်။

"ငါ့သစ်ပင်လေး လှတယ်မို့လား။ အဲဒီသစ်ပင်လေးနာမည်က 'မျှော်လင့်ခြင်းနဲ့ ကြိုဆိုခြင်း'တဲ့။ အထီးကျန်ခြင်းနဲ့ ပျံသန်းခြင်းက မတူညီသလို မျှော်လင့်ခြင်းနဲ့ ကျန်ရစ်ခြင်းဟာလည်း မတူညီပါဘူး။ မတူညီသင့်ဘူး။

ဘာပဲဖြစ်ဖြစ်ပေါ့။ ငှက်ကလေး အတောင်ညောင်းချိန်ကို ဒီသစ်ပင်လေးက မျှော်နေမှာပါ။ အင်း . . . အဲဒီလို သေချာတယ်"

ကျွန်တော့်ကို သူ တအံ့တဩမော့ကြည့်တယ်။ ကျွန်တော်ပြုံးပြနေမိတယ်။ အကယ်၍ ဒီနေရာဟာ ပြဇာတ်တစ်ပုဒ်ဆိုရင် နောက်ခံတီးလုံးမှာ တယောဘိုးတံရဲ့ အဆွဲအငင်သံကို ပိုကြားရမှာပါ။

ကျွန်တော် ပြုံးနေတယ်။ အဲဒီအပြုံးဟာ ကြိုးပြတ်တောက်သွားတဲ့ စက္ကူစွန်ကလေးဖြစ်သွားတယ်။ ပင်လယ်ပြာထဲ ထိုးဆင်းရတော့မယ့် အချိန်နဲ့ နီးကပ်နေတဲ့ စက္ကူစွန်ကလေးမျိုးပေါ့။

သူက ကျွန်တော်ရဲ့ သစ်ပင်ပုံလေးကို ခပ်ထွေထွေကြည့်ပြီး . . .

"နင်က . . . နင်က ငါနဲ့ အတူလိုက်မပျံဘူးလား"

သူ့စကား၊ သူ့စကား၊ သူ့စကားဟာ ကျွန်တော့်ရဲ့ညှို့ဖျင်းမှုကို အတိုင်းမသိ ပေါ်လွင်သွားစေတာပေါ့။ ဟုတ်တယ် . . . ။ တကယ်ဆို ကျွန်တော်ဆွဲသင့်တာ သူ့ငှက်ကလေးဘေးမှာ အတူယှဉ်တွဲပျံသန်းနေတဲ့ နောက်ထပ်ငှက်ကလေးတစ်ကောင် ဖြစ်သင့်တာ။ သူအဲ့ဒီလို မျှော်လင့်ဆင်မြင်ထားတာ။ ဒါပေမဲ့ သိပ်ညှို့တဲ့စိတ်အလျင်ဟာ သစ်ပင်ပုံပဲ ဖြစ်စေခဲ့တယ်။

တကယ်တော့လည်း ကျွန်တော်ဟာ ပျံသန်းခြင်းဆိုတဲ့ စကားလုံးကို လေးလေးနက်နက် မုန်းတီးနေလို့ ဖြစ်မှာပါ။

"ငါ . . . ငါ . . . တောင်ပံတွေကို မမက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

သူ့ သက်ပြင်းရှည်ကြီးကို ပစ်ချ။ ခေါင်းတဆတ်ဆတ်ညိတ်တယ်။

"စိုးထိုက်ကျတယ် . . . ဟုတ်လား"

"အင်း . . . ဘကြီးအောင် အထင်သေးတဲ့ကောင် ကျတယ်လေ"

လိုရာကို ကွေ့ပတ်ဆွဲရှို့တတ်ဖို့ အခြေအနေတွေက ကျွန်တော့်ကို သင်ပေးထားပြီးပြီပဲ။

"တော်ပြီဟာ . . . ငါတို့ တခြားစကားပြောရအောင်"

"နင် သိပ်စိမ်းကားသွားတယ် စင်စင်"

"ငါဝန်ခံတာကို နင်လိုချင်လို့လား"

"အနည်းဆုံးတော့ ငါတို့ငယ်သူငယ်ချင်းတွေရဲ့ သံယောဇဉ်တို့ . . ."

"ငါလိုချင်တဲ့လမ်းကို ငါလျှောက်နေတာပါ နေလွင်။ ငါနဲ့အတူမလိုက်ခဲ့ကြလို့ ကျန်ရစ်သလို ဖြစ်သွားခဲ့ကြတာပါ"

"ဟုတ်တယ် . . . ငါတို့ ကျန်ရစ်ခဲ့ကြတယ်။ အဲ့ဒီလိုပဲ တစ်ယောက်တည်း ခွဲထွက်သွားတဲ့သူကလည်း အထီးကျန်ရလိမ့်မယ်။ ကျန်ရစ်ခြင်းနဲ့ အထီးကျန်ခြင်းအားလုံးဟာ နာကျင်စရာတွေချည်းပါပဲ"

"နေလွင် . . . နင် . . ."

"ငါပြန်တော့မယ် စင်စင်"



ရှေးတုန်းက ကံ့ကော်တွေနဲ့ကိုယ်စားပြုခဲ့တဲ့ တက္ကသိုလ်မှာ ကျွန်တော်တစ်ယောက်တည်းပါ။

တက္ကသိုလ်မှာ ခေါင်းလောင်းသံမရှိဘူး။ အလံတော်ကို အလေး ...ပြီး နိုင်ငံတော်သီချင်း မဆိုရဘူး။ အိမ်စာပြီးရင် ဘောင်းဘီချွတ်ရိုက် ...သည့် ဆရာမ မရှိဘူး။ ဝါစိမ်းနီပြာအသင်းတွေ မဖွဲ့ထားဘူး။ အကြွေ ...တ် အစုတ်အပြတ်တွေပြန်အမ်းတဲ့ ရေခဲကျောင်းသည်ကြီးမရှိဘူး။

သီချင်းထဲကအတိုင်း စိန်ပန်းပင်ကြီးတွေက စိတ်နဲ့ပန်းတင် ...ယ်။ သမီးရည်းစားအတွဲတွေလည်း အများကြီးပေါ့။ ကြည်နူးစရာ ...တွေတွေ့တော့ အားကျချင်တယ်။ မြင်မကောင်းအောင်ကဲတဲ့ အတွဲ ...တော့ ပါးချချင်တယ်။ ဘာပဲဖြစ်ဖြစ်ပေါ့။ တက္ကသိုလ်ရှုခင်းတွေ ...အားလှပါတယ်။

စင်စင့်ကို သိပ်သတိရတာပဲ။ ကျွန်တော်တက်ရတဲ့ မေဂျာက ...ဒေပါ။ လက်ချာသင်တဲ့ ဆရာကြီးတစ်ယောက်ဟာ ဗိုက်ကြီးသိပ်ပူ ...တယ်။ ပုဆိုးကိုလည်း အထက်အောက်တစ်လှည့်၊ အတွင်းအပြင်တစ် ...ည့် မှားဝတ်နေကြ။ စကားပြောရင်လည်း နို့ . . . နို့ . . . နဲ့ ထည့်ထည့် ...တယ်။ ဒီလိုဇရွတ်ကျမှုလေးတွေ မြင်ရတော့ စင်စင့်ကို သိပ်သတိရ ...ပဲ။ စင်စင်သာဆို အဲဒီဆရာကြီးကို ဘယ်လိုနာမည်ပြောင် ပေးမလဲ ...ဘူးနော်။

စင်စင်က ဆေးကျောင်းမှာပါ။ ယွန်းယွန်းကောပဲ။ (အင်း . . . ...ကျောင်းတုန်းက ကျွန်တော့်ဘေးနားထိုင်တဲ့ ကျော်မင်းသိန်းလည်း



www.burmeseclassic.com

www.burmeseclassic.com

ဆေးအမှတ်မှီသွားတယ်ဗျ။) ဒါပေမဲ့ စင်စင်နဲ့ယွန်းယွန်းဟာ တစ်ကျောင်း တည်းဖြစ်ပြီး မတွဲကြဘူး။

ယွန်းယွန်းက ခေါ်ချင်ပေမယ့် စင်စင်က မျက်နှာတည်တည်နဲ့ အနေရင့်လွန်းတာကြောင့် မခေါ်ဖြစ်ခဲ့ဘူးတဲ့။ တစ်ခါက ကျွန်တော်နဲ့ ယွန်းယွန်း ဆေးကျောင်းဝန်းကျင်က အအေးဆိုင်တစ်ဆိုင်မှာ တွေ့ဖြစ် တယ်။ ယွန်းယွန်းက သူငယ်ချင်းအသစ်တွေနဲ့ပေါ့။ စကားစပ်လို့ စင်စင့် အကြောင်းရောက်တော့ . . .

"စင်စင့်မှာ မေးထူးခေါ်ပြော သူငယ်ချင်းတောင် မရှိဘူး"တဲ့။

ဘာရယ်မဟုတ်ဘူး။ ယွန်းယွန်းစကားက ဟိုးမူလတန်းဖတ်စာ အုပ်ထဲက ပုံပြင်တွေကို ပြန်အောက်မေ့စေတယ်။ လူဆိုတာ တစ်ယောက် တည်းမနေရဘူးဆိုတဲ့ စကားတွေကိုလည်း ပြန်ကြားမိတယ်။ ဒီစကား အရဆိုရင် စင်စင်က လူမဟုတ်တော့ဘူးပေါ့။ လူမဟုတ်ရင် ဘာလဲ။ စတိုးဆိုင်က ခာတ်ခဲမထည့်တဲ့ စက်ရုပ်ကြီးကို သွားမြင်မိတယ်။



ကျွန်တော့်မှာ အစ်မတစ်ယောက်ရှိပါသေးတယ်။ မူလတန်းပြ ကျောင်းဆရာမပါ။ ကလေးချစ်တတ်လွန်းလို့ ကျောင်းပိတ်ရက်တွေဆို ရပ်ကွက်ထဲက ကလေးတွေကို အခမဲ့စာသင်ပေးတယ်။

ကလေးဘဝကို သိပ်အားကျမိတာပဲ။ စာသင်ရင်လည်း ပေါ့ပေါ့ ပါးပါးပဲ၊ ပျော်ပျော်ရွှင်ရွှင်။ ကစားချိန်မှာလည်း မြူးမြူးကြွကြွ။ လှပ [illegible]ကြယ်။

ဖန်ခုန်တမ်းတဲ့၊ စိန်ပြေးတမ်းတဲ့၊ တူတူပုန်းတမ်းတဲ့၊ လူများရင် [illegible]င်ပင်တဖွေ ကစားကြပြန်တယ်။ ကျွန်တော်တို့အရွယ်ကျတော့ တစ် [illegible]တမ်း၊ ခြေထိုးတမ်း၊ မြေနိမ့်ရာလုံးစိုက်တမ်းတို့၊ စိန်နားကပ်ရှောင် [illegible]ရှာတမ်းပေါ့ဗျာ။

ကျွန်တော် အဲဒီလို ဆင်ခြင်ခွဲခြမ်းကြည့်မိနေတယ်။ အဲဒီအချိန်–

"ကြက်ပျံ"

"ကြက်ပျံ"

"ဝက်ပျံ"

"ဝက်က မပျံဘူးဟ"

"အေး . . . ဝက်မပျံ"

"ဟော့ . . . ဘာတွေဆော့နေကြတာလဲ။ အဲဒီလို အမိဖွာ[illegible] [illegible]တွေ မကစားကြနဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် ဟိန်းဟောက်သံကြောင့် ကလေးလေးတွေ ချက်လိုး ကြောင်တောင်တောင်နဲ့ ကြောက်သွားကြတယ်။ ဆူတုန်းကဆူပြီးမှ အားနာရတယ်။ ဒါပေမဲ့ ကလေးတွေလို ကျွန်တော် ဘယ်လိုတောင်းပန်ရမလဲမသိဘူး။

စိတ်ညစ်ညစ်နဲ့ အခန်းထဲဝင်တော့ အစ်မက ကျွန်တော့်ကို ကြည့်နေတယ်။

"ကလေးတွေကို ဘာလို့ အခြောက်တိုက် သွားအော်နေရတာလဲ"

"အင်း . . . အဲဒါ ကျွန်တော့်ရဲ့ ဆိုက်ကိုပဲထင်ပါတယ်"

"ဟင် . . . ဘာကိုလဲ . . ."

မေးခွန်းတွေ ဆက်ရှည်နေမှာစိုးလို့ ကျွန်တော် အပြင်ထွက်ခဲ့ပါတယ်။ ကြက်ပျံ၊ ဝက်ပျံ၊ ဘကြီးအောင်အိမ်က ဖုန်းမြည်သံ။ ပြီးတော့ ကျွန်တော့် တောက်ခေါက်သံ၊ ပြီးတော့ ကံကြမ္မာလှည်းဘီးသံ။

လောကကြီးရဲ့ ဖွဲ့စည်းမှုမှာ အသံတွေဟာ သိပ်အရေးပါနေပါလား။

ᨏ ᨏ ᨏ



ကျူတိုရီရယ်မရှိတဲ့ ကျောင်းပြန်တစ်နေ့က ကျွန်တော်မြို့ထဲက စာအုပ်ဆိုင်တစ်ဆိုင်ကို ရောက်ခဲ့ပါတယ်။ ကျွန်တော်ကြိုက်တဲ့ စာရေးဆရာရဲ့ စာအုပ်တွေများ အသစ်ရောက်ပြီလားလို့ (မရောက်သေးပါဘူး) ဝင်ကြည့်တဲ့သဘောပါ။ ကောင်းနိုးရာရာလေးတွေ ဟိုလှန်ကြည့် ဒီလှန်ကြည့်နေတုန်း။

"အ . . . "

တစ်စုံတစ်ယောက်က ကျွန်တော့်ခြေထောက်လာနင်းမိလို့။ မော့ကြည့်လိုက်တော့ . . .

"စင်စင် . . ."

သူ့ပုံကြီးက ကျွန်တော့်ကို တမင်တကာ နင်းတဲ့ပုံကြီး။ ရုပ်က ထေ့တေ့ရီကြီး ဖြစ်နေတာလေ။

"နင် . . . နင် . . . ငါ့ကို တမင်သက်သက် နင်းတာမို့လား"

"နှုတ်ဆက်တာပါဟ . . . နင်ကလဲ"

"ဟာ . . . နှုတ်ဆက်တာ ရီးရီးနှုတ်ဆက်ပါလား"

"နင့်ခြေမက ဖောင်းဖောင်းကြီးဖြစ်နေတော့ နင်းချင်စိတ် ပေါ်လာလို့"

"ဘာဖြစ်လဲ ငါ့ဘာသာဖောင်းတာ"

"အေး . . . နင့်ခြေမကြီးက ဘာလို့ဖောင်းနေတာလဲ"

" . . . . . . "



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနဲ့ အအေးဆိုင်တစ်ဆိုင်ကို ကျွန်တော်တို့ ရောက်ဖြစ်ကြပါတယ်။ လူရှင်းတဲ့ နီးရာလွယ်ရာဆိုင် ဝင်ထိုင်လိုက်ကြတာမို့ ဆိုင်က ကောင်းကောင်းကန်းကန်းတော့မဟုတ်။ ဆိုင်မှာ ထိုင်ကြတော့လည်း–

"နင့်ခြေမကြီးက ဘာလို့ဖောင်းနေတာလဲ"

"ဟာ . . . "

ဆိုင်ရှင်အဒေါ်ကြီးရောက်လာလို့ စကားစပြတ်သွားတယ်။ ဆိုင်က စားပွဲထိုးတောင်ရှိပုံ မပေါ်ဘူး။ ကျွန်တော်က သံပုရာရည်တစ်ခွက် မှာလိုက်တယ်။ သူကတော့ . . .

"အန်တီ . . . စားစရာက ဘာတွေရလဲ"

"လက်ဖက်သုပ်တို့ ရောက်သီးသုပ်တို့ပဲရမှာ"

စင်စင် နှုတ်ခမ်းကလေး လျှပ်တစ်ပြက်ထော်သွားတယ်။

"ဗိုက်ပြည့်တဲ့ဟာ မရှိဘူးလား"

"များများစားလိုက်ရင်တော့ အကုန်ဗိုက်ပြည့်တာပေါ့"

"အမ် . . ."

စင်စင်ကတောင် ဘာပြောရမှန်းမသိဖြစ်သွားတယ်။ ဟိုအဒေါ်ကြီးပြောတာလည်း ဟုတ်တုတ်တုတ်။

"ထမင်းဆီဆမ်းကော ရလား"

"အင်း . . . အဲဒါတော့ ရတယ်"

"ဒါဆို ထမင်းဆီဆမ်းရယ်၊ လက်ဖက်သုပ်တစ်ပွဲရယ် ပြီးတော့ ရေသန့်တစ်ဘူးရယ်"

"အင်း . . . အဲဒါဆိုရင်တော့ ဗိုက်ပြည့်မှာပါ"

အဒေါ်ကြီးကလည်း အဲဒီလိုမှတ်ချက်ပြုပြီးမှ ထွက်သွားတယ်။ ဒီတော့မှ စင်စင်က ဓာတ်လမ်းပြန်စလာတယ်။

"နေလွင် . . . နင့်ခြေမကြီးက ဘာလို့ဖောင်းနေတာလဲ"

"ဟာ . . . ဘာဖြစ်လို့ ဒါပဲ မေးနေတာတုံး"

ကျွန်တော် နည်းနည်းအော်ပေးလိုက်တော့ သူပါးလေးဖောင်းသွားတယ်။ ကျွန်တော့် ခြေမထက်တောင်ပိုဖောင်းသေးတယ်။



"သိချင်လို့ပေါ့ဟ"

"နင်က ဘယ်လိုထင်လို့လဲ"

"ဟာ . . . မထင်တတ်လို့ မေးနေရတာပေါ့"

"မနေ့က ဘောလုံးကန်ရင်း ခိုက်မိထားတာ သိပြီလား"

"အဲ . . . သနားပါတယ်"

ကျွန်တော့်ခြေမကို အသေအချာ ငုံ့ကြည့်ပြီး အပီအပြင်ခံစားသွားတယ်။

"ငါ့ကို အဲဒီလောက် သနားစရာမလိုပါဘူး"

"နင့်ကို မသနားပါဘူး။ ခြေမလေးကိုပဲ သနားတာ။ ကြည့်ပြီး . . . ယောင်နေတာ"

သူ့ကို ကြည့်ပြီး ကျွန်တော့်မှာ အူတယားယား၊ ဘယ်လိုပုံစံမှန်းကို မသိဘူး။ အဒေါ်ကြီးက သံပုရာရည်နဲ့တကွ မှာထားတာ လာချပေးတယ်။

သူက ထမင်းဆီဆမ်းနဲ့ လက်ဖက်သုပ်ကို ပလုတ်ပလောင်း ပေမယ့် ခပ်သွက်သွက်စားတယ်။ နာရီကိုလည်း တဖျပ်ဖျပ်လှမ်းကြည့်နေတာ သုံးကြိမ်လောက်ရှိပြီ။

"သွားစရာရှိလို့လား"

"အင်း . . . ပြည်ပကပြန်လာတဲ့ ဆရာမတစ်ယောက်နဲ့ ချိန်းလို့"

"ဟုတ်လား . . . ဘယ်သူတုန်းဟ"

ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရမှာပဲ။ စကားအဖြစ်မေးမိပေ သူက ဆက်တိုက်ပြောသွားတာ စင်ကာပူ ပညာရေးစနစ်တွေတော့ သံရုံးစာမေးပွဲကော စုံသွားတာပဲ။ အဲဒါတွေ တစ်ခုမှ ကျွန်တော် ဝင်စားပါဘူး။ (အဲဒါကြောင့်လည်း ဒီလိုနေနေရတာနေမှာပေါ့)။ တော်ကြာ ထမင်းစားရင်း တန်းလန်းပြောသွားတာ။

စကားစပြတ်လောက်မှ ကျွန်တော် သွေးတိုးစမ်းတဲ့အနေနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"စာအုပ်ဆိုင်ကို နင်တစ်ယောက်တည်းလာတာလား။ နင့်ကျောင်းက သူငယ်ချင်းတွေ ဘာလို့ခေါ်မလာတာလဲ"

စင်စင့်မျက်နှာ သိသိသာသာ ပျက်မသွားပါဘူး။ အမူအရာတွေတော့ နှေးကွေးသွားတာ သတိထားမိတယ်။

"ငါက ကျောင်းမှာ သူငယ်ချင်းမရှိပါဘူး"

ရိုးရိုးလေးပဲ ဖြေပါတယ်။ စကားပြောရတာ ကောင်းပါတယ်။ ကြုံတုန်း ကျွန်တော်သူ့ကို စကားတွေအများကြီးပြောဖို့လည်း စိတ်ကူးလိုက်တယ်။ ဒါပေမဲ့ သူက စကားဦးသွားတယ်။ ကျွန်တော့်စိတ်ကူးထဲက စကားလုံးတွေနဲ့ သွေဖယ်နေတဲ့ အကြောင်းအရာတွေဆီ ဦးတည်လို့ပေါ့။

"ခုနစ်စင်ကြယ်ကို ပါဠိလို ဖုသျှတ္တာရလို့ ခေါ်တယ်ဟုတ်လား"

"ငါ ဘယ်သိမှာလဲဟ အဲဒါမျိုးတွေ"

"ညံ့တာဟာ။ ဒါနဲ့ အဲ့ဒီခုနစ်စင်ကြယ်ရဲ့ ကြယ်နှစ်လုံးရဲ့တစ်တန်းမြောက်ဘက်မှာ ဓူဝံကြယ်ရှိတယ်ဆို"

"အေး . . . ပြောတာပဲလေ"

ဘာလို့ ဒီလိုစကားမျိုးတွေကို အရေးတယူ ပြောနေတာလဲ ကျွန်တော်နားမလည်။

"ဒါပေမဲ့ ငါ့ဖြင့် မတွေ့ပါဘူး"

"ဓူဝံကြယ်ဆိုတာ သန်းခေါင်ကျော်မှထွက်တာလို့ ပြောတယ်"

"အေး . . . ငါလည်း သန်းခေါင်ကျော်တိုင်း စောင့်ကြည့်တာပဲ"

ကျွန်တော် သိလိုက်ရပြီ။ သူ့စကားထဲကပဲ သူ့အချိန်စာရင်းကို သိလိုက်ရပြန်ပြီ။

"စင်စင် . . . နင် ညတွေ ဘယ်အချိန်မှအိပ်လဲ"

သူ ပေါ့ပေါ့လေးဖြေဖို့ ပါးစပ်ဟနေတုန်းမှာပဲ ကျွန်တော်ထပ်သတိပေး ကတိတောင်းလိုက်တယ်။



"မှန်မှန် ပြောရမှာနော်"

သူပြုံးတယ်။ ဒါပေမဲ့ သူ့အပြုံးဟာ လွန်ခဲ့တဲ့ မိနစ်တွေကလို ရွှင်ပြစိုပြည်မှု မရှိတော့ပါဘူး။ တောင့်တင်းသွားပြီ။

"ငါအိပ်ချင်တဲ့အချိန် အိပ်တာပေါ့"

ချက်ချင်း စက်ရုပ်တစ်ရုပ်ရဲ့ အသံပြောင်းသွားပြီ။ တည်ငြိမ်အေးစက်စွာ ကျွန်တော့်မျက်လုံးတည့်တည့်ကို ကြည့်ပြီး။

"အင်း . . . အဲဒီ နင်အိပ်ချင်တဲ့အချိန်ဆိုတာ ဘယ်အချိန်လဲ"

"ပုံမှန်တော့ ညနှစ်နာရီနောက်ပိုင်းဆို အိပ်ဖြစ်ပါတယ်။ တစ်ခါတလေလည်း မအိပ်ဖြစ်ပါဘူး"

"နင် ဒီလောက်ညဉ့်နက်တဲ့အထိ ဘာလုပ်နေတာလဲ"

ကျွန်တော့် အသံနည်းနည်းပြင်းတဲ့တိုင် သူမ အတည်အငြိမ်ပျက်ဘူး။ တုန်လှုပ်မှုနည်းနည်းမှ မသက်ရောက်ခဲ့ဘူး။

"ငါစာလုပ်နေတာပါ နေလွင်"

ကျွန်တော် ဖြတ်မမေးခင် သူဆက်ပြောတယ်။

"ကျောင်းစာလုပ်တယ်။ သန်းခေါင်လောက်ဆို တရုတ်စာလုပ်တယ်။ ငါအင်္ဂလိပ်စာလုပ်တာ တော်တော်စရီးရောက်နေပြီ။ တရုတ်စာလည်း အင်္ဂလိပ်ဝါကျဖွဲ့ပုံနဲ့ အတူတူလောက်ပဲ။ အဲ့ဒါကြောင့် အစ်လက်စတည်း လေ့လာလိုက်တာ။ အရွယ်ကောင်းတုန်းအချိန်ကို သုံးထားရမယ်ဟ။ အသက်အစိတ်မပြည့်ခင် ဘာသာစကားသုံးမျိုးလောက်တော့ တတ်ထားသင့်တယ်"

"ဘကြီးအောင်ရဲ့တူကရော ဘယ်နှစ်ဘာသာလောက်တတ်လဲ"

ထင်သားပဲ . . . ။ သူမဖြေဘူးလို့ ထင်သားပဲ။ စကားအနှောခံပြီး ကျွန်တော်ပြောလိုက်တယ်။

သူကတော့ အေးဆေးတည်ငြိမ်စွာပဲ အိတ်ထဲက ပိုက်ဆံတချို့ထုတ်ပြီး ပန်းကန်အနားစနဲ့ ဖိထားလိုက်တယ်။

"သွားရအောင် . . . နေလွင်"

ဒါလည်း ထင်ပြီးသားပါ။ သူ ဒီလိုဆုံးဖြတ်တော့မယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

"ငါတစ်ယောက်တည်း ခဏနေဦးမယ် . . ."

ကျွန်တော့်လေသံ အထိုက်အလျောက် ပြန်လျော့သွားတယ်။

"အင်း . . . ငါသွားပြီ"

သူထွက်သွားတာကို လှည့်မကြည့်ဖြစ်ဖို့ ထိန်းချုပ်နေမိတယ်။ ထိန်းချုပ်လို့ရမယ် ထင်သလား။ မထင်ခဲ့ပါဘူး။ ကျွန်တော်လှည့်ကြည့်တော့ သူက ခပ်ဝေးဝေးမှာ။

လမ်းတစ်ကြောထဲမှာ အတူရှိနေရင်း ကျွန်တော်သူ့ကို လွမ်းဆွေးနေမိပါတယ်။ တရွေ့ရွေ့ထွက်သွားနေတာမှန်း သိရဲ့နဲ့လည်း ကိုယ့်ဆီ လာနေတယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အညာဆုံးသတ္တဝါလား။

သူလည်း လိမ်ညာနေတာပါ။ သူ့ရဲ့နေပုံထိုင်ပုံက ဒီလိုမျိုး မဟုတ်ဘူး။ စင်စင်ဟာ စက်ရုပ်တစ်ရုပ် မဟုတ်ဘူး။

မှုန်ကြုပ်တဲ့ အတွေးတွေနဲ့ ခေါင်းကိုတွင်တွင် ခါမိသေးတယ်။

"ဘာတွေ ခေါင်းခါနေတာလဲ"

အသံလာရာ မော့ကြည့်လိုက်တော့ ယွန်းယွန်း။ ကြုံတတ်၊ ဆုံတတ်လိုက်တာ ဒီနေ့ကျမှ။

ယွန်းယွန်းက ခုံတစ်ခုံဆွဲထိုင်တယ်။ ကျွန်တော့်မျက်နှာကို စိတ်ဖျက်လက်ဖျက် ကြည့်တယ်။

"နင့်ကြည့်ရတာလဲ စိတ်မချမ်းသာဘူး။ ဟိုကောင်စိုးထိုက်တွေ ရင်လည်း အဲဟားမူးနေလို့ စိတ်ဆင်းရဲရတယ်။ တကယ်ပဲ ငယ်သူငယ် ချင်းတွေမို့သာ အဖက်လုပ်နေရတာ နင်တို့ပုံတွေက မတက်ကြွလိုက်တာ ဟာ"

"ငါက ဘာဖြစ်နေလို့လဲ"

"အဲဒါတော့ ဘယ်သိမလဲ။ ငါ့မျက်စိထဲ မြင်တဲ့အတိုင်းပြောရ ရင် နင့်ပုံက အဆိုတော် သောင်းစိန်ဝင်းရဲ့ 'အညာမြေမှာ မောင်မျှော်နေ မယ် မိတုတ်ရယ်' ဗွီစီဒီထဲက အဆွေးမင်းသားလိုပဲ"

"ဘာလဲဟာ . . ."

ကျွန်တော့်ကို အသားလွတ်ကြီး လာတွယ်နေတယ်။



"ဘယ်က အဆိုတော်လဲ၊ သောင်းစိန်ဝင်းဆိုတာ"

"သိဘူးလေ . . . စိတ်ထဲရှိတာ ပြောမိတာ"

ယွန်းယွန်းကတော့ ပေါက်ကရလေးတွေ ပြောတတ်နေပြီပဲ။ ငယ်ငယ်က မျက်မှန်ကလေးနဲ့ ချာတိတ်မကလေး။ အခုတော့ ဆေး ကျောင်းသူမကြီး။ အင်း . . . အချိန်တွေက သိသိသာသာ ရွေ့လျားနေ တာပဲ။

"ခုနက စင်စင် ငါ့ကိုမြင်လို့ ထွက်သွားတာလား"

"ဟုတ်ပါဘူးဟ . . . ငါ့ကိုစိတ်ဆိုးပြီး ထွက်သွားတာပါ"

"သိပါဘူး၊ ငါ့များတွေ့သွားလို့ ထွက်သွားတာလားလို့"

ပြောပြီး ယွန်းယွန်းမျက်နှာလေး ငုံ့သွားတယ်။ ကျွန်တော်လည်း မကောင်းပါဘူး။ အခုထိ သူနဲ့စင်စင်ရဲ့ဆက်ဆံရေးက နဂိုအနေ အထား ပြန်မရောက်သေးဘူးလေ။

ပိုက်ဆံရှင်းပြီး ယွန်းယွန်းနဲ့အတူ ပြန်လာခဲ့တယ်။ မြို့ပြလမ်း တွေက လျှောက်လို့မကောင်းပါဘူး။ မီးခိုးငွေ့နဲ့ ဟွန်းသံတွေကို မုန်း တယ်။ ရုန်းကန်နေရတဲ့ မျက်နှာတွေကို မမြင်ချင်ဘူး။ ကားကြိတ်ပြီး သေနေတဲ့ ခိုတစ်ကောင်ရဲ့ အမွေးတွေလို ညှီအအမြင်ကွင်းတွေ။ လူတချို့ နဲ့ မတိုက်မိအောင်ရှောင်ရင်း လျှောက်ခဲ့ရတယ်။

အရိပ်ဖြိုးဖြိုးရှိတဲ့ လမ်းကလေး။ လူသူနည်းပါးတဲ့ လမ်း ကလေးတစ်ခုဆီ ကျွန်တော်တို့ ရောက်ခဲ့ကြပါတယ်။ လမ်းလျှောက်ရင်း နဲ့ပဲ ယွန်းယွန်းက သူ့အိတ်ထဲက စာအုပ်ကလေးတစ်အုပ် ထုတ်ပေး တယ်။

"ရော . . ."

"ဟင် . . . နင်တို့ ဆေးဒစ်ရှင်နရီစာအုပ်ကြီးမို့လား"

"အင်း . . . စင်စင်ရှာနေတာလေ"

ကျွန်တော် ယွန်းယွန်းမျက်နှာဆီ ကြည့်လိုက်ပြီး . . .

"နင်လည်း စာအုပ်ဆိုင်ထဲမှာ ရှိတာပေါ့"

"ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲဟ နင့်စကားက . . . "

ယွန်းယွန်းက ပြုံးတုံးတုံးလေး ခေါင်းယမ်းပြတယ်။ မဖြေဘူးဆိုတဲ့ သဘောပေါ့လေ။ ဘာရယ်မဟုတ်ပဲ ကျွန်တော် ကျေနပ်နေမိတယ်။

"ဘာပဲဖြစ်ဖြစ် နင်သူငယ်ချင်းကောင်း ပီသတယ်။ အမြဲသည်းခံနားလည်ပေးတတ်တယ်။ ဒါပေမဲ့ စင်စင်ကတော့ ငါတို့သံယောဇဉ်တွေကို . . . "

"ငါတို့မသိတဲ့အကြောင်းတွေ သူ့မှာ ရှိလို့နေမှာပေါ့"

ယွန်းယွန်းအသံထဲမှာ အဲဒီအကြောင်းတွေကို ပြောချင်တဲ့ အရိပ်အငွေ့မတွေ့ရဘူး။ ဒါနဲ့ဒီလိုပဲ ဆက်လျှောက်နေလိုက်တယ်။ ခေါင်းငုံ့ပြီးလျှောက်ရင်း ကိုယ့်ခြေထောက်ကို အမှတ်တမဲ့တွေ့တော့ ပြုံးမိသွားတယ်။

"ယွန်းယွန်း . . . "

"ဟင်"

"ငါ့ခြေမလေးက သနားစရာကောင်းတယ်နော်"

သူငုံ့ကြည့်ပြီး နှာခေါင်းရှုံ့သွားတယ်။

"ဟာ . . . ရွံစရာကြီးပါ"

"ဘာ . . . "

"ဟုတ်တယ် . . . ယောင်နေတာမို့လား။ ပြည်တောင်တည်နေပြီလားမသိဘူး၊ အမယ်လေး . . . ရွံစရာကြီး"

ကိုယ်ကလေးတောင် သိမ့်ခနဲတုန်ပြီး ရွံပြလိုက်သေးတယ်။ ဒါနဲ့များ ဆရာဝန်လုပ်ဦးမယ်။ ကျွန်တော်လည်း စ,နောက်ချင်စိတ်ပေါက်လာပြီး သူ့ရှေ့ကို ခြေထောက်ကြီး မြှောက်ပြလိုက်တယ်။

"သေချာကြည့်ပါဟ . . . ချစ်စရာလေးပါ"

"ဟာ . . . နေလွင် . . . ငါရွံတယ်နော် . . . သွား . . . သွား . . . "

'သွား . . . သွား' အော်ပြီး သူပဲ ထွက်ပြေးပါတယ်။ ကျွန်တော်



ကည်း နောက်ကနေလိုက်ပြီး ခြေမနဲ့တို့ပါတယ်၊ အတို့မခံဘူး။ ကျွန်တော်က ရအောင်တို့တယ်။ သူကလည်း . . .

"ဒီမှာဗျို့ . . . ကျွန်မကို ခြေမကြီးနဲ့ လိုက်တို့နေပါတယ်ဗျို့"

မရှက်မကြောက် တကယ်အော်ပြီး ပြေးပါတယ်။ လူရှင်းနေတဲ့လမ်းမို့လို့ ကျွန်တော်တို့နှစ်ယောက်တည်း ရှိပါတယ်။ ဒါကြောင့်အော်လပ်နေတာပေါ့။

ထွက်ပြေးလို့ ခပ်ဝေးဝေးရောက်တော့ ကျွန်တော့်ကို လှည့်ပြောင်တယ်။ ကျွန်တော်ကလည်း ခြေထောက်ကြီး ပြန်မြှောက်ပြလိုက်ပါတယ်။ တခြားသူမြင်ရင် ဘာလဲညာလဲ ထင်မှားစဖွယ်မြင်ကွင်းကျယ်ဖြစ်သွားမှာစိုးလို့ မြန်မြန် ခြေထောက်ပြန်စုလိုက်တယ်။

မိန်းကလေးတစ်ယောက်ကို ခြေထောက်မြှောက်ပြရတာ လိပ်ပြာမလုံစရာပါလား . . . ။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

သီတင်းကျွတ်။

ငယ်ငယ်တုန်းကတော့ ဒီလိုလမျိုးဆိုရင် ပျော်လိုက်ရတာ အရ
ပေါ့။ မီးပုံးကားဆွဲကြတယ်။ ပြီးတော့ မီးပုံးပျံလိုက်ကောက်ကြ၊ မျော
အိုးမျောက်ကြ၊ မီးသရဲလုပ်ကြနဲ့ပေါ့။ အဲဒီလိုကစားရင်လည်း ထုံးစံအတို
စင်စင်က ခေါင်းဆောင်ပဲပေါ့။ ဘာလုပ်လုပ် သူ့မျက်နှာရိပ်ကို ကြည့်
တယ်။

တစ်ညကိုတော့ ကျွန်တော်တို့ မှတ်မိနေကြမှာပါ။ ယုတ်
တယ်ပဲပြောပြော အဲဒီတုန်းက ကျွန်တော်တို့ နည်းနည်းပျော်ခဲ့ရတယ်
မီးပုံးကား မဆွဲခင်ကတည်းက စင်စင်က ကျွန်တော်နဲ့ ယွန်းယွန်း
တိုးတိုးတိတ်တိတ် တိုင်ပင်ပြီးသား။

အဲဒါကတော့ . . .

ကျွန်တော်တို့ရပ်ကွက်နဲ့ ဟိုဘက်ရပ်ကွက် ကူးတဲ့လမ်းဘက်
တော်တော်လှူပြတ်တယ်ဗျ။ လမ်းမီးတိုင်တွေလည်း မရှိဘူး။ လူနေအိ
တွေနဲ့လည်းဝေးတော့ အလင်းရောင်မရှိဘူး။ အဲဒီလမ်းဘက်ကို ကျွန်တေ



တို့ မီးပုံးကား ဆွဲထွက်ခဲ့တယ်။ လမ်းကမှောင်မည်းပြီးတော့ လမ်းဘေး
ကသစ်ပင်တွေက လေမတိုက်ဘဲနဲ့ လှုပ်ရမ်းနေတယ်လို့ ကျွန်တော်တို့
ထင်နေမိတယ်။ အပင်ချင်းတိုက်ပြီး ကျွီကျွီကီးကီးဆိုပြီး မြည်တဲ့အသံတွေ
တလည်း ခြောက်ခြားစရာပဲ။

လမ်းခုလတ်အရောက်မှာတော့ . . .

စင်စင်က အကြံရှိတော့ သူကြည့်မရတဲ့စိုးထိုက်ကို အဖက်လုပ်
ပြီး . . .

"စိုးထိုက်"

"ဟေ . . . ဘာလဲ"

"နင် သီချင်းဆိုတတ်လား"

"ဆိုတတ်တာပေါ့ဟ . . . ငါ့ရွာကဘကြီး အရှယ်ကောင်း
တုန်းက ဓာတ်မင်းသားပဲ"

စိုးထိုက်ဆိုတဲ့ကောင်ဟာလေ . . . ဘယ်တော့မှ အမှတ်မရှိ
ဘူး။ စင်စင်သူ့ကို စကားပြောရင် အကြံတစ်ခုရှိမှန်း ရိပ်မိသင့်တာပေါ့။
ဒါပေမဲ့ ဒီကောင်က ဂုဏ်ယူယူပဲ။ စင်စင် သွေးတိုးစမ်းတဲ့မေးခွန်းကို
ဒီကောင်က ထုံးစံအတိုင်း သူ့ရွာကဘကြီးနဲ့ ရှီးပြနေပြန်တယ်။

"ငါပြောတာ ဓာတ်သီချင်း မဟုတ်ဘူးဟဲ့"

"ဩော် . . . အစုခေတ်သီချင်းလား။ ရပါတယ်။ နင်ကြိုက်
တဲ့အဆိုတော်ရဲ့ သီချင်းသာပြော . . . ငါဆိုပြမယ်"

ကိုယ်တော်က အဲဒီလိုဖြေပြီး ကျွန်တော်နဲ့ ယွန်းယွန်းဘက်ကို
မေးရိုတ်ပြီး လက်ပိုက်ပြလိုက်တယ်။ သူကောင်းသားက အဲဒီလို အမြင်
ကတ်ဖို့ကောင်းတယ်။ စင်စင်ကတော့ ခေါင်းတညိတ်ညိတ်နဲ့ (သူ့
အကွက်ထဲဝင်လာလို့) သဘောကျနေတယ်။

"စင်စင် . . . စုန်းမဆိုတဲ့သီချင်း ဆိုခိုင်းလိုက်ဟာ"

ယွန်းယွန်းက ကျွန်တော့်အကြံပေးချက်ကို ဝင်ကန့်ကွက်
"မဆိုခိုင်းနဲ့ . . . စင်စင်။ နာမည်က စုန်းမတဲ့ဟ ကြောက်စရာ
ကြီး။ လမ်းက မှောင်ကမှောင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကျန်တဲ့သူ ကြောက်မကြောက်တော့ မသိဘူး။ စိုးထိုက်ကတော့ ကြက်သီးထနေတဲ့ပုံပဲ။ ကျွန်တော့်နားလေးကို မသိမသာ တိုးလာတယ်လေ။ စင်စင်က ဘာသီချင်းဆိုခိုင်းရမလဲ စဉ်းစားနေရာက အကြံပေါ်သွားတယ်။

"ဟာ . . . ဟုတ်ပြီ"

စိုးထိုက်က တုန်နေပါသည်။

"နေလွင်ပြောတဲ့ စုန်းမတော့ ငါမရဘူးနော်"

"အေးပါဟာ . . . ငါလည်း အဲဒါ မဆိုခိုင်းပါဘူး"

"ဒါဆိုပြော ဘာသီချင်းလဲ"

"ဟိုသီချင်းလေဟာ . . . သီချင်းနာမည်တော့ မသိဘူး။ သူခေါ်တယ် . . . လာပါ . . . လာပါ . . . ညညဆို . . . ကားရား . . ကားရား . . . ဆိုတာလေဟာ"

အဲဒီသီချင်းတော့ ကျွန်တော်လည်းကြောက်တယ်။ သီချင်းစာသားတွေက စိတ်မျက်လုံးထဲမှာ ပုံဖော်တာ ပီပြင်လွန်းလို့ပါ။ စင်စင် . . တော်တော့်စဉ်းစားတတ်တာပဲ။

"ညညဆို ကားရားကားရားဆိုတာ ဟုတ်လို့လား"

"သိဘူးလေ . . . ငါတော့ အဲဒီလိုကြားတာပဲ။ ကဲ . . . ကြာတယ်။ ဘယ်လိုလဲ စိုးထိုက် ရတယ်မို့လား"

စိုးထိုက် တံတွေးတွေ မျိုချနေတယ်။ ဆေးဘီအမှောင်ကို မျက်စိသူငယ်နဲ့ကြည့်ပြီး . . .

"စင်စင် . . . သီချင်းပြောင်းပေးပါလားဟာ။ အဲဒီသီချင်းကောင်းကောင်းမရဘူး"

"ရသလောက်ဆိုပါဟာ။ အဲဒီသီချင်းက ကလို့ကောင်းတယ်ဟ။ နင်က ရှေ့ကဆို ငါတို့သုံးယောက်က နောက်ကနေ ယိမ်းကပြီးလိုက်မယ်လေဟာ"

စိုးထိုက် အကြပ်ရိုက်ပြီပေါ့။ ယွန်းယွန်းကတော့ မျက်မှန်ကလေးပင့်တင်ရင်း ကြောက်နေရှာတယ်။ သည်လမ်းကလည်း တော်တော်မှောင်



သာကိုး။

"ကဲပါ . . . ဘာမှ မစဉ်းစားနဲ့တော့ ငါပြောတဲ့အတိုင်းသာဆိုစ်"

အမိန့်တော်မြတ်တိုင်းပါဘုရားလို့ မပြောရုံတမည်သာ။ အားလုံး သူ့စိတ်အတိုင်း လုပ်ရပါတော့တယ်။ ကျွန်တော်တို့လည်း မီးပုံးကားကလေးတွေကို တွန့်တွန့်ဆုတ်ဆုတ် ဆွဲခဲ့ကြပါတယ်။ ရှေ့မှာတော့ စိုးထိုက်က သီချင်းဆိုလို့ပေါ့။

"သူခေါ်တယ် . . . လာပါ . . . လာပါ . . . ညညဆို . . ကားရား . . . ကားရား . . . ဂမ္ဘီရ သူ့ရဲ့ဝိညာဉ် . . . ကိုယ့်ရင်ထဲတိုးဝေ့ဝင်လာ"

ဆိုပြီး လှည့်ကြည့်သေးတယ်။ စင်စင်က ချီးကျူးပါတယ်။

"စိုးထိုက် . . . နင့်ဘကြီး ဇာတ်မင်းသားဆိုတာ တကယ်ယုံသွားပြီ။ နင့်အသံက ရှယ်ကောင်းတာ။ ဒါပေမဲ့ နင်က လှည့်မကြည့်နဲ့လေ။ နင်လှည့်ကြည့်တော့ ငါတို့ကရတာ မကောင်းဘူး"

"အေး . . . အေး . . . "

စိုးထိုက်က အစုထိ အစီအစဉ်ကို မရိပ်မိဘူး။ စင်စင်က ချီးကျူးလို့ အားတောင်တက်သွားတဲ့ပုံပဲ။ စင်စင်ကတော့ ကျွန်တော်တို့ကို မျက်ပြနေပြီ။ စိုးထိုက်ကတော့ ဘာမှမသိ ကားရားကားရားကို ဆက်ဆိုနေတယ်။

"သူခေါ်တယ် . . . လာပါ . . . လာပါ . . . ညညဆို . . ကားရား . . . ကားရား . . . ဂမ္ဘီရ သူ့ရဲ့ဝိညာဉ် . . . ကိုယ့်ရင်ထဲတိုးဝေ့ဝင်လာ"

ကျွန်တော်တို့ ဖိနပ်လေးတွေ ဖွဖွချတ်၊ မီးပုံးကားကလေးတွေကိုပါ အသံတိတ် ထွက်ပြေးလာကြတယ်။ စိုးထိုက်ကတော့ မသိ။ နောက်လှည့်မကြည့်ဘဲ ကားရားနေတုန်း။ ကျွန်တော်တို့ အတော်လေးအလှမ်းဝေးတော့မှ စိုးထိုက်ကို လှမ်းအကဲခတ်ကြတယ်။ စိုးထိုက်ကလည်း ကြာသာတော့ မသင်္ကာဖြစ်သွားပုံပေါ်တယ်။ နောက်ကို ဖျပ်ခနဲ လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဘယ်သူမှမရှိမှန်းသိတော့ . . .

"အမယ်လေးဗျ . . ."

ငယ်သံပါအောင် အော်ပြီး ပြေးပါတော့တယ်။ ကျွန်တော်တို့တတော့ သူတစ်ပါးကို ချောက်ချရလို့ ရယ်မောကျေနပ်နေကြတယ်။ နိုးထိုက်ခများမှာတော့ မြန်ချင်ဇောနဲ့ ပြေးတော့ခြေလှမ်းတွေ ဘယ်မူမှန်ပါ့မလဲ။ လမ်းမှာ ချော်လဲတော့တာပေါ့။ ဒူးပြဲသွားတယ်လေ။

အစကတော့ ကျွန်တော်တို့ ရယ်ကြပါသေးတယ်။ နောက်တော့ နိုးထိုက်ရဲ့ ငိုသံကျယ်ကြီးကိုကြားလို့ ပြေးသွားကြတယ်လေ။ အနီးရောက်တော့မှ ဒူးခေါင်းမှာ သွေးတွေရဲနေတာကို တွေ့ကြရတယ်။ 'ဟင့် . . . ဟင့်' နဲ့ ရှိုက်နေတာမြင်တော့ စင်စင့်မျက်နှာမကောင်း။ သူပဲ အနိုင်ကျင့်တုန်းက ကျင့်ပြီးတော့လေ။ အင်း . . . ကျွန်တော်တို့လည်း အလိုတူအလိုပါပါ။ စင်စင်ကပဲ အိမ်ခေါ်ပြီး ဆေးထည့်ပေးရပါတော့တယ်။

အမှတ်ရစရာပါပဲ။

စင်စင် ဉာဏ်ကောင်းပုံကိုလည်း ဘယ်မေ့မလဲ။ အဲဒီတုန်းကလည်း သီတင်းကျွတ်ပဲ။ ကျွန်တော်တို့ရပ်ကွက်ထိပ်မှာ စတိုးဆိုင်ကြီးတစ်ဆိုင်ရှိတယ်။ အဲ့ဒီဆိုင်က ကလေးကြိုက်ပစ္စည်းတွေ စုံတယ်ဗျ။ အခုလို သီတင်းကျွတ်ကာလဆိုရင် ယမ်းဖောက်သေနတ်၊ မီးပုံးကား၊ မီးရှူးပန်းတွေ အဲဒီလိုကို စုံနေတာပဲပေါ့။ အဲဒီထဲကမှ ကျွန်တော်တို့လိုချင်တာက မီးပုံးပျံကြီးဗျ။ မီးပုံးပျံက တော်တော်ကြီးတယ်။ အင်း . . . ဈေးကလည်း မြောက်တာပေါ့ဗျာ။ အဲဒီအချိန် ကျွန်တော်တို့တွေ ဘိုင်ပြတ်နေတယ်ဗျ"

လေးယောက်ပေါင်းတောင် လေးကျပ်မရှိတဲ့ အခြေအနေ။ မီးပုံးပျံကြီးကိုလည်း လိုချင်စဖွယ်ဖြစ်အောင် စတိုးဆိုင်ရဲ့ရှေ့မှာကို ချိတ်ဆွဲထားတာ။ စင်စင်ကို အဲ့ဒီဆိုင်ရှေ့မှာ အကြာကြီး ရပ်ကြည့်နေရှာတာ။ အားလုံးမှာလည်း ငွေမရှိတော့ ခက်နေတယ်။ ယွန်းယွန်းကလည်း သူ့မျက်မှန်ကလေးကို အကျီစနဲ့ ဖုန်သုတ်ရင်း . . .

"ပြန်ရအောင်ပါ စင်စင်ရယ် . . . ရပ်ကြည့်နေလို့ အလကားပေး



မှာလည်း မဟုတ်ဘူး"

ယွန်းယွန်းက စိတ်ဓာတ်ကျဖွယ် စကားဆိုပေမယ့် စင်စင်က စိတ်မလျှော့ဘူး။

"ငါကြံနေပါတယ် . . . ယွန်းယွန်းရယ်"

စင်စင်ကြံရင်တော့ တစ်ခုခုထူးမှာပါ။ စင်စင်က ဆင်ကြံကြံတတ်တယ်လေ။

"ဟုတ်ပြီ"

"ဘာလုပ်တာလဲ"

အားလုံးက သိချင်ဇောနဲ့ ဝိုင်းမေးကြတယ်။ သူက မဖြေဘဲ သူ့အကြံသူ ပီတိဖြာနေသေးတယ်။ ပြီးမှ . . .

"အိုး . . . ဟိုး . . . တယ်တော်တဲ့ငါပါလား"

"စင်စင် . . . ဘာအကြံရတာလဲ ငါတို့ကိုပြောဦးလေဟာ"

"အေး . . . ပြောမယ်၊ နင်တို့လုပ်လည်း ဝိုင်းလုပ်ရမယ်"

သူ့အကြံကို ဆက်ခင်းပြတယ်။

"ငါတို့လူကြီးတွေကို ကန်တော့ကြမယ်။ အဲဒါဆို မုန့်ဖိုးရမယ်လေဟာ"

"ဟာ . . . ငါ ကန်တော့ပြီးပြီဟ၊ ရတဲ့ပိုက်ဆံလည်းကုန်ပြီ"

"ငါကောပဲ"

"ငါလည်း အစောကြီးကတည်းက ကန်တော့ထားတာ"

ကျွန်တော်တို့အားလုံး ညည်းညူလိုက်ကြတယ်။ ဒီတစ်ခါ စင်စင့်အကြံ မစွံပါလားလို့လည်း တွေးမိကြသေးတယ်။ စင်စင်က အသာပြုံးလျက်။ သူ့အကြံ ကျွန်တော်တို့ထင်ထားသလောက် မပေါ့ဘူးထင်ရဲ့။

"သိပါတယ်ဟာ . . . အခုကန်တော့မှာက အိမ်ကမိဘကို ကန်တော့မှာမဟုတ်ဘူး"

"ဒါဆို ဘယ်သူ့ကို ကန်တော့မှာလဲ"

"ဘ ကြီး အောင် ကို"

"စင်စင့် ပီပီသသဖြေသံနဲ့အတူ ကျွန်တော်တို့မျက်လုံးတွေ ထင်



www.burmeseclassic.com

www.burmeseclassic.com

ဝင်းသွားတယ်။ ဟုတ်တယ်။ ဘကြီးအောင်ကိုကန်တော့ရင် အခြေအနေ ကောင်းမှာ သေချာတယ်။ ဘကြီးအောင်က စင်စင်နဲ့ယွန်းယွန်းဆို သိပ်ချစ်တာ။ အခုလို သိသိတတ်တတ် လာကန်တော့တာမျိုးဆို . . အိုး . . မုန့်ဖိုးတွေ ရှယ်ရမှာပဲ။ အင်း . . . ဒါပေမဲ့ . . .

"ငါတို့က ဘာနဲ့ကန်တော့မှာလဲ စင်စင်ရဲ့"

"ကန်တော့ဖို့ မုန့်တွေဝယ်ဖို့လည်း ပိုက်ဆံမရှိပဲနဲ့"

စင်စင်က မေးစေ့ပွတ်ပြန်တယ်။

"အေး . . . အဲ့ဒါတော့ နည်းနည်းထပ်စဉ်းစားရဦးမယ်"

စဉ်းစားတာ တော်တော်နဲ့မရဘူးဗျ။ ဘာလုပ်ရမှန်းမသိတာနဲ့ ရပ်ကွက်ထဲ လျှောက်သွားနေလိုက်တယ်။ အဲဒီမှာ စိုးထိုက်က စကားတစ်ခွန်းဆိုလာတယ်။

"နေလွင် . . . ဟောကောင် . . . မင်းအဖေ မနေ့က ဉပုသ်စောင့်သွားတုန်းက ဝတ်တဲ့ပုဆိုးကြီးက တောင်ရှည်ဆိုတာလား"

"တောင်ရှည်လား၊ တောင်တိုလားတော့ သိပါဘူးကွာ။ ကြီးတာတော့ အကြီးကြီးပဲ"

ဒီစကားတွေ စင်စင့်ဦးနှောက်ထဲ စိမ့်ဝင်သွားတဲ့အခါ အကြံအစည်တွေ ဖြစ်သွားတော့တာပေါ့။

"နေလွင် . . . "

"ဟင်"

"ခုနက စိုးထိုက်ပြောတဲ့ ပုဆိုးကြီးသွားခိုးခဲ့ဟာ"

"ငါ့အဖေသတ်မှာပေါ့။ နောက်ပြီး ပုဆိုးက အသစ်ကြီး"

"အေး . . . အသစ်ကြီးဆိုတော့ ပိုကောင်းတာပေါ့။ အဲဒီပုဆိုးနဲ့ ဘကြီးအောင်ကို ကန်တော့ရမှာ။ နင် မီးပုံးပျံမလွှတ်ချင်ဘူးလား"

အမှန်တကယ်တော့ ကျွန်တော်က အဲဒီလောက် မလွှတ်ချင်ပါဘူး။

"အေး . . . ပြီးရောဟာ ငါသွားခိုးမယ် စောင့်နေ"

ဗီရိုထဲက မီးပူကျကျနနတိုက်ထားတဲ့ ပုဆိုးကြီးကို ကျွန်တော်



. . . နိုင်ခဲ့ပါတယ်။ ကျွန်တော် ပုဆိုးကြီးမပြီး ရောက်လာတာမြင်တော့ အားလုံးက ဝမ်းသာခုန်ပေါက် ကြိုဆိုကြတယ်။

"မီးပူတိုက်ပြီးသားပဲ"

"အင်း"

"အားနာပါတယ် . . . ။ ငါလည်း မီးပုံးပျံ လွှတ်ချင်လွန်းလို့ပါ။ ငါ မုန့်ဖိုးတွေစုထားပြီး နောက်မှ အသစ်ပြန်ဝယ်ပေးမယ်နော်"

"အားနာမနေပါနဲ့ဟာ . . . ငါလည်း တေက်ပြားလုပ်ပြီးပြီ"

"အေးပါ . . . အေးပါ . . . အခုငါတို့ အမှိုက်ပုံဆီ ချီတက်ကြစို့"

"ဟင် . . . ဘာလုပ်ဖို့လဲ"

မဖြေပါ။ သူခေါ်ရာနောက်သာ လိုက်ခဲ့ကြရပြန်ပါတယ်။ အမှိုက်ပုံဆီရောက်တော့မှ ယွန်းယွန်းကို ခတ်မီးထိုးခိုင်းတယ်။ သူတစ်ခုခု ရှာနေတယ်။

"ဘာရှာတာလဲဟ"

"တံဆိပ် . . . တံဆိပ် . . . ငါတို့ပုဆိုးကို အသစ်နဲ့တူအောင် တံဆိပ်ကပ်ဖို့ လိုသေးတယ်လေ"

"အမှိုက်ပုံထဲကဟာနဲ့တော့ မကောင်းပါဘူးဟာ"

"အခုတော့ ဒီနည်းက အလွယ်ဆုံးပဲဟ"

သူ့စကားအတိုင်းပဲ ရှာခဲ့ကြပါတယ်။ တော်တော်ကြာတဲ့အထိ ပုဆိုးတံဆိပ်ကို မတွေ့ကြပါဘူး။ ဒါပေမဲ့ မြင့်မြင့်ခင်ထိုးမုန့်တံဆိပ်ကြီး သွားတွေ့တယ်။ အဲဒါနဲ့ မထူးဘူးဆိုပြီး မြင့်မြင့်ခင်ထိုးမုန့်တံဆိပ်ကြီး ကိုပဲ ယောင်မှားကပ်ပေးလိုက်တယ်။ မြင့်မြင့်ခင်ပုဆိုးကြီး ဖြစ်သွားတော့ပေါ့။

အဲဒီ မြင့်မြင့်ခင်ပုဆိုးကြီးနဲ့ပဲ ဘကြီးအောင်ကို သွားကန်တော့ကြတယ်။ ဘကြီးအောင်က လူကြီးဆိုတော့ ကန်တော့တာပဲ မြင်တယ်။ ပုဆိုးတံဆိပ်ကို မမြင်ပါဘူး။ ကျွန်တော်တို့ကတော့ ကန်တော့ရင်း . . . ကျိတ်ရယ်မိကြသေးတယ်။ ဘကြီးအောင်မုန့်ဖိုးပေးတော့ . . . အောင်



www.burmeseclassic.com

www.burmeseclassic.com

မဆောင်နိုင်ဘူး။ လက်ဝါးကလေးတွေ ဖြန့်လိုက်ကြတာ။ မုန့်ဖိုးလည်း ရအော တန်းလစ်ခဲ့တာပေါ့။ စတိုးဆိုင်သွားပြီး မီးပုံးပျံဝယ်ကြတယ်။ မုန့်ဖိုးကများတော့ မီးဖိုးပျံနှစ်လုံးဝယ်ပြီးတာတောင် နည်းနည်းပိုနေသေးတယ်။

မီးပုံးပျံကို မလွှတ်တတ်၊ လွှတ်တတ်နဲ့ လွှတ်ကြတာ ပထမတစ်လုံးက အဆင်မပြေဘူး။ နည်းနည်းကလေးမြင့်ရုံရှိသေး ပြန်ကျလာတာ အဲဒါနဲ့စင်စင်က အကြံထုတ်ပြန်တယ်။ သူ့အကြံအရ မမှာရုံနားက မိုးပျံပူဖောင်း သုံးလေးလုံးလောက် သွားဝယ်ရတယ်။ နောက်ပြီး မီးပုံးပျံမှာ တွဲချည်ထားလိုက်တယ်။ ပထမတစ်လုံးထက် ဒီဇယ်များများစွတ်ပြီး မီးရှို့လိုက်တယ်။

"ဟေး . . ."

"ဟေး . . ."

မီးပုံပျံကြီးက ကြီးကလည်းကြီး၊ ဒီဇယ်များတော့ လောင်အားလည်းကောင်းပြီး လင်းကလည်းလင်းနဲ့ ပြီးတော့ မိုးပျံပူဖောင်းစွမ်းအားကလည်းပါတော့ တစ်ခဏအတွင်း ကောင်းကင်ကို အဟုန်နဲ့တက်သွားတာ။ လမ်းသွားလမ်းလာတွေတောင် တအံ့တသြငေးယူရတယ်။ ကလေးတွေလွှတ်တဲ့မီးပုံပျံက ဒီလောက်တောင် ကောင်းလှချည်လားဆိုပြီးတော့လေ။

"အောင်မြင်ပြီကွ"

စင်စင့်မျက်နှာကလေး မြူးပနေတာ ကျွန်တော်မြင်လိုက်ရတယ်။ အဲဒီအချိန် ရွှန်းလင်းနေတဲ့ သူ့မျက်လုံးလေးဟာ အဝေးကိုမြင့်တက်သွားတဲ့ မီးပုံးပျံကြီးထက် ပိုလှတယ်။ စိုးထိုက်ကလည်း စင်စင့်ကို ချီးကျူးတယ်။ (တကယ်တော့ အားလုံးစိတ်ထဲမှာ ချီးကျူးပြီးသားပါ)

"စင်စင် . . . နင်ကြံရင် အောင်မြင်တာချည်းပဲ"

"ဟင်း . . . ဟင်း . . ."

သူ ဂုဏ်ယူစွာ ပြုံးတာပေါ့။ ပြုံးပြီး ယွန်းယွန်းကို ပြောပါတယ်။



ယွန်းယွန်း . . . တွေ့လား။ ငါတို့ အခုလို အောင်မြင်တာ ကြံရှိရှိ ဖွဲ့မလျှော့ဘဲ လုပ်လို့ပဲ။ ဒါကြောင့် အောင်မြင်တယ်ဆိုတာ ခြိလုပ်သူတို့ရဲ့ အဖြေပဲဆိုတဲ့ စကားမျိုးထွက်လာတာပေါ့"

ယွန်းယွန်းကတော့ စင်စင့်စကားကိုတွေးရင်း မျက်မှန်ကလေး တောင်နေတယ်။ ကျွန်တော်လည်း မနေနိုင်လို့ ဝင်မေးလိုက်သေးတယ်။

"အဲ့ဒါ ဘယ်သူ့စကားလဲ"

"နပိုလီယံထင်တယ်"

ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ အလီကျက်နေချိန်မှာ ကွမ်တန်သီအိုရီအကြောင်း ဖတ်ဖူးနေလောက်မှာပါ။

အို: . . . ကျွန်တော် အတိတ်တွေအများကြီး ပြန်တွေးမိနေပါ အတိတ်တွေက လှတယ်။ စိမ်းလန်းနေတဲ့ ရှုခင်းပန်းချီကားလို န့်တွေကတော့ မီးလျှံပန်းပုရုပ်တစ်ခုလို . . .

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေ ကျောင်းပိတ်ရက်တချို့မှာတော့ ကျွန်တော်ဒီနေ့ ကို ရောက်လာတတ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်က တက်ခဲ့ ကျောင်းဆီကိုပါ။ ဖတ်စရာစာအုပ်လေးတစ်အုပ်ကို ကိုင်ပြီး ဟိုသည် လျှောက်ကြည့်နေမိပါတယ်။

ဘောလုံးကွင်းကို ဖြတ်ပျံလာတဲ့ ငှက်တွေ။ ပျင်းရိဖွယ် တို တိုက်တွေ၊ ကျောင်းဆောင်သွပ်ခေါင်မိုးတွေက အရောင်ပြန်လို့။ တ ဝင်ကြီးရဲ့ ဆံပင်အုပ်အုပ်ကြီးကလည်း အရောင်သိပ်စုံလှတယ်။ အ တချို့၊ အနီတစ်သွယ်နဲ့ အစိမ်းရောင်တွေလည်း ကြားခံခြယ်သထားသေ တယ်။ ဘောလုံးကွင်းအနောက်ဘက် ရေစင်ကြီးက တဝေါဝေါ။ တွ အောင်း သတ္တဝါကြီးတစ်ကောင်လို အော်နေတယ်။

ဘယ်အရပ်ကလဲ့ည်း မသိဘူး။ လေတွေတိုက်တော့ လဲလျော နေတဲ့ ကျွန်တော့်မျက်နှာကို မြက်ပင်တွေက ပွတ်သပ်ကြတယ်။ အ အကြောင်းမပါတဲ့ သီချင်းတစ်ပုဒ်ကို ရွေးဆိုနေမိတယ်။ ဒါ . . . ဒါ ဒီ . . . ဒီ . . . လာ . . . လာ . . . ။

ညနေဟာ အစိမ်းရောင်ပုပ်ပုပ်တောအုပ်ကို ကျောင်းကလေး ဝါးမျိုတယ်။ ကျောင်းဆောင်တစ်ခုရဲ့ ပြတင်းပေါက်တံခါးတစ်ချပ် ဟိုဘက်ဒီဘက် လှုပ်ခါနေတယ်။ အဲဒါနဲ့ မဆိုင်လွန်းတဲ့ စကားတစ်ခွန်း ကို ငါဆိုမယ်။ နင့်ကို ငါချစ်တယ်၊ နင့်ကို ငါချစ်တယ်၊ အဲဒီလို အခါ အထပ်ထပ် အိပ်မက်ထဲမှာဖွင့်ပြောမယ်။ သူရဲဘောကြောင်တယ်ဆိုတာ



သေး ထားပါတော့လေ . . . ။ ပါးစပ်ရှိတဲ့သူတိုင်းမှာ စကားတွေရှိ သဲ။ ဟိုးမှာကြည့် . . . တောင်ယာပလုတ်ကျင်းတဲ့ မီးရှို့ခြင်းမဟုတ်။ ဖြတ်ပျံ၊ ငှက်ပျံကစားနည်းထဲမှာ ငါ့ရင်ခုန်သံ အငွေ့ပျံသွားခဲ့တာပါ။ သူရဲဘောကြောင်ဆိုတဲ့စကား ချစ်ရေးချစ်ရာအတွက် မသုံးပါနဲ့လား။

ကိုယ့်ကိုယ်ကိုယ်ပဲ ပုတ်ခတ်လိုက်၊ ဆင်ခြင်လိုက်နဲ့။

တွေ့ရာလေလွင့် အတွေးတို့နဲ့ပဲ ကျွန်တော် ကျောင်းကလေးထဲ လျှောက်သည်လျှောက် သွားနေခဲ့တယ်။ ကျောင်းဂိတ်ပေါက်ဝက ဂိတ် စောင့်တဲ့ပုကလေးမှာ အဘကို တွေ့လိုက်ရတယ်။ အဘဆိုတာ ဒီကျောင်း ကျောင်းစောင့်ကြီးပါ။

အဘက ဒီကျောင်းမှာ နေတာကြာလှပါပြီ။ ကျွန်တော်တို့တင် ဘူး၊ ကျွန်တော့်အစ်မတို့ မမွေးခင်ကတည်းက ဒီကျောင်းမှာ ကျောင်း စောင့်လုပ်လာခဲ့တာပေါ့။ သူရဲ့ ရှည်လျားတဲ့နှစ်တွေကို ကိုယ်ချင်းစာကြည့် တော့ ကျွန်တော်ပျင်းရိတယ်။ သူလည်း ပျင်းမှာပါပဲ။ သူက ပျင်းရင် လို ငုတ်တုတ်ထိုင်ပြီး ရေးဟောင်းဆေးတံကြီးကို ဖွာနေတတ်တယ်။

သူ့ရဲ့အပျင်းဖြေနည်းကလည်း လေထုညစ်ညမ်းရုံကလွဲပြီး ဘာမှ မရှိပါဘူး။ (နောက်ဆက်တွဲ တွေးမိတာကတော့ အချို့အပျင်း နည်းတွေက သိပ်ပျင်းစရာကောင်းတယ်ဆိုတာပဲ)။ ကျောင်းစောင့်ကြီး လေးကကြည့်ရင် ကျွန်တော်မကြိုက်တဲ့ ပုံပြင်ထဲက အဘိုးကြီးတစ်ဦး ည်း တူတယ်။ ပုဆိုးနွမ်းနွမ်း အင်္ကျီအဖားနဲ့ ဆေးတံရှည်ရှည်ကြီးနဲ့ ယာနေတတ်တဲ့သူပေါ့။

တစ်ခုတော့ ကောင်းသလိုရှိတယ်ဗျ။ သူနဲ့စကားပြောရတာ စိတ် သာတယ်။ ကိုယ်ဘာပြောပြော သူက ငြိမ်ပြီး နားထောင်နေတဲ့တ ။ တကယ်တော့ မကြားလို့ ငြိမ်နေတာပါ။ သူက နားမကောင်း လေ။

သူ့စကားပြန်ကိုလိုချင်ရင် သာမန်ထက် ငါးဆလောက် အော် ရတယ်။ ဒါပေမဲ့ သဘောကောင်းပါတယ်။ ကျွန်တော်နဲ့ ကျောင်းအပြန် မိုးမိဖူးတယ်။ သူများပြန်တဲ့အချိန်မပြန်ဘဲ လျှောက်



www.burmeseclassic.com

www.burmeseclassic.com

နေကြတာလေ။ မိုးရွာမှ အခက်ကြုံတော့တာပဲ။ အဲဒါနဲ့ ကျောင်းစောင့်ကြီးက ဘာလုပ်တယ်မှတ်လဲ။ ကျောင်းအနောက်ဘက်က ငှက်ပျောရွက်ကြီးတွေကိုခုတ်ပြီး လာပေးတယ်။ နှစ်ယောက်သား ငှက်ပျောရွက်တွေ ခေါင်းမှာမိုးပြီး ပြန်ခဲ့ရတယ်လေ။

အင်း . . . မှတ်မိစရာလေးကျန်သေးတယ်ဗျ။ ကျွန်တော်နဲ့ စင်စင်ရယ်၊ ယွန်းယွန်းတော့ပါလား မပါလား မမှတ်မိတော့ဘူး။ အင် ကျောင်းအပြင်မှာ စောင့်နေတာထင်တယ်။ အဲဒီတုန်းကလည်း ညနေ ကျောင်းဆင်းပဲ။ စင်စင်က အိမ်ကထုတ်လာတဲ့ မုန့်တွေကို ကျောင်းစောင့် ကြီးကို သွားကျွေးတယ်။

"အဘစား"

ပါးစပ်ကလည်း အော်ပြော၊ အမူအရာကလည်း လုပ်ပြရသေး တယ်။ သဘောပေါက်သွားမှ သူကမုန့်တွေကို ယူစားတယ်။ မငြင်းဘူ ရှောက်ဘူး။ သူစားပုံကို စင်စင်နဲ့ကျွန်တော် ပြုံးပြီးကြည့်နေမိတယ်။ ပြီးမှ စင်စင်က စနောက်နောက်ပြန်ပြောတယ်။

"အဘ . . . "

တော်တော်အော်ပြောရတယ်။

"အဘ . . . ဒီနေ့ သမီးမုန့်ကျွေးတယ်နော်။ မနက် . . ."

"ဟမ် . . . ဘာပြောတာလဲ"

"အဘ . . . ဒီနေ့ သမီးမုန့်ကျွေးတယ်နော်လို့"

"သြော် . . . အင်း . . ."

"အဲ့ဒါ မနက်ဖြန်ကျရင်လည်း အဘက မုန့်ပြန်ဝယ်ကျွေးရ နော်"

စင်စင်က အဲ့ဒီလို နောက်လိုက်တာပါ။ စင်စင်ကသာ နောက် တာ ကျောင်းစောင့်ကြီးရဲ့ မျက်နှာကတော့ သိုးပုပ်သွားတယ်။

"ဘာ . . . ဝယ်ကျွေးဘူး . . . သွား . . . သွား . . . နင့်မုန့် လည်း မစားတော့ဘူးတဲ့"

နှုတ်ခမ်းမွေးကြီး တဆူဆူနဲ့ ခြေကာကာလက်ကာ ငြင်းတာ



သေး။ ကျွန်တော်နဲ့စင်စင်တောင် ရယ်မိမလို ဖြစ်ကြသေးတယ်။ စင်စင် ကလည်း ဘယ်ခေမလဲ။ ပြန်အော်တာပေါ့။

"သူများမုန့်ကြ စားပြီးတော့"

"ငါတောင်းစားတာမှ မဟုတ်တာ၊ နင်ကျွေးတာပဲ" တဲ့။ ခဏ ကြာပြီးမှ . . .

"မဖြစ်ဘူး . . . ၊ ငါ . . . ငါ . . . ပိုက်ဆံစုနေလို့ ကျွေးလို့ မရဘူး" တဲ့။

"ဟမ် . . . "

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူထွက်သွားတဲ့ အာမေဍိတ်ပေါ့။ သူ ပိုက်ဆံစုနေတယ်ဆိုလို့ ထူးဆန်းသွားတာပါ။

"အဘက ပိုက်ဆံစုပြီး မိန်းမယူမလို့လား"

ကျွန်တော်က အော်မေးတော့ သူ အကြာကြီး ပြုံးနေတယ်။ အကြာကြီးပဲ . . . ။ ပြုံးလို့အားရမှ တစ်ခွန်းတည်းဖြေတယ်။

"အေး" တဲ့။

အင်းလေ . . . သူလေလည်း လူပေပဲ မဟုတ်လား။

သူ့ရဲ့နေထိုင်ပုံက အခုထိ ဒီလိုပါပဲ။ ဆေးတံရှည်ကြီးလိုပဲ တွေးတွေ အရှည်ကြီးတွေးနေနဲ့သူပေါ့။ သူနဲ့ မလှမ်းမကမ်းမှာထိုင် ပြီး ကျွန်တော် ခံစားမိသမျှလေးတွေ ပြောပြနေမိတယ်။ သူကြားမှာတော့ မဟုတ်ပါဘူး။ ကျွန်တော်က ပုံမှန်လေသံနဲ့ပဲ ရေရွတ်နေရုံသာက် ပြော တာပါ။

စင်စင့်ကိုတော့ အဘမှတ်မိမှာပေါ့။ သူအရင်လို မဟုတ်တော့ ဘူး သိလား . . . သူက ငှက်တစ်ကောင်တဲ့ . . . . . .

. . . ကျွန်တော် သူ့အနားမှာ အမြဲနေချင်မိတယ် . . .

. . . . . . ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ . . . . . . . . . ငယ်ငယ်က သူငယ်ချင်းလေးတွေ ပြောင်းလဲ . . . . . . တစ်ခါတစ်လေ . . . . . .

. . . . . . . . . . . . . . . . . . . . . . . .

ကျွန်တော် မကြာခဏ အဘကို ဒီလိုမျိုးပြောပြနေကျပါ။ မုန့်ရှိ



www.burmeseclassic.com

www.burmeseclassic.com

နွေးနွေး ကျွန်တော် ခံစားမိသမျှလေးတွေကိုပေါ့။ သူကတော့ ခါတိုင်းလိုပဲ မကြားပါဘူး။ မကြားတဲ့သူတစ်ယောက်ကို စကားပြောရတာ စိတ်ချမ်းသာစရာပါလား။ ဒီလို အဘကို စကားတွေအများကြီးပြောပြီး ပြန်လာခဲ့တဲ့နေ့တွေဆို ဘာရယ်မဟုတ်ပဲ ရင်ထဲက ပေါ့ပါးသွားတယ်။ မိုးသားကို မော့ကြည့်ရင်တောင် ကောင်းကင်အသစ်စက်စက်တစ်လွှာကို မြင်တွေ့ရသလိုပေါ့။

ရင်ဖွင့်တယ်ဆိုတာ ဒါပါပဲ။ ရင်ထဲမှာ မြှုသိပ်တစ်ဆို့နေတဲ့ အိပ်မက်နာလေးတွေကို စကားလုံးအဖြစ် အန်ထုတ်ဖောက်ခွဲပစ်လိုက်တာပဲပေါ့။



"အစ်ကို . . . ဘာသောက်မလဲ"

"ကျစိမ့်"

လက်ဖက်ရည်မှာပြီး အားကစားဂျာနယ် ဖတ်နေလိုက်တယ်။
...ခင်းဟာ အဝါကျင့်ကျင့်နှင့်။ လမ်းမပေါ်မှာ လူတွေ လှုပ်ရှားသွား
...ကြ။ နေ့သစ်တစ်ခု ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ဘဝကတော့
...ဟောင်း။ လူအမျိုးမျိုးဟာ လမ်းအမျိုးမျိုးပေါ်မှာ ဒဏ်ရာအမျိုးမျိုးနဲ့၊
...းစုကတော့ ဝမ်းရေးဆိုတဲ့ လမ်းမပေါ်မှာ။

"ဟာ . . . ဟော့ကောင် . . . နေလွင် မဟုတ်လား"

"ကျွတ် . . . ကျော်မင်းသိန်း"

"ဟား . . . ဟား . . . မတွေ့ရတာတောင် ကြာပေါ့"

မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် ကျွန်တော်လည်း အံ့ဩဝမ်း
...မိတယ်။ စတိတ်ကျောင်းတုန်းက တစ်ခုံတည်းထိုင်တဲ့ သူငယ်ချင်း
...။ ဖော်ရွေပျော်ရွှင်တတ်ပြီး စာလည်းတော်တဲ့သူပါ။

"မတွေ့ဆို မင်းက ဆေးကျောင်းသားကြီး ဖြစ်နေတာကိုးကွ"

ကျွန်တော်က ခပ်မြှောက်မြှောက်ပြောလိုက်တော့ ဒီကောင်ရယ်
...တယ်။

"ဟား . . . ဟား . . . ဘောလုံးကော ကန်သေးလား"

ကျွန်တော်တို့က ကျောင်းလက်ရွေးစင်အဖြစ် တွဲကစားဖူးခဲ့သေး
...ယ်။ အဲဒီတုန်းက ကျွန်တော်တို့ ဘောလုံးကို အတော်ရူးသွပ်ခဲ့...
...။

www.burmeseclassic.com

"အေးကွာ . . . အခုမှ မြန်မာဘောလုံးလောကကလည်း ခေတ်လာကောင်းနေတာကွ။ ကောင်းပါတယ်ကွာ . . . ။ ငါကတော့ မိုးရွာရပ်ကွက်ထိပ် ထွက်ကန်ဖြစ်တော့တာပဲ"

အဲဒီလိုနဲ့ ဘောလုံးအကြောင်း ဆက်သွားပါသေးတယ်။ ဘောလုံး စကားစပြတ်မှ . . .

"အေး . . . မင်းရဲ့ကောင်မလေးလည်း ငါတို့ကျောင်းမှာပဲလေ"

စင်စင့်ကို ပြောတာပါ။

"ငါ့ကောင်မလေး မဟုတ်ပါဘူးကွာ"

"အေး . . . ငယ်ငယ်ကတော့ မင်းတို့နှစ်ယောက်က တတွဲတွဲနဲ့လေကွာ။ ဟို . . . ယွန်းချမ်းမြေ့အေးလား၊ သူလည်း ငါတို့ကျောင်းမှာပဲလေကွာ"

"အင်း . . . ဟုတ်တယ်"

"ဘယ်လိုတုံး . . . မင်း ဒီနှစ်ပြီးရင် ကျောင်းပြီးပြီမို့လား။ ဘာလုပ်မယ်စိတ်ကူးလဲ"

"အဟဲ . . . "

ကျွန်တော် ရယ်မိတာပေါ့။ သူမေးတဲ့မေးခွန်းက ကျွန်တော်ကိုယ်တိုင် မတွေးချင်လို့ မေ့ချင်ယောင်ဆောင်ထားတဲ့ မေးခွန်းလေ။

"ဘာရယ်တာလဲကွ"

"ရယ်စရာတော့လည်း မဟုတ်ဘူးပေါ့ကွာ . . . ။ ဒါပေမဲ့ ငါက အနာဂတ်အကြောင်း မလေးနက်ဖူးဘူး"

ဟိုကောင် ထိတ်ထိတ်ပျာပျာ ကန့်ကွက်တယ်။

"ဟာ . . . ဟေ့ကောင်သူငယ်ချင်း အဲဒီလိုတော့ မဖြစ်သေးဘူး။ ပေါ့ရွှတ်နေတဲ့ ဘဝဖန်တီးမှုမျိုး ငါအားမပေးဘူး"

ပြောရင်းကဖြတ်ပြီး ကောင်တာကို စီးကရက်တစ်ပွဲ မှာလိုက်သေးတယ်။ နောက်မှ စကားပြန်စတယ်။

"မင်းကို မဖြစ်ဖြစ်အောင်လုပ်ရမယ့် ရည်မှန်းချက်တော့ဖွတ်ခိုင်



တာ မဟုတ်ဘူး။ ကိုယ်နဲ့ကိုက်မယ့် အလုပ်ကလေးတစ်ခုကိုတော့အခ ချိုးနေတာမျိုး ဖြစ်နေစေချင်တယ်။ အခု မင်းမှာ ကျောင်းတစ်ဖက်နဲ့ဘောင် လေနေတဲ့ပုံကြီး"

ကျော်မင်းသိန်းစကားကြောင့် ကျွန်တော့်မှာ တစ်မျိုးဖြစ်နေရတယ်။ ဒီလိုကိုယ့်ကို ခပ်ပျစ်ပျစ်ဝေဖန်မယ့်သူ မရှိတာလည်း ကြာပြီလေ။ ကိုယ့်ကိုယ်ကိုယ်လည်း ဆင်ခြင်မှုနည်းခဲ့တာကိုး။

"ငါက လေနေတယ်"

"မဟုတ်ဘူးလား။ မင်းပုံကြည့်ရတာ အသည်းမကွဲတကွဲ ဖြစ်နေရတာလိုလို ဘာလိုလိုနဲ့"

ကျွန်တော် ရယ်နေလိုက်ပါတယ်။ စားပွဲထိုးက ဆေးလိပ်နဲ့ လက်ဖက်ရည် လာချတယ်။ ကျော်မင်းသိန်းကပဲ စကားဆက်တယ်။

"မိုးစင်စင်ကိုတော့ ငါချီးကျူးတယ်"

"ဘာလို့လဲ"

"တခြားမဟုတ်ပါဘူး၊ စာတော်လို့ပါ။ သူတော်တာက သာမန် အာလွတ်ကျက် တော်တာမဟုတ်ဘူးနော်၊ တကယ်တော်တာ။ ငါတို့ငယ်ငယ် ထတည်းက ကျောင်းမှာ ပထမဆိုရင် သူပဲ။ အခု ဆေးကျောင်းရောက်သွား ကြည့်လိုက်တော့လည်း သူပဲ။ ဒါနဲ့ သူ့အဖေကလည်း ဆရာဝန်ကြီးပဲဆို"

"အင်း . . . ရိုးရိုးဆရာဝန်ကြီးတောင် မဟုတ်ဘူး။ ဘာဘွဲ့ညာဘွဲ့တွေနဲ့ . . . "

စီးကရက်မီးခိုးတွေကို အားဘက်မှုတ်ထုတ်ပြီးမှ စကားဆက်တယ်။

"ဒါပေမဲ့ မိုးစင်စင်က လူမှန်းများတယ်"

ကျွန်တော်ဘာမှ ပြန်မပြောမိဘူး။ စိတ်ထဲကတော့ စင်စင်ဟာ သူ့စိမ်းတွေနဲ့ အစပ်အဟပ်မတည့်တာကိုတော့ တွေးနေမိတယ်။ သူက ဆက်ပြောတယ်။

"ဒါလည်း သိပ်တော့မဆန်းပါဘူး။ လူတော်တော့ လူမုန်း



www.burmeseclassic.com

www.burmeseclassic.com

များတတ်တာပဲလေ"

"ဟုတ်လား"

ကျွန်တော်က သူ့ရဲ့ ကြုပ်ဆတ်ဆတ်ဒသာနကို အတွန့်တက်လိုက်တယ်။ သူက ခပ်ဟဟ ပြန်ဖြေတာပေါ့။

"ဟား . . . ဟား . . . လူညံ့တွေများလာလို့ နေမှာပေါ့"

ကျွန်တော်က သူ့စကားကို ဖြည့်စွက်ပြီး ဆက်တွေးနေချိန်မှာပဲ သူက ဆက်ပြောနေတယ်။

"သူ့ကို လူမုန်းများစေတာက သူစာတော်တာတစ်ခုတည်းကြောင့် မနာလိုတာမဟုတ်လောက်ဘူး။ သူ့မျက်နှာကြောက တင်းတယ်ကွာ။ ထက်မြက်တဲ့ပုံတော့ ပေါ်တာပေါ့။ အင်း . . . နောက်ပြီး ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်ဘူး။ အဲဒါတွက သူ့ကို မာနကြီးတာတွေ၊ မာန်တက်တာတွေ စသဖြင့် ဝေဖန်ခံရစေတာပေါ့ကွာ"

"အင်း . . . ဆက်ပြောပါဦး"

ကျွန်တော် စင်စင့်သတင်းတွေကို ရတုန်း စုံစမ်းနေတယ်။ သူများပြောပြမှ သူဘာဖြစ်နေသလဲဆိုတာ ကျွန်တော်သိခွင့်ရမှာ မဟုတ်လား။

"နည်းနည်းလည်း 'ဆိုက်ကို' ပူးနေလောက်တယ်"

"ဟာ . . . အဲဒီလောက်တော့ မဟုတ်နိုင်ပါဘူး"

ဒီကောင်ဝေဖန်တာ လွန်သွားပြီလို့ ကျွန်တော်ထင်တယ်။

"အေး . . . ငါကလည်း ထင်တာနဲ့မြင်တာနဲ့ကို တွဲပြောကြည့်တာပါ။ တစ်ခါက ငါတို့ဆေးကျောင်းကတစ်ကောင်ပဲ စာလိုက်ပေးတာမြင်ဖူးပါတယ်။ ဟိုကောင်ကလည်း ခပ်ကြောင်ကြောင်ပါကွာ။ လူရှေ့သူရှေ့ ကန်တင်းရှေ့မှာပေးတာ"

ကျွန်တော် စိတ်ဝင်စားလာတယ်။ သူ ဆက်ပြောတယ်။

"တကယ်ဆို ယူချင်ယူ မယူချင်နေပေါ့။ ဒါမှမဟုတ် ခပ်ပြင်းပြင်းတုံ့ပြန်ချင်ရင် သူ့ရှေ့မှာတင် လွှင့်ပစ်လိုက်၊ ဖြဲပစ်လိုက်ပေါ့ကွာ။ အခုတော့ . . ."



"အခုတော့ ဘာလုပ်လိုက်လို့လဲ"

"လွှင့်ပစ်တာ၊ ဖြဲပစ်တာထက် ဆိုးတယ်။ မီးရှို့ပစ်လိုက်တာ ကွ"

"မီးရှို့ပစ်လိုက်တာ"

"ဟုတ်တယ် . . .။ အိတ်ထဲက မီးခြစ်ကိုထုတ်ပြီး အဲဒီ စာလေးတဲ့ကောင်ရှေ့မှာပဲ ပြာဖြစ်အောင်ရှို့လိုက်တယ်။ ဟိုကောင် တင်းလွန်းလို့ မျက်နှာကြီးတောင် နီတွတ်သွားတယ်။ ဒါပေမဲ့ စင်စင်က ထူးခြားတယ်နော်။ ဘာမှ ခံစားရတဲ့မျက်နှာမပြဘူး။ ဟိုကောင့်မျက်နှာလည်း တစ်ချက်မှမကြည့်ဘူး။ သူ့လမ်းသူ ဆက်လျှောက်သွားတယ်"

ဒါတွေ ကျွန်တော် မသိပါလား။ ဒီထက် ကျွန်တော်မသိတာတွေ ဘာရှိဦးမလဲ။ ကျွန်တော်မသိတာတွေကို သိချင်တယ်။

"သူက ကန်တင်းထိုင်ခဲပါတယ်။ ထိုင်ရင်လည်း တစ်ယောက်တည်းပဲ။ ဘာသူငယ်ချင်းမှ မရှိဘူး။ ထားပါဦး . . . သူငယ်ချင်းမရှိတဲ့၊ စာတော်တဲ့ သူ့လိုကျောင်းသူမျိုးက ဆရာမတွေနဲ့ ရင်းရင်းနှီးနှီးရှိသင့်တာပေါ့။ အခုတော့ ဒီလိုမဟုတ်ဘူး။

ဆရာမတွေကတောင် အေးစက်လွန်းတဲ့သူ့ကို နားမလည်သလို ခံစားနေကြသလိုပဲ။ ကန်တင်းထိုင်တဲ့နေ့တွေဆို ဆိုင်ထောင့်ကလေးမှာ ငြိမ်သက်လို့။ ကော်ဖီတစ်ခွက်နဲ့ လက်တစ်ဖက်မှာ စာအုပ်တစ်ဖက်နဲ့၊ နာနာကြည်းကြည်း ကြိုးစားနေသလိုပဲကွ"

ကျွန်တော့်စိတ်ထဲ မကောင်းဘူး။ သူ သိပ်အထီးကျန်နေမှာပဲ။ သူ ဘာတွေဒီလောက်အထိ နာကျင်နေတာလဲ။ ရင်ထဲ ညှိုးငယ်မှုတွေ ရစ်ခွေဝင်ရောက်လာ။

"ဆက်ပြောပါဦးကွာ"

"ဟင် . . ."

ကျော်မင်းသိန်းက ကျွန်တော့်ကို စူးစူးဝါးဝါးကြည့်တယ်။

"မင်းက ဖွတ်ပြောခိုင်းနေလို့ ငါရှာကြံပြီးပြောတာ ကုန်ပြီ မရှိတော့ဘူး။ ငါက သူ့နောက်လိုက်ကြည့်နေတာမှ မဟုတ်တာကွ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွာ . . . ဘာပဲဖြစ်ဖြစ် မင်းနဲ့ ဒီနေ့စကားပြောဖို့ ကြုံလိုက်တာ ငါ့အတွက် အကျိုးရှိပါတယ်"

နေသည် အတော်ပူလာ၏လို့ စာဆန်ဆန်တွေးကြည့်မိတယ်။ နေပူတာကိုအပြစ်လုပ်ပြီး ရင်ပူတာကို ခဏမြှုပ်ထားဖို့ ကြိုးစားနေမိတယ်။ ထင်တဲ့အတိုင်းပဲ မရပါဘူး။ သူ့အနားပဲ ရောက်ချင်နေမိတယ်။

အဲဒီစိတ်ကိုလည်း ဖိနှိပ်ဖျောက်ဖျက်နေရတယ်။ မကောင်းဘူး။ ခံစားတတ်တဲ့စိတ်ရှိတာ မကောင်းဘူး။ အဲဒါကို ကဗျာဆန်အောင် ဘယ်လိုတွေးကြည့်မလဲ။

မည်သူ့ကိုမျှ
အပြစ်မတင်ရဲပါ
ဖြစ်နိုင်လျှင်သာ
ဤဝိညာဉ်တော်တစ်ခုလုံးကို ပြန်အမ်းချင်ခဲ့တာ ။ ။



(၆)

ဒိုင်ယာရီထဲမှာ စုတ်ဖြဲပစ်ချင်စရာကောင်းတဲ့ညတွေ နေထိုင်နေကြပါတယ်။ လူတွေမှာ သူတို့မလိုချင်ဘဲ ရရှိထားတဲ့အရာတွေ အများကြီးပေါ့။ ပြန်ပြင်ခွင့်ရှိရင် ပြုပြင်လိုက်ချင်တဲ့ အတိတ်တွေလည်း တစ်ပွေ့တစ်ပိုက်ပေါ့။ အကြောင်းကြောင့် အကျိုးဖြစ်တာလို့ ဖြေသိမ့်နိုင်(သို့) မေ့ဖျောက်နိုင်သွားတဲ့ သူတွေကိုတော့ အသိအမှတ်ပြုသင့်ရဲ့။

ကျွန်တော်ကတော့ ဝေ့ည့်ည့် လူ့ဘုံသားတစ်ဦးပါ။ အဲဒီလူတစ်ဦးရဲ့ ဒိုင်ယာရီထဲမှာ စုတ်ပြတ်ပြတ်ညချမ်းတွေ နေထိုင်နေကြပါတယ်။

အဲဒီညကပေါ့။

တိတ်ဆိတ်နွေးထွေးသလိုရှိတဲ့ ကျွန်တော်တို့ရပ်ကွက်လမ်းထဲမှာ ဖြစ်ပွားခဲ့တာပါ။ ညစ်ညမ်းတဲ့ နိုင်းနှိုင်းမှုတွေနဲ့ အော်ဟစ်ဆဲဆိုသံတွေ၊ ထိုးကြိတ်ကြသံတွေ။ ပြေးလွှားသံတွေ။ အဲဒီအသံတွေဟာ ဆိတ်ငြိမ်တဲ့ ကျွန်တော်တို့ရပ်ကွက်ကလေးကို အနှောင့်အယှက်ဖြစ်စေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

"အငယ်ကောင် . . . လမ်းပေါ်က ဘာဖြစ်နေတာလဲ မသိဘူး"

အစ်မကပြောပေမယ့် ကျွန်တော် အရေးသိပ်မစိုက်ဖြစ်ဘူး။ ဖတ်လက်စစာအုပ်ကို ဆက်ဖတ်ရင်း နေလိုက်တယ်။

"ရန်ဖြစ်နေတာထင်တယ်"

"ဟုတ်မှာပေါ့"

"အသံတွေက စင်စင်တို့တိုက်ရှေ့လောက်က လာတာဟဲ့"

အဲဒီတော့မှ ကျွန်တော် နည်းနည်း စိတ်ဝင်စားလာမိတယ်။ အစ်မက ထပ်ပြောတယ်။

"အငယ်ကောင် . . . နားထောင်ကြည့်စမ်း။ စိုးထိုက်အသံနဲ့ တူတယ် ဆဲနေတာလေ"

"ဟင် . . . "

ကျွန်တော် ဂရုစိုက်နားထောင်ကြည့်တော့လည်း မသဲမကွဲဖြစ်နေတယ်။

"ကျွန်တော် ထွက်ကြည့်လိုက်ဦးမယ်ဗျာ"

"သတိထားဦးနော် ဘာဖြစ်နေတာလဲ မသိဘူး"

"အင်းပါ"

အပေါ်ဂျင်းအင်္ကျီထပ်ဝတ်ပြီး ထွက်ခဲ့တယ်။ အိမ်အပြင်ဘက်ရောက်တော့ တစ်ဖက်ကပြေးလာတဲ့ ယွန်းယွန်းကို တွေ့လိုက်ရတယ်။ ယွန်းယွန်းက အသံတုန်တုန်နဲ့ပြောတယ်။

"စိုး . . . စိုးထိုက်အသံနဲ့တူလို့ ထွက်လာကြည့်တာ"

"အေး . . . ငါလည်း . . . အဲဒီလိုကြားလို့ပဲ။ စင်စင်တို့တိုက်ရှေ့လောက်မှာ"

နှစ်ယောက်သား ဆူညံညံတွေလာရာဆီ ပြေးသွားကြတယ်။ ဟိုရောက်တော့ ထင်ထားတဲ့အတိုင်းပဲ။ စိုးထိုက်က အုတ်ခဲနီကျိုးကို ကိုင်ထားတယ်။ ကျော်ကြီးနဲ့ သူ့ကောင်နှစ်ယောက်က တုတ်လိုက်ရှာနေတယ်။

အကြောင်းရင်းမသိပေမယ့် အကြောင်းအရာကို သိတယ်။



ရန်ဖြစ်နေကြတယ်။ စိုးထိုက်က တစ်ယောက်တည်း။

"ယွန်းယွန်း . . . နင် ဝေးဝေးရပ်နေ"

"အေး . . . "

ယွန်းယွန်းကိုဘေးပို့ပြီး ကျွန်တော် ရန်ပွဲထဲ ပြေးဝင်လိုက်တယ်။ စိုးထိုက်နဲ့ ဘေးချင်းယှဉ်ရပ်ဖြစ်သွားတယ်။

"ဟောကောင် . . . မင်း ဘာဝင်လုပ်တာလဲ။ ဒါငါ့ကိစ္စကွ"

"မင်းကတစ်ယောက်တည်း၊ ဟိုကောင်တွေက . . ."

"ယား . . ."

ရုတ်တရက် ကျော်ကြီးက တုတ်နဲ့ ပြေးဝင်ရိုက်တယ်။ ကျွန်တော် အလျှင်အမြန် ကာလိုက်တယ်။

"အား . . ."

လက်ကိုရိုက်မိသွားတယ်။

"ရှော့ကွာ . . ."

စိုးထိုက်က ကျော်ကြီးဗိုက်ကို အုတ်နီခဲနဲ့ဝင်လုံးတယ်။ ကျန်တဲ့နှစ်ယောက်ထဲက တစ်ယောက်က ကျွန်တော့်ကို ပြေးကန်တယ်။ ကျွန်တော် ခြေထောက်ကို ဖမ်းဆွဲထားလိုက်တယ်။ ဟိုကောင် တန်းလန်းကြီးဖြစ်သွားတော့ ကျန်တဲ့လက်တစ်ဖက်နဲ့ ဗိုက်လက်သီးသုံးလိုက်တယ်။

လက်နက်ရှာတွေ့သွားတဲ့ တစ်ကောင်က ကျွန်တော့်ကို တုတ်နဲ့ ပြေးရိုက်တယ်။ ကျွန်တော် ရှောင်တယ်။ နောက်တစ်ခါ ထပ်ရိုက်တယ်။ ကျော်ကြီးနဲ့လုံးနေတဲ့ စိုးထိုက်က ခုန်ဝင်လာပြီး တုတ်နဲ့ကောင်ကို ဖြတ်ခုန်အုပ်တယ်။

ကျွန်တော်နဲ့ ကျော်ကြီးက မျက်နှာချင်းဆိုင်ဖြစ်သွားတယ်။

"ခွပ် . . ."

"အာ့ . . ."

လက်မြန်တဲ့ ကျော်ကြီးလက်သီးက ကျွန်တော့်ပါးစောင်ကို ထိထိဖြတ်သန်းသွားတယ်။ ကျွန်တော့်ခေါင်းမူးသွားပြီး အောက်ငိုက်သွားတယ်။ ကျော်ကြီးက ဒူးနဲ့ပြေးဝင်ဆောင့်ပြန်တော့ ကျွန်တော် ဘေးကို



www.burmeseclassic.com

www.burmeseclassic.com

ပစ်လှဲပြီး ရှောင်လိုက်တယ်။

ယွန်းယွန်းကလည်း ရန်ပွဲအပြင်ကနေ အော်နေတယ်။ သူ့အော်သံကြောင့်ပဲထင်တယ်။ မကြာပါဘူး။ ရပ်ကွက်ထဲကလူတွေ အလျှိုလျှိုထွက်လာတယ်။ ကျော်ကြီးတို့အဖွဲ့ ကုန်းရုန်းထပြီး ပြေးကြတယ်။ ယွန်းယွန်းက စိုးထိုက်ကို ပြေးထူတယ်။ ကျွန်တော်လည်း စိုးထိုက်အနီး သွားလိုက်တယ်။

"ခုနက ဟိုဘက်ရပ်ကွက်က ကောင်တွေမို့လား"

"အေးလေ . . . ဟိုအရက်သမားအုပ်စုလေကွာ"

"ဘယ်လိုလုပ် တို့ရပ်ကွက် လာသောင်းကျန်းတာလဲ"

ရပ်ကွက်ထဲကလူတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတာပါ။ အဲဒီအချိန် လမ်းရဲ့ဘေးက ခြံဝန်းသံပန်းတံခါးလေး ပွင့်လာတယ်။ သူထွက်လာတယ်။ စင်စင်။ လက်ထဲမှာလည်း ဆေးသေတ္တာဘူးကလေးနဲ့။

"ဪ . . . စင်စင်၊ ဒီမှာ သမီးသူငယ်ချင်းတွေ ရန်ဖြစ်ကြလို့တဲ့"

လူကြီးတစ်ယောက်က ကျွန်တော်တို့ကိုညွှန်ပြပြီး ပြောတာပါ။

စင်စင်က ကြားဟန်မပြု၊ ဘာမှလည်း ပြန်မပြော၊ အေးစက်စက်၊ ကျွန်တော်တို့အနားလေး လျှောက်လာပြီး အသာအယာထိုင်တယ်။ ကြက်ခြေနီဘူးကလေး ဖွင့်လိုက်တယ်။

"ကဲ . . . ကဲ . . . ဘာမှမဖြစ်ကြရင်လည်း ပြန်ကြမယ်ကွာ"

"အေးကွာ . . . အလကား အလုပ်ပျက်တယ်"

ရပ်ကွက်ထဲကလူတွေ တစ်ယောက်တစ်ပေါက်ပြောပြီး ပြန်ဖို့ပြင်ကြတယ်။ အဲဒီအထဲက ဝါးကူထိုးတတ်ပုံရတဲ့ ဥပဓိရုပ်ဖျင်းစုတ်စုတ်နဲ့ တစ်ယောက်က . . .

"ဟေ့ကောင် . . . "

စိုးထိုက်ကို မတူမတန်သလိုကြည့်ပြီး . . .

"မင်းလည်း အနေအထိုင်ဆင်ခြင်။ မင်းကြောင့် ရပ်ကွက်မှာ



တယ်။ ဘယ့်နှယ် . . . အောက်တန်းစားတွေနဲ့ပေါင်းပြီး ရမ်းကားနေတာ။ ရပ်ကွက်ထဲ မင်းအမှုတွေပဲ ရှင်းနေရတာ"

စိုးထိုက်ကတော့ အဲ့ဒီလူကို ခပ်ပေပေကြည့်ပြီး ပျစ်ခနဲ တံတွေးကို ခပ်ဝေးဝေးညစ်ထွေးပြလိုက်တယ်။ ကျွန်တော်ကတော့ မခံနိုင်တာနဲ့ အပြောမိတော့တယ်။

"အေးဆေးပြောရင် ကောင်းမယ်။ ခင်ဗျားတို့ ပြီးမှလည်းလာသေးတယ်။ အသံကောင်းလည်း လျှောက်ဟစ်သေးတယ်"

"နေလွင် . . . တော်တော့ . . . တော်တော့"

ယွန်းယွန်းက ကျွန်တော့အင်္ကျီစကို ဆွဲပြီးတားတယ်။

ဟိုလူ့ကိုလည်း တခြားသူတွေပဲ ထိန်းကျောင်းခေါ်သွားကြတယ်။ စင်င်စင်က ဆေးသေတ္တာဘူးထဲက ဂွမ်းစကလေးကို ထုတ်ယူလိုက်တယ်။ စိုးထိုက်ကို ယွန်းယွန်းထိုင်လျှက် တွဲထားတယ်။

ကျွန်တော်က ဘေးနားမှာ ကပ်လျက်နေလိုက်တယ်။ စိုးထိုက်ပါးစောင်က သွေးတွေ ထွက်ကျလာတယ်။ စင်စင်က ဂွမ်းစကလေးနဲ့ဖြီး သုတ်ပေးလိုက်တယ်။

အဲဒီအချိန်။

စိုးထိုက်က စင်စင့်လက်ကို ပုတ်ချလိုက်တယ်။ စင်စင့်လက်ကလေး လေထဲမှာ ရပ်တန့်သွား။ ဂွမ်းစကလေးလည်း လွတ်ကျခုန်ထွက်သွား။ စိုးထိုက်က ပါးစောင်ကသွေးတွေကို လက်ဖနောင့်နဲ့ဖိသုတ်ရင်း–

"ငါ့ကို သနားချင်ယောင် ဆောင်မနေပါနဲ့"

စင်စင်က ဆေးဘူးအဖုံးကို ပိတ်လိုက်ပြီး မျက်နှာကို ဟိုဘက်လွှဲလိုက်တယ်။

"နင် အဲဒီအတိုင်း ထင်တယ်မို့လား။ ထင်လိုက်ပါ"

စင်စင် ခြံထဲပြန်ဝင်သွားတယ်။ နောက်လည်း လှည့်မကြည့်သွား။ စိုးထိုက်ကလည်း ယွန်းယွန်းကို မှီထားရာကနေ ရုန်းထပြီး ထွက်သွားတယ်။ ကျွန်တော် တားလိုက်ချင်ပေမယ့် မတားဖြစ်လိုက်ဘူး။

အပြန်လမ်းမှာ ကျွန်တော်နဲ့ယွန်းယွန်း နှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com

နားလည်မှုတွေ စိမ့်ဝင်နေတာမို့ စကားတွေလည်း နည်းနေကြ ရ။ ဘေးဘီနဲ့ကောင်းကင်ကိုလည်း မကြည့်ဖြစ်။ အတွေးတစ်ချို့နဲ့ ခေါင်း နည်းနည်းငိုက်။

လက်ကလည်း နာလိုက်တာ။ ကျောက်ကြီးတုတ်နဲ့ရိုက်တာ ကာ လိုက်ရင်း ထိမိသွားတာလေ။ ဒီဒဏ်ရာကျတော့ သူဘာလို့ မမြင်သလဲ။ ကျွန်တော့်အတွေးတွေ ပေါ့ပါးတဲ့ ဒြပ်မှုန်လေးတွေလို သိမ်ငယ်လူးလွန့်။

“နင့်အိမ်ရောက်ပြီလေ မဝင်ဘူးလား”

“နင့်အိမ်လိုက်ပို့ပေးမယ်လေ”

ယွန်းယွန်းကို အိမ်လိုက်ပို့ပေးခဲ့တယ်။ လမ်းမှာတော့ ရင်ထဲ မအောင့်နိုင်လို့ မေးမိတယ်။

“စိုးထိုက်နဲ့စင်စင် ဘာဖြစ်လို့ ဒီလိုဖြစ်နေတာလဲ နင်သိလား”

ပြန်ဖြေမလားနဲ့ စောင့်နေမိပေမယ့် အတုံ့အပြန်မဲ့။ သူ့အိမ်ရှေ့ ရောက်မှ ခြံထဲဝင်ကာနီး စကားတစ်ခွန်း ပြောသွားတယ်။

“အိမ်ပြန်ပို့တာ ကျေးဇူးပဲ။ နေလွှင် . . . ငါနင့်ကို သနား တယ်”



အဲဒီနောက်ပိုင်း ကျွန်တော်က ပုံမှန်နေထိုင်မှု အတိုင်းပါပဲ။

ဒါပေမဲ့ ကျွန်တော် ဝန်ခံသင့်တယ်။ ခပ်လေလေဖြစ်နေသူတစ် ယောက်ဟာ ကျွန်တော်ဖြစ်တယ်ဆိုတဲ့ အကြောင်းကိုပေါ့။ လေတယ် ဆိုတာ ဘယ်လိုမျိုးလဲ။ တစ်ခုခုကို၊ ဒါမှမဟုတ် တစ်ခုခုမက လုပ်ချင်နေ တာ။ တစ်ချိန်တည်းမှာပဲ ဘာမှမလုပ်ပဲနေချင်တာ။ အဲဒီလို စိတ်သဏ္ဌာန် တွေ လျော့တိလျော့ရဲ ဖြစ်နေတာဖြစ်မယ်။

အဲဒီလိုနဲ့ ကျွန်တော်ဟာ စိတ်ပြေလက်ပျောက်ဆိုတဲ့ သဘောနဲ့ သင်တန်းတစ်ခုတက်ခဲ့တယ်။ ပန်းချီသင်တန်းတစ်ခုပါ။ အစက စိတ်ပြေ လက်ပျောက်ဆိုပေမယ့် တဖြည်းဖြည်းနဲ့ စိတ်ဝင်တစား ဖြစ်ခဲ့ရပါတယ်။ လက်ထဲမှာ စုတ်တံပဲဖြစ်ဖြစ်၊ ခဲတံပဲဖြစ်ဖြစ် ကိုင်လိုက်ရရင်ပဲ စိတ်က အေးချမ်းသလိုလို ဖြစ်နေမိပြီ။ ပန်းချီဆိုင်ရာ စာအုပ်တွေလည်း ရှာဖတ် တယ်။ အပတ်တကုတ်မဟုတ်ပေမယ့် ကျွန်တော် အားစိုက်လုပ်ဖြစ် တယ်။

အမှားများစွာနဲ့ ပန်းချီကားတွေကို ရေးရင်း အချိန်တွေကုန်မှန်း မသိ ကုန်သွားတယ်။ လှေကားထစ်တွေကို တစ်ထစ်ချင်း နင်းနေပြီး အချိန်တွေ ကုန်မှန်းမသိ ကုန်သွားတယ်။

ပန်းချီဆရာအကြောင်းတွေ အတော်များများဖတ်မိတော့လည်း သူတို့ဟာ ငယ်စဉ်ကတည်းက ဝါသနာပါနေတတ်တယ်။ ငယ်စဉ်က



www.burmeseclassic.com

www.burmeseclassic.com

တည်းက ကောင်းမွန်တဲ့ ပါရမီအခံက တည်နေကြသူတွေများတယ်
ကျွန်တော်လည်း ငယ်ငယ်ကတော့ ကာတွန်းလေးတွေ ကူးဆွဲဖူးတယ်
စိတ်တူးနဲ့ လျှောက်ခြစ်ဖူးတယ်။ ဒါပေမဲ့ ကလေးလက်ရာကတည်း
ညံ့တယ်။ ကိုယ့်ကိုယ်ကိုယ် ပါရမီနည်းလွန်းရဲ့လို့ အပြစ်တင်မိသေ
တယ်။ အချိန်တွေကုန်မှန်းမသိ ကုန်သွားတယ်။ ကုန်သွားတဲ့အချိန်
ကို အရင်းအနှီးတစ်ခု ဖြစ်စေချင်တယ်။

ကျွန်တော် ဘယ်သူမှ မတွေ့ဖြစ်ဘူး။ စုတ်တံနဲ့ စက္ကူတွေ
ကင်းဗတ်စနဲ့ ဆေးခွက်တွေ၊ ဒေါက်တံတွေ၊ အလင်းအမှောင်နဲ့ အရေ
အမာတွေ။ ပြီးတော့ . . . အဲ့ဒါတွေပဲတွေ့ဖြစ်တယ်။ ကျွန်တော် ဘယ်သူ
နဲ့မှ မတွေ့ဖြစ်ဘူး။ ကိုယ့်ကိုယ်ကိုယ်တောင် မတွေ့ဖြစ်ဘူး။

အချိန်တွေ ကုန်မှန်းမသိ ကုန်သွားတယ်။ အချိန်တွေ ကုန်မှ
မသိ ကုန်သွားတယ်။ အချိန်တွေ ကုန်မှန်းမသိ ကုန်သွားတယ်။ အချိ
တွေကုန်မှန်းမသိ ကုန်သွားတယ်။

* * *



သိပ်မကြာတဲ့ ရက်ပိုင်းအတွင်းမှာပဲ နောက်ဆုံးနှစ်စာမေးပွဲ ဖြေရ
ယ်။ တက္ကသိုလ်မှာ ကျွန်တော့်အတွက် အမှတ်ရစရာ လောက်လောက်
လား မရှိခဲ့ပါဘူး။ ကျောင်းပြီးပြီမို့ ဘာဆက်လုပ်ရမလဲ တွေးနေရ
ဝန်ထမ်းလည်း မလုပ်ချင်ဘူး။ ကိုယ်ပိုင်စီးပွားရေးထောင်ဖို့ အရင်း
တောင်းရအောင်လည်း ကိုယ့်သားအကြောင်းအံတိုနေတဲ့ မိဘတွေ
ရှိ လိုက်တာမှ အငွေ့ထွက်သေးတယ်လို့ပဲ ပြောကြလိမ့်မယ်။

နောက်ဆုံး အစ်မဖြစ်သူဆရာမရဲ့ အကြံပေးချက်အရ ကျွန်တော်
ခုတစ်ခု ဆုံးဖြတ်နိုင်ခဲ့တယ်။

"အငယ်ကောင် . . . နင် ဒါဆို ကျောင်းဆရာလုပ်ကြည့်ပါ

"ကျောင်းဆရာ . . . "

ကျွန်တော် သံယောင်လိုက်ထွက်ပြီး တွေးနေမိတယ်။ အချိန်
အကြာကြီးပေါ့။

"အစ်မ . . . အဲဒီကျောင်းဆရာက ဘယ်လိုလျှောက်ရမှာလဲ"

အစ်မက အဝတ်တွေခေါက်နေရာက ကျွန်တော့်ကို လှမ်းအကဲ
တယ်။ သူ့ဘာသာသူ ပြုံးစိစိ ဖြစ်လာတယ်။

"တော် . . . တော် . . . နေလွင် ငါ့လာနောက်မနေနဲ့"

"မနောက်ဘူး။ ဒါ လုံးဝနောက်နေတာ မဟုတ်ပါဘူး"

အစ်မက ကျွန်တော့်ကို ခပ်ဆတ်ဆတ် အကဲခတ်ပြန်တယ်။

"နေလွင် . . . နင်ဘာဖြစ်နေတာလဲ ငါ့မောင်ရဲ့"



www.burmeseclassic.com

"ဘာမှမဖြစ်ပါဘူး။ ကျွန်တော် ကျောင်းဆရာဖြစ်ချင်နေတာ"

အစ်မက ကျွန်တော် စိတ်နဲ့ တကယ်ပြောနေတာမှန်းသိမှ . . .

"အင်းလေ . . . နင်အောင်စာရင်းထွက် . . . အင်း . . . ဘွဲ့ယူပြီးမှ လျှောက်ကြတာပေါ့။ ဒီကြားထဲ အလုပ်တစ်ခုလုပ်ပြီး နင်ပြန်စဉ်းစားကြည့်ဦးပေါ့"

"ဟုတ်ကဲ့"

မျက်လုံးထဲမှာ အေဘီစီဒီကို မြင်ရတယ်။ ကကြီး၊ ခခွေး၊ ဂငယ်လေးတွေကို ခံစားရတယ်။ ပြီးတော့ ဖြူဖြူစင်စင် သစ်ပင်ကလေးတွေကို လွမ်းမောနေမိတယ်။

ကျွန်တော်ဘာလို့ ကျောင်းဆရာလုပ်ဖို့ ဆုံးဖြတ်လိုက်တာလဲ။ ကျောင်းဝန်းထိပ်က ဂိတ်စောင့်တဲထဲမှာ အတွေးတွေ ဝေနေခဲ့တယ်။ ကျောင်းစောင့်ကြီးရဲ့ ဆေးတံကနေ မှုတ်ထုတ်လိုက်တဲ့ အခိုးအငွေ့တွေက အတွေးတို့ညှပ်ပါသွားတယ်။

"အဘ . . . ကျွန်တော် ကျောင်းဆရာလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီဗျ"

ထုံးစံအတိုင်း ကျောင်းစောင့်အဘကြီးက ကျွန်တော့်စကားကို ကြားပုံမပေါ်ဘူး။ ကျွန်တော် အဝေးကို ငေးနေတယ်။ အဝေးကို မြင်နေတယ်။ အဖြူမှိုင်းမှိုင်း အရိပ်အမှုန်တွေ . . .

"ကလေးဘဝက သိပ်ပျော်စရာကောင်းတာပဲနော်"

ကျောင်းစောင့်ကြီး မီးခိုးလုံးတွေသာ မှုတ်ထုတ်နေတယ်။

ကျွန်တော့်ပခုံးမှာ လွယ်အိတ်ကလေးတစ်လုံး လွယ်ထားတယ်။ အဲဒီလွယ်အိတ်ထဲမှာ စုတ်တံတွေ၊ စာရွက်တွေ၊ ခဲတံတွေရှိတယ်။ ကျွန်တော်ပန်းချီ သင်တန်းက ပြန်လာတယ်။ အပြန်လမ်းမှ သတိရလို့ အခုကျောင်းထဲဝင်လာမိခဲ့တာပါ။

နာရီကို ငုံ့ကြည့်မိတယ်။ ညဆို အစ်မနဲ့အတူ ကလေးတွေစာပြပေးရဦးမယ်။ တခြားလုပ်စရာရှိတာတွေလည်း လုပ်ရဦးမယ်။ အချိန်



တွေသိပ်နည်းနေပါလား။ ငါဖြုန်းခဲ့တဲ့ အချိန်တွေက ငါ့ကိုဖြုန်းတဲ့အချိန်လား။ လမ်းဟောင်းကလေးကပဲ အတွေးဟောင်းတွေ တရွေ့ရွေ့နဲ့ လျှောက်လာခဲ့တယ်။

တစ်နေ့ကလည်း ဒီလိုပါပဲ။ လွယ်အိတ်ကလေး ပခုံးချိတ်လွယ်ပြီး သင်တန်းကနေပြန်လာတာ ကွမ်းယာဆိုင်တစ်ဆိုင်က ဆေးလိပ်မီးညှိပြီးထွက်လာတဲ့ ကျော်မင်းသိန်းနဲ့တွေ့တယ်။ ကျော်မင်းသိန်းက ကျွန်တော့်ကိုမြင်တော့ ကျေနပ်သွားတယ်။ သူ့မှာ ပြောစရာရှိနေတဲ့ပုံပဲ။

"ဟာ . . . ဟေ့ကောင် . . . နေလှိုင် မင်းနဲ့တွေ့တာအတော်ပဲ"

"ငါ့မှာ ချေးစရာ ပိုက်ဆံမရှိဘူးနော်"

"ဟာ . . . ဒီကောင်"

ဒီကောင် စိတ်မပါတပါ ရယ်သေးတယ်။

"လာ . . . လာ . . . လက်ဖက်ရည်ဆိုင်သွားရအောင်"

ဆိုပြီး သူကပဲ ဆွဲခေါ်သွားတယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ဒီကောင်ပြောမယ့် စကားကို စောင့်နေမိတယ်။ ဒီကောင့်ကိုကြည့်ရတာလည်း ဆေးကျောင်းရောက်မှ [illegible]ပြတ်နေသလိုပဲ။ စားပွဲပေါ်က တစ်သျှူးစနဲ့ နဖူးကိုသုတ်ရင်း ကျွန်တော့်ကို မေးသေးတယ်။

"မင်းလွယ်အိတ်ကြီးက ဘာလုပ်တာလဲ"

"ဩော် . . . အေး . . . ဒီလိုပါပဲ"

ပေါ့ပေါ့လေးပဲ ဖြေလိုက်တယ်။ စားပွဲထိုးရောက်လာတယ်။

"မင်း ဘာသောက်မလဲ"

"အင်း . . . ငါ ကျစိမ့်ပဲလုပ်လိုက်ပါကွာ"

"အေး . . . ငါကတော့ ထမင်းဆီဆမ်းနဲ့ ကြက်ဥကြော် မှာလိုက်မယ်နော်"

"ဟင် . . . "

"ထမင်းဆီဆမ်းနဲ့ ကြက်ဥကြော် မှာလိုက်မယ်လို့"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

သဘောကတော့ ကျွန်တော်ကျွေးရမယ်ဆိုတဲ့ သဘောပေါ့။ လက်ဖက်ရည်ဆိုင်ဖွင့်ခါပြီး ထမင်းကျွေးခိုင်းတဲ့ဒီကောင့်ကို ကျွန်တော် ငြိုငြိုငြင်ငြင် ကြည့်လိုက်တယ်။ ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်ပြီးမှ သူက . . .

"ငါ မင်းကို အလကားလက်ဖက်ရည်ဆိုင်ကို ခေါ်တာမဟုတ်ဘူးကွ။ ပြောစရာရှိလို့"

"ဘာကိစ္စလဲ"

ရေနွေးတစ်ငုံသောက်ပြန်တယ်။ ပြီးမှ . . .

"အကြောင်းက ရေနွေးကိစ္စပဲ"

"ဘယ်လို . . . "

"မင်းရဲ့ မိုးစင်စင်က ကန်တင်းမှာ သူတောင်းစားလေးတစ်ယောက်ကို ရေနွေးနဲ့ပက်လိုက်လို့ ပြဿနာတက်နေတယ်"

"ဘာ . . . ဘာ . . . ဘယ်လို . . . "

သူပြောတာလည်း ရုတ်တရက် နားမလည်။ ကျွန်တော့်စိတ်တွေလည်း လောလာတယ်။ သူက ဆက်ရှင်းပြတယ်။

"ငါ ဖြည်းဖြည်းပြောမယ်။ မင်းလည်း ဖြည်းဖြည်းနားထောင် ဒီလိုကွာ . . .။ မိုးစင်စင်က ကန်တင်းမှာ တစ်ခုခုစားရင်း စာကြည့်နေတာ။ အဲဒီမှာ သူတောင်းစားကလေးလေးတစ်ယောက်က သူ့နားမှာ လာတောင်းတယ်။ သူတောင်းစားလေးဆိုတော့ ပါးစပ်ကလည်း သနားအောင်ပြော၊ အနားကလည်း မပေးမချင်း မခွာဘူးပေါ့ကွာ။ အဲဒါနဲ့ မိုးစင်စင်က ရေနွေးနဲ့ ကောက်ပက်လိုက်တာပဲ"

"ဟင် . . ."

"အေး . . . အဲ့ဒီမှာ သူတောင်းစားလေးက အော်ငိုရော။ ကျောင်းသူ တွေကလည်းကွာ မိုးစင်စင်ကို ဝိုင်းရှုံ့ကြတာပေါ့။ သူတောင်းစားပဲ ထည့်ချင်ထည့်၊ မထည့်ချင်နေ ရတာပဲ။ ရေနွေးနဲ့ပက်တာကတော့ ရိုင်းတာပဲဆိုပြီး အဲဒီမှာ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်ကုန်ရော။ မိုးစင်စင် အရှက်ရ တာပေါ့ကွာ။ အားလုံးက သူ့ကို ရက်စက်ပြီး စိတ်ဓာတ်ညံ့တဲ့သူအဖြစ်



ဝိုင်းကြည့်ကြတယ်။ အဲဒီလိုကြည့်တဲ့သူတွေကြားက သူ ရှက်ရှက်နဲ့ တကြား ထွက်ပြေးသွားရတယ်တဲ့"

"မင်းပြောတာအကုန် အမှန်တွေချည်းပဲလား"

ကျွန်တော် မယုံနိုင်စွာ ပြန်မေးမိတယ်။ သူ ခေါင်းညိတ်ပြီး ဖြေတယ်။

"အမှန်တွေပဲ ဖြစ်လောက်မှာပါ။ ကိုယ်တိုင်ကတော့ မမြင်လိုက်ရပေမယ့် အခုကျောင်းမှာတော့ နာမည်ကြီးနေတဲ့ ကိစ္စပဲ"

စင်စင်ရယ် နင်ဘာလို့ ဒီလိုလုပ်ရတာလဲ။ သူတောင်းစားဆိုသည်း လူပဲလေ။ အကြောင်းကြောင်းကြောင့် တောင်းရမ်းစားသောက်နေရတဲ့ သူတို့ကို ဒီလိုမဆက်ဆံသင့်ဘူး။ နင်မှားတယ် စင်စင်။

ကျော်မင်းသိန်းက ကြက်ဥကြော်ကို ကြီးကြီးဖဲ့ပြီး ထမင်းနဲ့ ရောစားနေတယ်။ ကျွန်တော် စင်စင့်ဆီသွားချင်နေတယ်။ ပိုက်ဆံရှင်းဖို့ စားပွဲထိုးကို လှမ်းခေါ်တော့ ကျော်မင်းသိန်းက . . .

"ငါ ဆေးလိပ်လည်း သောက်ချင်နေတာ"

"ရော့ . . . "

ကျွန်တော် သူ့ကို ပိုက်ဆံပေးပြီး ထထွက်ခဲ့တယ်။ စိတ်တွေ စိတ်တွေ အစိုးမရစွာ လှုပ်လှုပ်နေတယ်။

စင်စင် နင်ဘာတွေလုပ်နေတာလဲ။ စင်စင်နင့်စိတ်တွေ ဘယ်လို ဆဲ ကောင်းကင်ဟာ ခရမ်းရောင်သမ်းနေတဲ့ နေခြည်မျှင်တန်းတွေနဲ့ မြေပြင်ကို ဆူဆူဝေဝေ ပစ်ခတ်နေတယ်။ ပူလောင်ခြောက်သွေ့နေတဲ့ မြေပေါ်က တစ်လှမ်းချင်းလှမ်းရင်း ကျွန်တော် စင်စင့်အိမ်ကို အပြေးတစ်ပိုင်း သွားနေမိတယ်။ အခုအချိန် စင်စင် ဘယ်လိုများဖြစ်နေမလဲ။

စေ့ရုံတင်စေ့ထားတဲ့ ခြံတံခါးကနေ အလွယ်တကူပဲ ကျွန်တော် ဝင်ခဲ့တယ်။ အိမ်ထဲရောက်တဲ့အထိ စင်စင့်ကိုမတွေ့ဘူး။ အခြား လူရိပ် လူယောင်တောင် မတွေ့ဘူး။ ဧည့်ခန်းမှာထိုင်ရင်း သတင်းစာတစ်စောင် ကို စိတ်မဝင်စားစွာ ဟိုလှန်သည်လှန် လုပ်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တအောင့်လောက်ကြာမှ ခြေသံကြားလို့ မော့ကြည့်လိုက်တော့ အိမ်အပေါ်ထပ်ကနေ တစ်လှမ်းချင်းဆင်းလာတဲ့ အမျိုးသမီးကြီးကို တွေ့လိုက်ရတယ်။ ငယ်ငယ်ကဆို သိပ်လှမယ့်အမျိုးသမီးကြီးပါ။ စင်စင့်အမေပေါ့။ ဒေါ်မြဝါစင်။

"အန်တီ"

"သား . . . ထိုင်ပါ . . . ထိုင် . . . ထိုင် . . . "

ကျွန်တော် ထိုင်ရာကထပြီး ရိုသေသမှုပြုမလို့လုပ်တာကို တားလိုက်တာပါ။ ကျွန်တော့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တယ်။

"သား . . . စင်စင့်ကို လာတွေ့တာလား"

"ဟုတ်"

"စင်စင်က ခုနကမှ အိပ်ပျော်သွားတာကွယ့်"

သူ့အသံက ညှိုးနွမ်းပျော့ရီနေတယ်။ အားယူပြီး အပြုံးခြယ်ကြည့်ပေမယ့် သူ အဆင်မပြေပါဘူး။ လေးတွဲ့တွဲ့လေသံနဲ့ပဲ ဆက်ပြောလာတယ်။

"အန်တီ့သမီးလေးက သနားစရာလေးပါ။ သူ့မှာ ဘာအပြစ်မှမရှိပါဘူး။ သူ ဒီလောက်ပင်ပန်းနေရတာ အန်တီ့ကြောင့်ပါ"

" . . . "

သူ့စကားကို အလုံးစုံ နားလည်မှုမရှိပေမယ့် ကျွန်တော်ခေါင်းညိတ်နေလိုက်တယ်။ သူဆက်ပြောပါစေ။

"သားနဲ့စင်စင်နဲ့ဆို ငယ်ငယ်ကတည်းက ကစားဖက်တွေပဲနော် နောက်ပြီး ယွန်းယွန်းတို့၊ စိုးထိုက်တို့ . . . ဟုတ်လား"

"ဟုတ်"

"အင်း . . . စင်စင်က သိပ်ကိုပင်ပန်းရှာတာ . . . သားရဲ့ အန်တီ့အပြစ်တွေပါပဲ"

ကျွန်တော်နားမလည်တဲ့ စကားကိုပဲ ဒုတိယအကြိမ်မြောက် ပြောပါတယ်။ ကျွန်တော်လည်း အစဉ်အလာအတိုင်း ခေါင်းညိတ်ပြနေမိတယ်။



"သား . . . စင်စင်နဲ့ စကားပြောဦးမလို့လား"

"နေပါစေ အန်တီ၊ သူအိပ်နေပါစေ"

"အေး . . . အေး . . . အန်တီ နှိုးမပေးတော့ဘူးနော်"

"ဟုတ်ရပါတယ် အန်တီ"

ကျွန်တော်ပြန်တော့ ခြံဝန်းတံခါးနားအထိ လိုက်ပို့တယ်။ သူလှည့်ထွက်ခါနီးမှ ကျွန်တော့်ကို စကားတစ်ခွန်းပြောလာတယ်။

"အန်တီ့ကွယ်ရာမှာလည်း စင်စင့်ကို စောင့်ရှောက်ပေးပါဦးမယ်"

ကျွန်တော် တွေးတွေးဆဆ ခေါင်းညိတ်ပြနိုင်ခဲ့ပါတယ်။

စိတ်တွေ ထွေးနေတယ်။ ရင်ဘတ်လည်း မကြည်လင်ဘူး။ မြင်မြင်သမျှ ဇနပိုးရဲ့ ဘွတ်ဖိနပ်များ ပန်းချီကားလို ကြိုးတွေလျှော့နေတယ်။

အဲဒီညက ပန်းချီကားတစ်ချပ်ဆွဲတယ်။ ခပ်ညှိုညှိုလက်ရာပါပဲ။ ပန်းချီကားထဲမှာ ကြိုးတစ်ချောင်းပါတယ်။ ဘာကိုမှ ချည်မထားဘူးလို့ထင်ရတဲ့ ကြိုးတစ်ချောင်းပေါ့။ အဲ့ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ချည်နှောင်ထားတယ်လို့ ထင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

ပြန်၍ငယ်ရွယ်လိုသူသည် မိုက်မဲမှုကို
နှစ်ကြိမ်ပြုလုပ်လိုသူသာ ဖြစ်သည်။
[အော်စကေးပိုင်းလ်စ်]

နှစ်ကြိမ်မကလို့ အကြိမ်တစ်ရာအဖြစ်ပဲ သတ်မှတ်ပါစေ၊ ကျွန်တော် ငယ်ဘဝကိုပဲ ပြန်ငတ်မွတ်နေဦးမယ်။ အဲဒါကြောင့် အော်စကေးပိုင်းလ်စ်နဲ့ ကျွန်တော်အတွေးအခေါ် အံချော်တယ်။ လက်တွေ့မကျတဲ့ တမ်းတမှုဟာ ဘာမှမပေးနိုင်မှန်း ကျွန်တော်သိပါတယ်။ ထားလိုက်ပါ။ ထားလိုက်ပါဆိုတာ ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး။ ကျွန်တော့်ကို ကျွန်တော်ပြောတာပါ။ ထားလိုက်ပါ။ ကျွန်တော့်ကို လွှတ်ထားလိုက်ပါ။ သူ့အရှိန်နဲ့သူ . . . ။

* * *



ကြည့် . . . ကြည့်ကြပါဦး . . . ။ ဓားတွေက ဓားအိမ်ကို လိုက်ရှာနေတယ်။ ငှက်တွေက သီချင်းအတုကို ဆိုတယ်။ ဒါမှမဟုတ် ငှက်အတုတွေက သီချင်းအစစ်ကို ဆိုနေတယ်။ ကြားတယ်။ သံပတ်လျှော့သံကြားတယ်။ ဓာတ်ခဲတစ်လုံး အားမရှိတော့။ စက်ရုပ်ကြီး ရပ်သွားပြီလား။ အဲဒါ ခေတ်ဖြစ်မယ်။ ဘယ်သူ့ခေတ်လဲ။ မက်ဆိုပိုးတေးမီးယန်းခေတ်လား။ မဟုတ်ပါ။ မြေထဲပင်လယ်မှာ ဂရိတွေကျော်ကြားတဲ့ခေတ်လား။ မဟုတ်ရပါ။ မျက်မှောက်ရဲ့ တိုက်ပွဲခေတ်ပါ။ လက်နက်ချလိုက်သူဆိုလည်း လိုက်သတ်တတ်တဲ့ ခေတ်ကြီးလား။ သေချာမသိပါ။ ထို့ကြောင့် မသေချာစွာ သိခြင်းဖြစ်သည်။ အနောက်မှာလား ။ အရှေ့မှာလား။ ကျွန်တော်မသိပါ။ ဘာမှမရှိဘူးဆိုလို့ ကျွန်တော်သွန်ပစ်လိုက်တာပါ။

လူသူအတွေ့နည်းစွာနဲ့ပဲ နေ့ရက်တချို့ကို အေးစက်စက်ဖြတ်သန်းခဲ့တယ်။ ခံစားချက်များစွာကိုလည်း လေးလေးနက်နက်ဖော့ထားရတယ်။ ကျွန်တော် သိပ်မပြောင်းလဲသလိုပဲ။ ဟုတ်တယ်။ ကျွန်တော်အရာအားလုံးကို သာမန်ထက် ပိုမမြင်နိုင်သေးဘူး။

တစ်နေ့ကလည်း သင်တန်းကနေ ပြန်လာခဲ့စဉ်ပေါ့။ လိုက်ရှာတဲ့နေ့မှာ သူ့ကိုတွေ့တယ်လေ။

"ပွမ် . . . ပွမ် . . . "



www.burmeseclassic.com

www.burmeseclassic.com

ကားဟွန်းသံကြားလို့ လှည့်ကြည့်လိုက်တော့ စင်စင်ဖြစ်နေတယ်။ စင်စင်က ကားကို ကျွန်တော့်နံဘေးမောင်းလာပြီး ပြတင်းပေါက်ကနေ . . .

“နေလွင် . . . ဘယ်ကပြန်လာတာလဲ”

“ဟိုဘက်ကပါ”

ဖြစ်သလို လက်ညွှန်ပြပြီး ဖြေလိုက်တယ်။ ဘာဖြစ်လို့ ကျွန်တော် ပန်းချီသင်တန်းတက်နေတာကို မဖြေလိုက်မိတာလဲမသိ။

“အားလား . . .”

“အင်း . . .”

“ငါနဲ့လိုက်ခဲ့လို့ရလား”

“ . . . ”

ဘယ်ကိုလဲလို့မမေးဘဲ အလွယ်တကူ လိုက်ဖြစ်ခဲ့ပါတယ်။ ကားရှေ့ခန်းမှာပဲ သူနဲ့ ဆောချင်းကပ်ထိုင်လိုက်တယ်။ စင်စင်က အအေးဘူးတစ်ဘူးပေးတယ်။ အသာဖောက်သောက်ရင်း လိုက်လာခဲ့တယ်။

စင်စင့်ရဲ့ ကားအဖြူကလေးဟာ ဘာသီချင်းမှမဆိုပဲ မြို့ပြင်ကို ရွေ့လာတယ်။ မြို့ပြင်ခပ်ဝေးဝေးက မြက်ခင်းစိမ်းစိမ်းကလေးရှိရာတစ်နေရာမှာ ကားရပ်လိုက်တယ်။ အဲဒီမြက်ခင်းတွေကြားမှာ ခပ်ရွယ်ရွယ်သစ်ပင် တစ်ပင်ပေါက်နေတယ်။ အဲဒီသစ်ပင်က သူ့နာမည်ကို အော်မပြောဘူး။

သစ်ပင်အောက်မှာ ကျွန်တော်တို့နှစ်ယောက် ထိုင်လိုက်ကြတယ်။ ကျွန်တော်ကတော့ လွယ်ထားတဲ့ လွယ်အိတ်ကလေးကို သူမမြင်သာအောင် မသိမသာ ကွယ်နေမိသေးတယ်။

ဝင်လုနေဆဲ နေလုံးကြီးကို မျက်နှာမူရင်း ထိုင်မိကြတယ်။ လက်ထဲက ကုန်လုဆဲ အအေးဘူးကလေးကို အဝေးကို လွှင့်ပစ်လိုက်တယ်။

“နေလွင် . . .”

“ဟင်”

“နင် လွယ်အိတ်ကြီး ဘာလို့လွယ်ထားတာလဲ”



“ပြော . . . ဒီ . . .”

“ဒီလိုပါပဲလို့ မဖြေကြေးဟော့”

စင်စင်က အမြဲတမ်းရှေ့ကို ကြိုမြင်တတ်သူပဲ။ ကျွန်တော်ငြိမ်နေရုံပဲ တတ်နိုင်တော့တယ်။ စင်စင်က တခြားမေးခွန်း ပြောင်းမေးတယ်။

“နင် ကျောင်းပြီးပြီဆိုတော့ ဘာလုပ်မှာလဲ”

“ကျောင်းဆရာ”

“ဟင် . . .”

မျက်လုံးဝိုင်းဝိုင်းလေးနဲ့ သူ အံ့သြသွားတယ်။

“ကျောင်းဆရာ၊ ကျောင်းဆရာတောင်မှ မူလတန်းပြလုပ်ချင်တာ။ မူလတန်းတောင် ဟိုး . . . တောင်တန်းဒေသတွေက ကလေးငယ်တွေကို စာပြချင်တာ”

သူမျက်လုံးဝိုင်းဝိုင်းလေးနဲ့ပဲ ကျွန်တော့်ကိုကြည့်ပြီး ပြန်ပြောတယ်။

“မွန်မွန်မြတ်မြတ် ရည်ရွယ်ချက်တွေပေါ့”

ဟုတ်တယ် . . ။ ငါ့ရည်ရွယ်ချက်တွေ မွန်မြတ်တယ်။ ကလေးတွေကို ပညာတတ်အောင် သင်ပေးမယ်။ ဒါပေမဲ့ နင့်လိုတော့ ပညာတစ်ခုတည်း အစွန်းရောက်အောင်တတ်ပြီး အထီးကျန်တဲ့ လူနေမှုပုံစံထဲတော့ ရောက်စေရဘူး။

“ဒါနဲ့ နင်ကျောင်းဆရာလုပ်မယ်လို့ တစ်ခါမှ မကြားဖူးပါဘူး။ ငယ်ငယ်တုန်းကလည်း ဒီလိုတစ်ခါမှ မပြောဖူးပါဘူး”

“အင်း . . . မပြောဖူးပါဘူး။ ဒါပေမဲ့ ငါတကယ်ကျောင်းဆရာလုပ်တော့မှာ စင်စင်ရဲ့။ နင်လည်း ဆရာဝန်ဖြစ်တဲ့အခါ ငါ့လိုပဲ နယ်ဝေးဒေသတွေမှာ ဆေးလာကုပါလား”

“ဖြစ်နိုင်မယ် မထင်ပါဘူးဟာ”

“ဘာလို့မဖြစ်နိုင်တာလဲ”

သူ သက်ပြင်းတိုးတိုးလေးချတယ်။ ပြန်မဖြေဘူး။



www.burmeseclassic.com

www.burmeseclassic.com

ညနေမို့ လေနုအေးအေးကလေးတွေ [illegible]နေတယ်။ [illegible] ပါးပါးကလေးတွေကို လှုပ်ခတ်သွားရုံ ပြုမူတယ်။ လှတယ်။

ရဲနေတဲ့ နှုတ်ခမ်းကလေးကို ဟိုး . . . ဝင်လုဆဲနေဝန်းကြီးက အရှင်သခင်မလေးလို့ ခေါ်ဝေါ်ဦးညွှတ်သင့်တယ်။ ဖြူဝင်းထည်ဝါနေတဲ့ မျက်နှာကလေးကတော့ တိမ်တွေပင်လယ်ထဲ ပျက်ကျသေသွားလောက်ရဲ့။

ဒါပေမဲ့ ရုတ်တရက် သူ့အလှဟာ ထိခိုက်ရှနာဖြစ်သွားတယ်။ ရဲနေတယ်နှုတ်ခမ်းလေး တသိမ့်သိမ့်တုန်လာတယ်။ မျက်ရည်ဥဝဝက လေးတစ်လုံး ပါးပြင်ကော်ဇောကနေအောက်ကို လျှောခနဲ လိမ့်ဆင်းလာတယ်။

"စင်စင် . . . နင်ဘာလို့ငိုတာလဲ"

သူငိုနေတယ်။ သူငိုတော့ ကျွန်တော့်ရင်က အောင့်တယ်။ နှလုံးသားအလန့်တကြား ဖြစ်သွားလို့ဖြစ်မယ်။

"တကယ်တော့ ငါကလေးလေးကို ရေနွေးနဲ့ တမင်တကာပက်လိုက်တာမဟုတ်ဘူး။ ငါ အဲဒီလိုမလုပ်ဘူး။ ငါ အဲဒီလောက် မရည်ရွယ်ပါဘူးဟာ"

ကျွန်တော် သိနေလိုက်ပါတယ်။ သူ့ကျောင်းကကဲန်တင်းမှာ သူ တောင်းစားလေးကို ရေနွေးနဲ့ပက်တဲ့ကိစ္စကို ပြောပြနေတာပါ။ သူ သိပ် ခံစားနေရမယ်မှန်းသိလို့ ကျွန်တော် မမေးဖြစ်ခဲ့တာပါ။

"အဲဒီနေ့က ငါအရမ်းမိုက်ဆာလို့ ကဲန်တင်းမှာ တစ်ခုခုသွားစားတာ။ အဲ့ဒီမှာ ကလေးလေးရောက်လာတယ်။ ငါတကယ် အကြွေမပါလို့ပါ။ နှစ်ရာတန် ငါးရာတန်လောက်ကိုမပါလို့ ငါမထည့်ဖြစ်လိုက်တာ"

သူ မျက်ရည်အဟောင်းတွေကိုသုတ်ရင်း ဆက်ပြောတယ်။

"ငါမထည့်နိုင်ပေမယ့် ကလေးလေးက တတွတ်တွတ်တောင်းနေတာပဲ။ အဲဒီလို တတွတ်တွတ်တောင်းနေရာကနေ အသံက ရပ်သွားရော။ ငါလည်း စာအုပ်တစ်ဖက်နဲ့မို့ သူ့ကိုကောင်းကောင်း အာရုံမထား[illegible] . . . ပြီးသွားပြီမို့လို့ သူမရှိတော့ဘူးမှတ်ပြီး . . ငါ . . ငါ . . . ရေနွေးပန်းကန်ကို ဆေးတဲ့အနေနဲ့ ရေကျင်းပြီး သွန်လိုက်တာ အဲဒီမှာ ကလေးလေးကို သွားထိတာ။ ငါတကယ် စိတ်မကောင်းပါဘူး[illegible]။ ကလေးလေးက ပူလွန်းလို့ အော်ငိုရှာပါတယ်။ ငါတကယ်မရည်ရွယ်ပါဘူး။ ဒါပေမဲ့ လူတွေဝိုင်းကြည့်တဲ့ မျက်လုံးတွေက ဆိုးတယ်ဟာ"

သူ ငိုနေဆဲ။ မျက်လုံးသွေးကြောလေးတွေနီလို့။ သူ ဆက်ပြောတယ်။ သူပြောပါစေ။

"သူတို့တွေ ဝိုင်းကြည့်ကြတယ်။ ဝိုင်းပြောကြတယ်။ ငါမခံနိုင်[illegible] ထွက်ပြေးရုံပဲ တတ်နိုင်ခဲ့တယ်။ တကယ်ဆို သူတို့အကြောင်းစုံ အရင်[illegible]မြန်းဖို့ ကြိုးစားကြပါလား။ ထားပါဦး . . . ငါ့မှာ အပြစ်ရှိတယ်။ [illegible]ပေမဲ့ သူတို့ငါ့ကို အပြစ်လျော့အောင် မလုပ်ပေးကြဘူး။ ငါမရည်ရွယ်[illegible] ကျူးလွန်မိတဲ့ အပြစ်တစ်ခုကို သူတို့အဆမတန်ဖြစ်အောင် ပြောကြ[illegible]။ ငါ ကလေးလေးကို တကယ်စိတ်မကောင်းတာပါ နေလွှင်ရယ်။ [illegible]ဘယ်လို . . . "

သူ ရုတ်တရက် ကျွန်တော့်ပခုံးပေါ် မျက်နှာအပ်လိုက်တယ်။ [illegible]ဟင့်ဟင့်ရှိုက်တယ်။ ငိုပါစေလေ။ သူငိုပါစေ။

သူ့မျက်ရည်တွေ ကျွန်တော့်ပခုံးမှာ ရွှဲစိုနေတယ်။ ကျွန်တော် [illegible]ဆံပင်ပျော့လေးတွေကို ပွတ်ပေးနေမိတယ်။ သူ့စိတ်ကို အနှစ်သိမ့်နိုင်[illegible]ဖြစ်မယ့် စကားလုံးတချို့ကို လိုက်ရှာနေမိတယ်။

"ငို . . . အားရအောင်ငိုပါ။ ငိုလို့ဝမှ ငါတို့ပြန်ကြမယ်"

ဘယ်သူပို့သတဲ့ မေတ္တာဓာတ်ကြောင့်လည်း မသိဘူး။ သူ့စိတ်[illegible] ကြေကွဲနေတဲ့အချိန် သူ့ဘေးနားမှာ ရှိနေခွင့်ရတာ ကျွန်တော့်[illegible]တ် ကံကောင်းခြင်းပါ။ ဟိုးအဝေး . . . ချစ်သူနဲ့ ဆန့်ကျင်ဘက်[illegible]မှာ ငှက်ကလေးတွေ ပြေးနေကြ . . . ။





www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးနေ . . . ဒါ ဘယ်လိုတွက်ရမှာလဲ"

"မေးခွန်းကို အသံထွက်ပြန်ဖတ်ပြ"

"အိမ်ရှင်မတစ်ယောက်သည် ဈေးသို့သွား၍ 'ငါး' နှစ်ဆယ်
ကျပ်သားကို ၃ ကျပ် ၄၀ ပြား၊ ဘူးသီးလေးစိတ်ကို ၁ ကျပ် ၂၀ ပြား
ခရမ်းချဉ်သီးသုံးဆယ်သားကို ၁ ကျပ် ၆၅ ပြားပေး၍ ဝယ်လာသည်
စုစုပေါင်းကုန်ကျငွေကို ရှာပါ"

ညပေါ့။ အစ်မနဲ့အတူတူ ကလေးတွေကို စာပြပေးနေတာလေ
အခု ဒုတိယတန်းကျောင်းသူကြီးကို စာရှင်းပြနေရတာပေါ့။

"ဒီမှာကြည့် . . . စုစုပေါင်းကုန်ကျငွေကို ရှာပါတဲ့ တွေ့လား"

"ဟုတ် . . . တွေ့တယ်"

"အဲဒါဆို ရှင်းပြီပေါ့။ စုစုပေါင်းဆိုမှတော့ အားလုံးကို ပေါင်း
ပဲ"

"ဩော် . . . စုစုပေါင်းဆိုရင် ပေါင်းလိုက်"

"အင်း . . . ဟုတ်တယ်"

"စုစုနုတ်ဆိုရင် နုတ်လိုက်"

"ဟမ် . . . ဘာ . . . ဘာ . . ."

ကျွန်တော်တောင် ရုတ်တရက် ကြောင်သွားသေးတယ်။



"စုစုနုတ်ရယ်လို့ မရှိပါဘူးဟာ"

"ဩော် . . . ရှိဘူးလား၊ ဟီး . . . ဟီး . . . ဟုတ် . . .
. . တယ်တော့ သမီးက မေးခွန်းကို နားလည်ပါတယ်။ အဖြေဘယ်
. . ောက်လဲ သိချင်တာ"

"အဖြေက ကိုယ့်ဘာသာကိုယ်တွက်ရမှာပေါ့။ ငါထုလိုက်ရ . .
. . တောင်မလေးတော့"

အိမ်ကို စာလာသင်တဲ့အထဲက စကားအတတ်ဆုံး ကလေးမ
. . း‌ပေါ့။ ကလေးတွေကို စာသင်ရတာ စိတ်ချမ်းသာစရာပါ။ တစ်ခါ
. . စ်လေ လွယ်မလိုလိုနဲ့ ကပေါက်တိကပေါက်ချာလေးတွေ ဖြစ်ရတယ်။
. . ယ်ကူတဲ့ပုစ္ဆာလေးတွေဆိုပေမဲ့ သူ့အရွယ်နဲ့ သူ့စာနဲ့ကတော့ အထိုက်
. . လျောက် ခက်ခဲမှုတွေ့ကြတာပဲ။

ဟော . . . လာပြန်ပြီတစ်ယောက်။ တတိယတန်း သချာပုံနှိပ်
. . ုပ်ထူကြီးကို ကိုင်လာတယ်။ စွပ်ကျယ်ရှည်ရှည်ဝတ်ထားတဲ့ ကောင်
. . း။ ကိုယ်ငယ်ငယ်က ပုံလေးကိုလည်း မြင်ယောင်မိတယ်။

"ဘာမေးမလို့တုံး"

"ဟိုဟာ . . . ကိုကြီးနေ၊ ထောင့်ကျဉ်း ထောင့်ကျယ် ဘယ်လို
. . ာလဲ"

"ကျောင်းမှာ မသင်သေးဘူးလား"

"ဟုတ် . . . မနက်ဖြန်လောက်ဆိုရင် သင်လောက်မယ်ထင်
. . ယ်။ ကြိုသိထားချင်လို့"

ကျွန်တော်လည်း ထောင့်ကျဉ်းထောင့်ကျယ်ကို ရှင်းပြဖို့အတွက်
. . င့်မှန်ကို အရင်ရှင်းပြရတယ်။ ပြီးတော့မှ ထောင့်မှန်ထက်ကြီးတဲ့
. . င့်ကျယ်လို့ခေါ်တယ် စသဖြင့်ပေါ့။

"ပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့ . . .။ ဒါဆို ဟိုမှာ ဘကြီး ပေါင်ကားထားသလောက်
. . ရင် ထောင့်ကျဉ်းပေါ့နော်"

"ဟမ် . . . "



www.burmeseclassic.com

www.burmeseclassic.com

ခပ်လှမ်းလှမ်းက ကုလားထိုင်ပေါ်မှာ ပေါင်ကြီး အားရပါးရ ကားပြီး ဂျာနယ်ဖတ်နေတဲ့ ကျွန်တော့်အဖေ့ကို ညွှန်ပြပြီး ပြောလိုက်တာပါ။

"အေး . . . အေး . . . ဟုတ်တယ်၊ အဲဒါ ထောင့်ကျဉ်း။ မင်းကလည်း မြင်တတ်လိုက်တာ"

"အဟဲ . . . "

ကဲ . . . တွေ့တဲ့အတိုင်းပဲ။

ညကိုးနာရီခွဲလောက်မှာတော့ စာသင်ပြီးတယ်။ ကိုယ့်အခန်းထဲဝင်ပြီး စာဖတ်တယ်။ အခုတစ်လော ပန်းချီဆိုင်ရာစာအုပ်တွေ ဖတ်ဖြစ်တယ်။ အိပ်ခါနီးမှာ သူ့အကြောင်းမတွေးမိအောင် ကြိုးစားရင်း သတ်ပြင်းတွေနဲ့ လူးလိမ့်နေတယ်။

နားထဲမှာ ခေါ်သံလိုလို ခပ်တိုးတိုးကြားနေမိတယ်။ တကယ်တော့ ကိုယ့်ရင်ခုန်သံကို ပြန်အာရုံပြုနေမိတာပါ။ သူ့အကြောင်း မတွေးမိအောင်ကြိုးစားနဲ့တာ မအောင်မြင်ဘူး။

✂ ✂ ✂



"ပြောလေ . . . အရေးကြီးတယ်ဆိုတာ"

"အေးလေ . . . ပြောမှာ။ ဘယ်ကစပြောရမှာလဲလို့ စဉ်းစားနေတာ"

ရှက်လုပင်ပေါ်မှာ ပိုးကောင်တစ်ကောင်က နှန်ဆွနှန်ဆွဖြစ်နေတယ်။ ယွန်းယွန်းတို့ခြံထဲမှာပါ။ သူက အရေးကြီး ပြောစရာရှိလို့ဆိုတာနဲ့ ကျွန်တော် ရောက်လာတာပါ။ အရေးကိစ္စဆိုကတည်းက စင်စင့်ကိစ္စဖြစ်နေမလားလို့ ကျွန်တော် အတွေးရောက်သွားတယ်။

"စင်စင့်ကိစ္စများလား"

ယွန်းယွန်းက ခေါင်းညိတ်ခေါင်းခါ နှစ်မျိုးစလုံး လုပ်ပြတယ်။

"ဘာလဲဟ . . . နင့်ခေါင်းက"

ဒီတော့မှ ယွန်းယွန်းက စကားရှည်ရှည် စပြောတယ်။

"စင်စင့်ကိစ္စတင်မကဘူး။ ငါတို့အားလုံးရဲ့ကိစ္စလို့ ပြောချင်တာ။ ငါတို့အားလုံးဆိုတာ စိုးထိုက်အပါအဝင် နင်ရယ်၊ ငါရယ်၊ စင်စင်ရယ်၊ ငယ်သူငယ်ချင်း လေးယောက်ပေါ့"

ရင့်ကျက်သွားပြီးပဲ ပြောမလား။ အလှမ်းတွေ ကြီးလေးသွားပြီ ဆိုမလား။ ငယ်သူငယ်ချင်းတွေဆိုတဲ့ စကားလုံးကို ဟိုးအရင်လို ရှုရှု မခံစားရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ဆက်ပြောပါဦး၊ ငါတို့လေးယောက် ဘာလုပ်မှာလဲ"

"စားပွဲလေးလုပ်ချင်တာဟ၊ ညနေစာဖြစ်ဖြစ်ပေါ့။ ငါ ဆိုင်ကောင်းကောင်းလေးလည်း တွေ့ထားတယ်။ အချိန်ကောင်းကောင်းလေးလည်း စဉ်းစားမိထားတယ်။ အဲဒါ နင်ဘယ်လိုသဘောရလဲ"

"ငါတို့ဆက်ဆံရေး အခြေအနေတွေက ဟိုးယယ်ငယ်ကလို မဟုတ်တာတော့ နင်သိပါတယ်နော်"

"အဆင်မပြေတာတွေကို အဆုံးသတ်မယ့်ပွဲလို့တောင် ငါက နာမည်ပေးလိုက်ချင်သေးတယ်"

"သေချာတယ်ပေါ့"

"အင်း . . . "

ယွန်းယွန်းကိုကြည့်ရတာတော့ သူ့အစီအစဉ်ကို သူပိုင်တဲ့ပုံပဲ။ ကျွန်တော်ကတော့ ပန်းတွန့်မိသလားပဲ။ ယွန်းယွန်းက ရယ်ဟဟလေးနဲ့ ထပ်ပြောလာတယ်။

"နင်က မယုံဘူးပေါ့"

"အင်း . . . မယုံရဲဘူး"

"စိတ်ချပါ . . . ။ ဒီတစ်ခါ ငါတို့တွေ့ဆုံခြင်းက အကောင်းဆုံးတွေ့ဆုံခြင်းဖြစ်မှာပါ။ ငါယုံတယ်။ နင်လည်း သံသယမဖြစ်ပါနဲ့။ စင်စင့်ကို ငါလည်း ပြောပြီးပါပြီ"

"အေး . . . ဒါဆိုလည်း လုပ်ပါ။ ဘယ်နေရာ ဘယ်အချိန်မှာ လုပ်မှာလဲ"

"အသစ်ဖွင့်ထားတဲ့ ဆိုင်တစ်ဆိုင်တွေ့ထားတယ်ဟ။ ဟိုတစ်နေ့ကအိမ်ကို ဧည့်သည်တွေလာလို့ လိုက်ကျွေးတာ တော်တော်ကောင်းတယ်။ အစားအသောက်လည်း စုံတယ်။ အေးအေးဆေးဆေးလည်း ရှိတယ်။ အပြင်အဆင်လည်း ကောင်းတယ်၊ သန့်တယ်။ နံရံမှာလည်း 'လူလိုသိပါ' တွေ 'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' တွေ မရေးထားဘူး။ ဘာအဆိုအမိန့်စကားလုံးတွေမှ မရှိဘူး"



သူ့စကားက ပြုံးချင်စရာပါ။

"အချိန်ကကော ဘယ်နေ့၊ ဘယ်အချိန်လဲ"

ကျွန်တော့်အမေးကို သူက အမေးတစ်ပိုင်းနဲ့ ပြန်ပြောတယ်။

"ဒီဇင်ဘာ (၁၄) ရက်နေ့က ဘာနေ့လဲဆိုတာ နင်သိလား"

စဉ်းစားရတဲ့အလုပ်မှ ဖျင်းပါတယ်ဆို ခေါင်းကိုက်အောင် လာထုပ်နေတယ်။ ဒီဇင်ဘာ (၁၄) . . . ဘာတုံး . . . အဲဒါဘာနေ့တုံး . . . သေ . . . ရှိုးကွာ။

"ဟား . . . ဟား . . . ဟား . . . တပ်မတော်နေ့မို့လား"

"နင့်ကြီးတော် . . . ငပေါပါလား"

ဆဲခံရမယ်လို့ ထင်ပြီးသားပါ။ ယွန်းယွန်းက ဆဲလို့ဝမှ . . .

"တပ်မတော်နေ့က နွေခေါင်ခေါင်မှာဟဲ့။ ငါမေးနေတာက ဆောင်းတွင်းကြီး။ ဒီဇင်ဘာ (၁၄) ရက်နေ့ပါဆို"

ကျွန်တော့်ကို အပြစ်တင်ပါတယ်။ အဲဒါနဲ့များ ကျောင်းဆရာလုပ်ဦးမယ်ဆိုပြီး ခပ်တိုးတိုး ဝေဖန်သေးတယ်။

"ကဲ . . . ကဲ . . . ပြော . . . အဲဒါ ဘာနေ့တုံး"

"နင်မှတ်ထား . . . ။ အဲ့ဒါ မြန်မာ့သူငယ်ချင်းများနေ့တဲ့"

"ဘယ်လို . . . "

ကျွန်တော် ထူးဆန်းသွားတယ်။ စိတ်လည်း ဝင်စားမိတယ်။

"ဟင့်အင်း . . . ငါမကြားဖူးဘူး၊ ရှိလို့လား"

"အင်း . . . ရှိတယ်။ ဒီဇင်ဘာ (၁၄) ရက်နေ့ဟာ မြန်မာ့သူငယ်ချင်းများနေ့တဲ့"

ကျွန်တော် တကယ်ကို မသိရိုးအမှန်။ မြန်မာ့သူငယ်ချင်းများနေ့ဆိုပဲ။ စိတ်ထဲက တစ်မျိုးလေးခံစားရတယ်။

"ဘယ်သူက သတ်မှတ်လိုက်တာတုံး။ နင်ကော ဘယ်ကသိတာလဲ"

"ငါဟိုတစ်နေ့က အင်တာနက်သုံးရင်း တွေ့တာဟ။ ဘယ်သူ့ဖွင့်ပြုချက်နဲ့ ဘယ်သူက သတ်မှတ်တာလဲတော့ မသိဘူး။ ဒီနေ့ပွဲ



www.burmeseclassic.com

www.burmeseclassic.com

တော်မှာ ပျော်ရွှင်ကြတဲ့ သူငယ်ချင်းအဖွဲ့တွေလည်း အများကြီးပဲ။ သော ခံတဲ့သူတွေ၊ ကျေနပ်တဲ့သူတွေလည်း အများကြီးပဲ။ ကမ္ဘာပေါ်မှာ အထိမ်း အမှတ်နေ့တွေ အများကြီးရှိတာပဲ။ ဒီမြန်မာ့သူငယ်ချင်းနေ့ဆိုတာ လည်း ချစ်စရာကောင်းမယ်၊ အဓိပ္ပာယ်ရှိမယ်လို့ ငါထင်တယ် မကောင်းတာလုပ်တဲ့နေ့မှ မဟုတ်တာ။ ဒီလိုနေ့မျိုး ရှိသင့်တယ်လို့ န မထင်ဘူးလား"

စိတ်ထဲက ရွှင်ပျပျလေးဖြစ်မိတာ အမှန်။ ကောင်းမွန်တဲ့ ဆော ရာသီပွဲတော် နေ့ကလေးတစ်နေ့ ဖြစ်လာနိုင်တယ်လို့လည်း ထင်မိ တယ်။

"အင်း . . . အဲဒီနေ့ပဲ သတ်မှတ်လိုက်တာပေါ့"

"အင်း . . . ငါစီစဉ်လိုက်မယ်။ နေလွင် . . . နင်အဲ့ဒီ လက်ဆောင်ယူခဲ့မှာလား"

"ဘာလုပ်ဖို့လဲ ယူချင်ပါဘူး"

"လက်ဆောင်ပါဆယ်ထုပ်ချင်း မလဲချင်ဘူးလား"

"ဟား . . . ဟား . . . ကလေးကလားနဲ့"

"နင်ပဲ ကလေးဘဝကို ကြိုက်တယ်ဆို"

" . . . "

ဘာမှပြန်မပြောဖြစ်ဘူး။

အိမ်ရောက်တော့ အစ်မလုပ်သူကို အကဲစမ်းကြည့်တယ်။

"အစ်မ . . . ဒီဇင်ဘာ (၁၄) ရက်နေ့ကို သိလား"

အစ်မက ခဏစဉ်းစားတယ်။ နောက်တော့ မျက်လုံးစိမ်းပြ နဲ့ ကြည့်လာတယ်။

"အငယ်ကောင် . . . အေးဆေးနေတာ လာမစနဲ့"

"ကျွန်တော်ဘာစလို့လည်း ဒီဇင်ဘာ (၁၄) က ဘာနေ့ . . ."

"တော်တော့ . . . နေလွင်၊ မစပါနဲ့ တော်ပါတော့ဟာ ဝန်ခံပါတယ်။ ဒီဇင်ဘာ (၁၄) ရက်နေ့က ငါ့ရည်းစားဦးနဲ့ ကွဲတဲ့ ပါ။ လာမစပါနဲ့ဟာ . . . သွားပါတော့"



ပြောချင်ရာတွေပြောပြီး မီးဖိုခန်းဘက် ထွက်သွားပါရောအိုး မလုံ အံ့ပွင့်တာပေါ့ဗျာ။ ဒီက အကောင်းမေးတာကို။ ဩော် . . . သူ့အခု ထိ အပျိုကြီးဖြစ်နေတာ ဒါကြောင့်ကိုးလို့လည်း တွေးမိသေး။

နောက်တစ်နေ့နံနက်မှာ စိုးထိုက်ရဲ့အိမ်ကို ကျွန်တော်ရောက် တယ်။ အိမ်ပေါက်ဝမှာ တံမြက်စည်းလှည်းနေတဲ့ စိုးထိုက်အမေနဲ့ အရင် တွေ့ပါတယ်။

"ဩော် . . . နေလွင်၊ စိုးထိုက်ကို လာရှာတာလား။ ရှိတယ် ရှိတယ်"

ဆိုပြီး အားရဝမ်းသာစွာ ခေါ်တယ်။ နောက်ပြီး ကျွန်တော့်အနား ကို တိုးကပ်ပြီး လေသံခပ်အုပ်အုပ်နဲ့ ပြောရှာတယ်။

"သားသူငယ်ချင်းလေ ဘာတွေစိတ်ကောင်းဝင်နေလည်း မသိ ဘူး။ ဒီနေ့ အရက်မသောက်ဘူးလို့ အန်တီကို ကတိပေးထားတယ်ကွယ့်"

"ဟုတ်လား အန်တီ"

စိုးထိုက်အမေ တကယ့်ကို ပျော်ရွှင်နေပါတယ်။ သားဆိုးအမေ ပျော်ရွှင်နေပါတယ်။

"သွား . . . သွား . . . သူ အိမ်နောက်မှာရှိတယ်"

စိုးထိုက်က အိမ်နောက်မှာ စာအုပ်ဖတ်နေတယ်။ ကျွန်တော် သူ့အနားတော်တော်နီးလာမှ သူမြင်တယ်။ စာအုပ်ကို စာမျက်နှာမှတ်ပြီး ပိတ်လိုက်တယ်။

"ထိုင်လေ"

သစ်ငုတ်တိုကြီးကို ညွှန်ပြပြီး ထိုင်ခိုင်းလိုက်တာပါ။ သူကတော့ ထုလားထိုင်ပေါ်မှာပါ။ ကျွန်တော် သစ်ငုတ်တိုကြီးပေါ်မှာ ဆောင့်ကြောင့် ထိုင်လိုက်တယ်။

"ငါတို့ ပျော်စရာဖြစ်မယ့် အစီအစဉ်လေးတစ်ခု လုပ်ထားတယ်"

"(၁၄) ရက်နေ့လား"

"အင်း . . . မင်းသိပြီးပြီပေါ့။ ယွန်းယွန်းလာပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ငါသိပ်မမူးသေးခင် စင်စင်နဲ့ လမ်းမှာတွေ့တယ်။ သူပြောတာပါ"

"ဩော် . . ."

ကျွန်တော် သစ်ငုတ်တိုပေါ်မှာပဲ အနေအထား ပြောင်းထိုင်လိုက်တယ်။

"မြန်မာ့သူငယ်ချင်းများနေ့ . . . ဟုတ်လား"

"အေး . . . ယွန်းယွန်း အင်တာနက်ထဲက တွေ့တာတဲ့။ ဘာဖြစ် လို့လဲ"

ခေါင်းခါပြီး ရယ်ပြတယ်။ ဒီနေ့ စိုးထိုက်မျက်နှာ လန်းဆန်းတယ်။ ပြီးမှ . . .

"အဲဒီနေ့လေး သတ်မှတ်တာ ကောင်းတယ်လို့"

" အင်း . . . ငါလည်း အဲဒီလို ခံစားရတယ်။ မင်း အဲဒီနေ့ လာမှာမို့လား"

"လာမှာပါ . . . ။ ငါ စိတ်ကြည်ကြည်လင်လင်ထားပြီး လာခဲ့မှာပါ"

"ဒါဆို ငါတို့အတွက် အကောင်းဆုံးနေ့ဖြစ်မှာပေါ့"

"အင်း . . . ဖြစ်နိုင်မှာပါ"

"အိုကေ . . . အဲဒီနေ့မှာ ဆုံတာပေါ့"

"ဒါပေါ့"

စကားပြောလို့ ကောင်းခဲ့ကြပါတယ်။ အခြားရောက်တတ်ရာရာတွေကိုလည်း နာရီအတော်ကြာအောင် ပြောဖြစ်ကြသေးတယ်။ နေကသူ့ရဲ့ အသန့်ရှင်းဆုံး အလင်းတွေနဲ့ ဒီနေ့နံနက်ခင်းကို ပျိုရွယ်အောင် ဖန်ဆင်းတယ်။

ᨀ ᨀ ᨀ



## ဒီဇင်ဘာ (၁၄) ရက်



www.burmeseclassic.com

www.burmeseclassic.com

(၈)

ဆွယ်တာအင်္ကျီမကြိုက်တဲ့ ကျွန်တော်က ဂျင်းအင်္ကျီကြိုက်ပါတယ်။ ဆောင်းညနေဟာ အရပ်ရှစ်ခွင်ကို မှိုင်းအိုအို ရစ်ငင်ခြုံသိုင်းထားလေရဲ့။ နှင်းဥတုကာလမို့ လေးလေးပင်ပင်နဲ့ စောစောအိပ်ချင်သူတွေ များနေကြတယ်။ လမ်းနံ့ဘေးမှာတော့ ထန်းမြစ်ဖုတ်သည်၊ ပြောင်းဖူးဖုတ်သည်တွေကို မြူရောင်မှုန်ဝါးဝါးမှာ တွေ့ရတယ်။

ထန်းမြစ်ဖုတ်ရဲ့ ရနံ့တူးတူးလေးက လွှမ်းစရာကောင်းသလို။

"နှစ်ရာပါ။ သုံးဖူးငါးရာနဲ့ပေးမယ်လေ"

"ဟင့်အင်း . . . တစ်ဖူးပဲ"

ပြောင်းဖူးစေ့ကလေးတွေကို ခြွေရင်း ပါးစပ်ထဲပစ်ထည့် စား တယ်။ ဟိုးမြင့်မြင့်ကို မြှောက်ပြီးမှ ပါးစပ်နဲ့ ပြန်ခံဖမ်းခဲ့တယ်။ တစ် ယောက်တည်း ပေါ့ပေါ့ပါးပါး။ လမ်းကွေ့တစ်ခုက လျှောက်လာတဲ့ စိုးထိုက်ကို လှမ်းတွေ့လိုက်တယ်။ အနားရောက်တော့ သူက . . .

"ငါတို့ အတူတူသွားတာပေါ့"

ကျွန်တော်တို့ အတူတူသွားခဲ့ကြတယ်။ ယွန်းယွန်းချိန်းထားတဲ့ ဆိုင်ကို။



နီ၊ ပြာ၊ ဝါ၊ စိမ်း ညမီးပုံးကလေးတွေ တယိမ်းတနွဲ့ ချိတ်ထားတဲ့ဆိုင်။ လရောင်ဝါးဝါးကို နောက်ခံထားတဲ့ဆိုင်။ ဆိုင်နာမည်ကို ဖတ်နိုင်အောင် မေ့နေခဲ့တယ်။ ဆိုင်အပြင်မှာ ရပ်ထားတဲ့ကားတွေကို ကြည့်လိုက်တယ်။

"သူတို့ရောက်နေပြီ"

"အင်း . . . "

ဆိုင်ထဲမှာ လူရှင်းနေတယ်။ သပ်ရပ်ပြီး အဆင့်မြင့်တဲ့ဆိုင်မို့ စိတ်နဲ့ပန်ရတယ်။ ယွန်းယွန်းပြောသလိုပဲ ဘာအဆိုအမိန့်၊ စကားလုံးတွေမှလည်း နံရံမှာ မချိတ်ထားဘူး။ ဟိုးစားပွဲဝိုင်းက သီးသန့်ဆန်ပြီး တန်ရပြင်နဲ့နီးတယ်။ အဲဒီဝိုင်းမှာ သူတို့ထိုင်နေကြတယ်။ လရောင်မှုန်ရီရီကလည်း ရေကန်ထဲမှာ ထိုင်နေပြီ။

အစိမ်းနုရောင် ဝမ်းဆက်ဝတ်ထားတဲ့ စင်စင်ကို ကျွန်တော်အရင်မြင်တယ်။ ယွန်းယွန်းက (Menu) စာအုပ်ကို ဖွင့်လိုက်ပိတ်လိုက်လုပ်ရင်း ကျွန်တော်တို့ကို နှုတ်ခမ်းဆူပြီး လှမ်းကြည့်နေတယ်။ ကျွန်တော့်လိုပဲ ဂျင်းအင်္ကျီဝတ်ထားတဲ့ စိုးထိုက်က . . .

"ငါတို့ နည်းနည်းနောက်ကျသွားတယ် ထင်တယ်"

ခုံတွေကို ဆွဲထုတ်ထိုင်လိုက်ကြတယ်။

"နင်တို့ နောက်ကျတယ်"

ယွန်းယွန်းက ပြောတယ်။

"ခြောက်မိနစ်တောင်မှ"

စင်စင်က ဖြည့်စွက်တယ်။

ဒီနေ့ သူတို့ကိုကြည့်ရတာ လန်းလန်းဆန်းဆန်းနဲ့မို့ ငယ်ပုံဖမ်းထိုးရတယ်။ စိုးထိုက်ကိုလည်း သူတို့နှစ်ယောက်က အကဲခတ်သလို ကြည့်တယ်။ ဒီနေ့ စိုးထိုက် သန့်ပြန့်သပ်ရပ်နေတယ်။ နောက်ပိုင်းနှစ်တွေထဲ သူ့ကို ဒီနေ့လောက်သန့်ပြန့်သပ်ရပ်တာ မတွေ့ဖူးဘူး။

"မှာကြမယ်လေ . . . ငါဆာနေပြီ"

စိုးထိုက်က ဗိုက်ကိုပွတ်ပြီး ရွှင်ပျပျကလေးနဲ့ စကားဆိုင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးက သူ့အမူအရာကြောင့် ကျေနပ်ရတယ်။ စင်စင်ကလည်း ထောက်ခံတာပေါ့။

"ဟုတ်တယ် . . . ဟုတ်တယ် . . . မှာကြမယ်"

ခပ်လှမ်းလှမ်းက ဝိတ်တာကလေးက အလိုက်သိစွာ ရောက်လာတယ်။ ယွန်းယွန်းက သူအကျွမ်းတဝင်ရှိပြီးသားဆိုင်မို့ သူကြိုက်တဲ့ ဟင်းသုံးလေးမျိုး အရင်မှာတယ်။ စင်စင်က ကျွန်တော့်ကို (Menu)စာအုပ်ပြပြီး . . .

"နေလွင် . . . ဘာစားမလဲ၊ ရေခဲတောင်ကြာပွင့် စားမလား"

"ဘာရေခဲတောင်ကြာပွင့်လဲ"

"တရုတ်သိုင်းကားထဲကဟာလေ"

"ဟွန်း . . . ပေါက်တတ်ကရတွေ"

ကျွန်တော် မျက်စောင်းထိုးကြည့်ပစ်လိုက်တော့ သူက ပြန်မဲ့ပြတယ်။ ကြည့်ပါဦး . . . ။ သူ ဒီနေ့ ကလေးလေးလိုပဲ။ စင်စင် စစ်စစ်ပါနော်။ စားစရာတွေကိုတော့ (Menu) ထဲရှိတာကော၊ စိတ်ထဲရှိတာကော မှာလိုက်ကြတယ်။

ဝိတ်တာကလေးက ရေအရင်လာချပေးတယ်။ ရေတစ်ခွက်ဆီ ကိုယ့်ရှေ့ထားပြီး စကားတွေ များနေကြတယ်။ ယွန်းယွန်းက စိုးထိုက်ကို သွေးတိုးစမ်းကြည့်တယ်။ လက်မကို ပါးစပ်နားမှာတေ့ပြပြီး . . .

"စိုးထိုက် . . . နင် ဒါနည်းနည်းလုပ်မလား။ ဒီမှာ ဘီယာ အကောင်းစားတွေရတယ်နော်"

"ငါက အကောင်းစားတွေ မသောက်တတ်ဘူး။ ငါက အရက်ဆို . . . ဟိုး . . . အောက်ဆုံးကဟာမှ ကြိုက်တာ"

ဆိုပြီး စိုးထိုက်က အရက်ဇီကာ ဖွင့်ပြလိုက်တယ်။ ကျွန်တော်၊ စင်စင်နဲ့ ယွန်းယွန်းကလည်း ဗဟုသုတဖြစ်ဖွယ် နားထောင်မိကြတာပေါ့။

"ငါအရက်စမူးတဲ့နေ့ကဆိုရင် ခြင်ရယ်ကိုက်ခံရတာဟ။ အိပ်လို့ကိုမရဘူး"

"ခြင်ထောင် ထောင်အိပ်ပေါ့"



"အေး . . . အဲဒီခြင်ထောင်ထောင်တာမှာပဲ ပြဿနာဖြစ်လို့ဟ။ ခြင်ထောင်ကြိုးနဲ့နံရံက သံငုတ်ကို ချိတ်လို့မရဘူးဖြစ်နေတာ။ ငါ့မျက်လုံးထဲမှာ သံချောင်းက သုံးချောင်းလောက် မြင်နေရတာလေ"

သူတို့ရယ်ကြတယ်။ စိုးထိုက်ဆက်ပြောလို့ ကျွန်တော်တို့ ဆက်နားထောင်ဖြစ်ကြပြန်တယ်။

"ကျမ်းဂန်တွေအဆိုအရတော့ အရက်ဟာ သဘာဝတရားနဲ့ သိပ်နီးစပ်တယ်။ အင်း . . . သဘာဝတရားအရ စတင်ဖြစ်ပေါ်လာတာပေါ့။ သူ့အလိုအလျောက်ဖြစ်ပေါ်နေတဲ့ သေရည်ငါးမျိုးရှိတယ်တဲ့"

"အင်း . . . "

အားလုံးက ငြိမ်ပြီး နားထောင်နေကြတယ်။

"အဲဒါတွေကတော့ 'ပုပ္ဖါသဝ' လို့ခေါ်တဲ့ သစ်ပွင့်ရည်ကဖြစ်တဲ့ အရက်၊ 'ဖလာသဝ' လို့ခေါ်တဲ့ သစ်သီးရည်တွေကဖြစ်တဲ့အရက်၊ 'မဓွာသဝ' ဆိုတဲ့အရက် . . . အင်း . . . အဲဒါကတော့ ဘယ်ကဖြစ်လာတဲ့အရက်လည်း မမှတ်မိတော့ဘူး။ နောက် 'ဂုဠာသဝ' လို့ခေါ်တဲ့ ကြံရည်ကဖြစ်တဲ့အရက်၊ နောက်ပြီးတော့ . . . နောက်ပြီးတော့ . . . ငါ . . . မမှတ်မိတော့ဘူး"

"ဟွန်း . . . မင်းကလည်း မမှတ်မိတာတွေ များနေပြီ"

"အလွတ်ကျက်ထားတာမှ မဟုတ်တာကွ"

"ကဲပါ . . . ဆက်ပြောဦး"

စင်စင်တောင်းဆိုတော့ စိုးထိုက်က ဆက်ပြောတယ်။ ဒီတစ်ခါ ပြောတာကတော့ 'အမြည်းစားသူများ'အကြောင်းပါ။

"မန်ကျည်းသီးစိမ်းနဲ့ မြည်းတာလောက်တော့ ကြားဖူးပါတယ်"

စင်စင်က မီသလောက် ဝင်ဆွေးနွေးတယ်။

"ငါလည်း လျက်စားနဲ့မြည်းတာ မြင်ဖူးတယ်"

ယွန်းယွန်းကလည်း ဝင်ပါပြန်တယ်။

"မန်ကျည်းသီးစိမ်းတို့၊ လျက်စားတို့နဲ့မြည်းတာ . . . ဟုတ်သေးဘူး။ ငါတွေ့ဖူးတဲ့ လူကြီးတစ်ယောက်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်လာရင် မာလကာရွက် နုနုကလေးတစ်ရွက် ပါလာတတ်တယ်။ အရက်သောက်ပြီဆိုရင် အဲဒီမာလကာရွက်ကလေးကို လက်နဲ့ဆိတ်ဆိတ်ပြီး မြည်းတယ်"

ကျွန်တော် မျက်နှာရှုံ့သွားသလို သူမတို့လည်း မျက်မှောင်ကြုတ်သွားတာပေါ့။ စိုးထိုက်က ဆက်ပြောဆဲ။

"နောက်တစ်ယောက်က ပိုဆိုးတယ်။ သူက အသက်ခြောက်ဆယ်ကျော်နေပြီ။ စက်ဘီးအစုတ်ကြီးတစ်စီးနဲ့ ဆိုင်တွေလှည့်ပတ်သောက်တတ်တယ်။ သူရောက်လာရင် စက်ဘီးအိုကြီးကို သော့ခတ်"

"အင်း . . ."

"သော့တွဲကလေးကို ကိုင်ပြီး စားပွဲမှာထိုင်ပြီ။ အရက်စသောက်တော့မယ်ဟေ့ဆိုတာနဲ့ သော့ကိုင်ထားတဲ့ သူ့ရဲ့လက်ကလေးက လှုပ်ရှားတော့တာပဲ"

"ဘယ်လို လှုပ်ရှားတာလဲ"

"သူ့ကြေးဝါသော့ကလေးနဲ့ စားပွဲခုံဆွေးကြီးကို ခြစ်ခြစ်နေတာ"

"အဲဒါ ဘာလုပ်တာလဲ"

"အဲဒီစားပွဲကို သော့နဲ့ခြစ်လို့ ထွက်လာတဲ့ အမှုန့်တွေကို လက်နဲ့တို့ပြီး မြည်းတာလေ"

"ဟယ် . . ."

"ဟင် . , ."

အားလုံး မနှစ်မမြို့ဖြစ်သွားတယ်။ ဘုံဆိုင်မြင်ကွင်းကိုလည်း ထင်းထင်းရှင်းရှင်း မြင်မိကြတယ်။ တစ်ဆက်တည်း ကျွန်တော်သိချင်သွားတယ်။ ကျွန်တော် သိချင်တာကိုလည်း စင်စင်ကပဲ ဖြတ်မေးလိုက်ပါတယ်။

"နင်ကော အနိမ့်ဆုံး ဘာနဲ့မြည်းဖူးလဲဟင်"

"နေကြာစေ့"

သူမတို့ ရယ်ကြပြန်တယ်။

စိုးထိုက်စကားတွေ အရမ်းပြောနေပါတယ်။ ကျွန်တော်ကမှ ငြိမ်



သလို ဖြစ်နေပါသေးတယ်။ ဒါကို သူမတို့ကလည်း သိတယ်။ သူတို့အချင်းချင်းပြောသလိုနဲ့ ကျွန်တော်ကြားအောင် ပြောလိုက်ပါတယ်။

"စင်စင် . . . နေလွင့်ကိုကြည့်လိုက် ရင့်ကျက်တာလိုလို ရင်ကြပ်တာလိုလိုနဲ့"

"အေးလေ . . . အမြင်ကတ်စရာကြီး"

"ဟေ့ . . . နင်တို့ အတင်းမတုတ်နဲ့"

စကားဝိုင်းလေးကလည်း ပျော်စရာပါ။ စားစရာတွေ ရောက်လာတယ်။ စားပွဲနဲ့တောင် မဆံ့ချင်သလို။ ကျွန်တော်က အိတ်ကပ်ကို လက်နဲ့ဖိကြည့်တယ်။ မနက်က အိမ်ကို စင်စင့်မွေးနေ့ဆိုပြီး ပိုက်ဆံညှာ တောင်းထားတာ။ ဒီအရွယ်ကြီး (ဘွဲ့လည်းရပြီးပြီး) ဒီလိုတောင်းရတာ အိပ်တော့မမိုက်လှ။

စိုးထိုက် ကျွန်တော့်ကို တံတောင်နဲ့တို့လိုက်ပြီး . . .

"အိတ်ကပ်စမ်းမနေပါနဲ့ကွာ၊ စားစမ်းပါ။ မင်းရှေ့မှာ ထိုင်နေတာ သူဌေးတွေချည်းပဲ"

ယွန်းယွန်းက ပျာပျာသလဲ ကန့်ကွက်တယ်။

"ဟေ့ . . . ဟေ့ . . . ငွေရှင်းရင် အားလုံးပေါင်းရှင်းရမှာပဲ"

စင်စင်က ရယ်တယ်။ ဖြူလင်းနေတဲ့ သွားကလေးတွေကို တွေ့လိုက်ရတယ်။ စားရင်းနဲ့လည်း စကားတွေ ဖောင်ဖွဲ့ကြတယ်။ စင်စင်က ကျွန်တော့်ပန်းကန်လုံးထဲကို ပုစွန်ထုပ်လာထည့်ပေးသလို စိုးထိုက်ကိုလည်း ကြက်ခြေထောက်ထည့်ပေးတယ်။ ယွန်းယွန်းကတော့ ဘယ်သူ့မှမထည့်ပေးဘဲ ငုံ့စားနေတယ်။

"နေလွင် . . . ဘာပြောမလို့လဲ၊ ပြောလေဟာ"

တစ်ခုခုပြောဖို့ပြင်နေတဲ့ ကျွန်တော့်ကို ယွန်းယွန်းက အော်ပြောတာပါ။

"ပြောတော့ပြောချင်တယ် အားနာလို့ပါ"

အားလုံးက ကျွန်တော့်ကို ခေါင်းထောင်ကြည့်ကြတယ်။ စင်စင်လည်း လက်ကတူကိုချပြီး လေးလေးနက်နက် နားထောင်ဖို့ပြင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ . . . နေလွင် . . . ပြောပါ"

"ငါလေ . . ."

"အင်း . . ."

အားလုံးက စိတ်လှုပ်ရှားစွာ နားစွင့်ကြတယ်။

"ငါလေ အီးနည်းနည်းပါချင်လို့"

"ထွီ"

"ဝေါ့"

တကယ်ထိုးမအန်ကြပေမယ့် အဲဒီလိုအသံတွေတော့ ထွက်သွားကြတယ်။

"ရိုင်းလိုက်တာဟာ . . . ယဉ်ကျေးမှုကိုမရှိဘူး"

"ဟဲ . . . ဟဲ . . ."

"သွား . . . သွား . . . နည်းနည်းမဟုတ်ဘူး၊ နင်ကြိုက်သလောက်ပါ"

"ဟဲ . . . ဟဲ . . ."

"ရယ်မနေနဲ့ . . . နေလွင်၊ နင်တော်တော် ဗီးလ်ပျက်အောင်လုပ်တာ။ စားတောင် မစားချင်တော့ဘူး"

စိုးထိုက်ကလည်း တဟားဟား ထရယ်တယ်။ တခြားဝိုင်းတွေကလည်း ပျော်ရွှင်နေတဲ့ ကျွန်တော်တို့ကို လှမ်းကြည့်မိပြီး ပြုံးသွားကြတယ်။ နောက်တော့ ရောက်တတ်ရာရာတွေ လျှောက်ပြောကြတယ်။

အကြောင်းတရားများစွာကို စိုးထိုက်ကပဲ ဒိုင်ခံပြောနေတယ်။ လုပ်သင့်တယ်ထင်တာတစ်ခုကို ကျွန်တော်က ဖြတ်ပြောရသေးတယ်။

"ဟော့ . . . ဟော့ . . . စကားတွေရပ်ကြဦး"

"ဘာလဲ . . ."

"ငါတို့ ဟိုဟာလုပ်ကြရင် ကောင်းမယ်"

"ဘယ်ဟာလုပ်မှာလဲ"

"ဟိုဟာဟာ . . . ကျွတ် . . . ချီးယား . . . ချီးယား . . . ဖန်ခွက်ချင်း တိုက်ရဦးမယ်"



"ကြော် . . ."

"အင်း . . ."

ကျွန်တော့်အကြံပြုချက်ကို သူတို့အားလုံး သဘောတူလိုက်ကြတယ်။ ကိုယ့်ရှေ့ကဖန်ခွက်ထဲကို ရေထည့်ပြီးတော့ ဖန်ခွက်ချင်းတိုက်ဖို့ ပြင်တယ်။

"ရယ်ဒီ . . . ဝမ်း . . ."

"တူး"

"ခဏနေဦး"

စိုးထိုက်က တားပြန်တယ်။

"နင်တို့က ချီးယားလုပ်တဲ့ အတွေ့အကြုံရှိလို့လား"

"ခွက်ချင်းတိုက်တာပဲ ခွပ်ခနဲ တို့လိုက်ရုံပေါ့။ အတွေ့အကြုံရှိလို့လားဟ"

ယွန်းယွန်းက နားမလည်ဘဲပြောတော့ စိုးထိုက်က ခေါင်းခါတယ်။

"လိုတယ် . . . ယွန်းယွန်းရ။ 'ချီးယားယဉ်ကျေးမှု' က ဘယ်ကလည်းတော့ ငါမသိဘူး။ သိတာကတော့ အခုလို နေ့ကောင်းနေ့မြတ်တွေမှာ ချီးယားလုပ်ရင် ဆုတောင်းရတယ်ဟ"

"ဟုတ်လား"

"အင်း . . . ငါက အရက်ဝိုင်းတွေမှာ ကျင်လည်နေကျဆိုတော့ သိတယ်။ ငါတို့ကာလသားဝိုင်းတွေ အများစုကတော့ 'ကျန်းမာပျော်ရွှင်ပြီးပေါက် စော်ကြည် တိုက်ဆောက်မည်' ဆိုပြီး ဆုတောင်းတတ်ကြတယ်"

"ဟာ . . . အသာလုပ်ပါဟ"

"ဆုတောင်းကြမ်းတယ်ဟေ့"

လောကစည်းစိမ်တွေ တသီတတန်းကြီးပါဝင်နေတဲ့ ဆုတောင်းပါလား။ ဘယ်ဘုရားမှ ဖြည့်စွမ်းပေးချင်မယ့် ဆုတောင်းမဟုတ်လေတော့ ပါးစပ်အရသာခံလို့ကတော့ သိပ်ကောင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ငါတို့ကရော ဘယ်လိုဆုတောင်းမလဲ"
"ကိုယ်ကြိုက်တဲ့ဟာ ကိုယ်ဆုတောင်းပေါ့ဟာ"
"အေး . . . ကောင်းတယ်"
"ကဲ . . . စမယ်"
အားလုံးဖန်ခွက်ကိုယ်စီကိုင်ထားတဲ့ လက်တွေကို မြှောက်လိုက်ကြတယ်။
"ကဲ . . . မြန်မာ့သူငယ်ချင်းများနေ့အတွက် ငါတို့ သူငယ်ချင်းတွေ ချီးယားလိုက်ကြစို့ . . . ဝမ်း . . ."
"တူး . . ."
"သရီး . . . ချီးယား"
ခွက်ချင်းထိပြီး ဆုတောင်းလိုက်ကြတယ်။ အသံမထွက်ဘဲ စိတ်ထဲက ဆုတောင်းလိုက်ကြခြင်းပေါ့။ ဆုတောင်းအပြီးမှာ ကိုယ့်ဖန်ခွက်ထဲကရေကို ကိုယ့်ပါးစပ်ထဲ မှော့ချလိုက်ကြတယ်။
"ငါတို့ ငပေါအလုပ်တွေများ လုပ်နေကြတာလား"
ကျွန်တော်က သံသယတစ်ဝက်နဲ့ပြောတော့ စင်စင်က မျက်နှာကို လက်ညှိုးလေးနဲ့ကပ်ပြီး . . .
"နင်ပဲ ချီးယားဖို့ စပြောတာလေ အစုမ"
ပျော်စရာပါ။ ညဦးဟာ ပြာညိုညိုဖြစ်နေပြီ။ အမှောင်စွန်းစွန်းကောင်းကင်ရဲ့ တောင်ယွန်းယွန်းမှာ အရောင်ရွန်းရွန်း ကြယ်လေးတစ်ပွင့်က တဝင့်ဝင့်လင်းနေပြီ။ တစ်ခြမ်းပဲ့ လကလေးကို အလျားလိုက်လှဲလိုက်ရင် လှော်တက်မဲ့လှေကလေးနဲ့ တူနေလိမ့်မယ်။ ကန်ရေပြင်ထဲ တစ်ချက် တစ်ရာပြုတ်ကျသံ ကြားရသေးတယ်။
"နင်တို့ ခုနက ဘာတွေဆုတောင်းကြလဲ"
သူများရဲ့ဆုတောင်းတွေကို လိုက်မေးနေသူက စိုးထိုက်ပါ။ စင်စင်က ဦးဆုံးဖြေတယ်။
"တောင်းတဲ့ဆုတွေကတော့ အများကြီးပဲ။ အဲဒီအထဲမှာ နှင် အရက်ဖြတ်ဖို့ဆိုတဲ့ ဆုတောင်းလည်း ပါတယ်"



"ဟုတ်တယ် ငါလည်း အဲဒီဆုတောင်းတယ်"
"ငါကောပဲ"
ယွန်းယွန်းနဲ့ ကျွန်တော်လည်း တစ်တပ်တစ်အား ထောက်ခံလိုက်ကြတယ်။ စိုးထိုက် အနိုက်အတန့် ငြိမ်သက်သွားပါတယ်။ ဖန်ခွက်ကလေးကို လက်ဝါးနှစ်ဖက်နဲ့ညှပ်ပြီး လိမ့်နေတယ်။
အားလုံးက သူ့ကို စောင့်ကြည့်နေကြတယ်။
အားလုံးက သူ့ကို စောင့်ကြည့်နေကြတယ်။
"ဟင်း . . ."
သူ သက်ပြင်းချတယ်။ ပြီးမှ အားလုံးကိုကြည့်တယ်။
"အင်း . . . ငါ နောက်တစ်နေ့ကစပြီး အရက်မသောက်တော့ဘူး"
"ကတိနော်"
"တကယ်လားဟေ့"
အားလုံး ဝမ်းသာအားရ စောဒကတက်ကြတော့ စိုးထိုက်ပြုံးပါတယ်။
"အေး . . . တကယ်ကတိပါဟ"
"ဟေး . . ."
စင်စင်နဲ့ယွန်းယွန်းက လက်ဝါးချင်းရိုက်ပြီး အောင်ပွဲခံလိုက်သေးတယ်။ ကျွန်တော်လည်း ဝမ်းသာတယ်။
"ကောင်းတယ် . . . မင်းအမေလည်း အရမ်းဝမ်းသာမှာပဲ။ ဟိုတစ်နေ့က မင်းတစ်ရက်လောက် အရက်မသောက်တာတောင် မင်းအမေ အရမ်းပျော်နေတာ။ ဒီလို တစ်သက်လုံး မသောက်တော့ဘူးဆိုတော့ ပြောစရာတောင်မသိပေါ့ကွာ"
စိုးထိုက်က ပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်နေတယ်။ ယွန်းယွန်းကလည်း . . .
"ခုနက နင် အရက်တွေအကြောင်း အမြည်းတွေအကြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com

တာကို ငါတို့က အကောင်းနားထောင်နေတာ မဟုတ်ဘူး။ နင် အရက် မသောက်ဖို့ တားဖို့ ချိန်ဆနေတာဟဲ့"

စင်စင်ကလည်း တည်တည်ကြည်ကြည် ဝင်ပြောတယ်။

"ဟုတ်တယ် . . . စိုးထိုက်၊ နင်တကယ်အရက်ဖြတ်ဖို့ဆိုတာ ငါတို့အားလုံး အလိုရှိတဲ့အရာပါ။ နင် ကတိတကယ်တည်ပေးပါဟာ"

စိုးထိုက် ခေါင်းညိတ်ပြီး ဖြေတယ်။

"စိတ်ချပါ . . . ။ ငါ့ကတိကို ယုံကြပါ"

သူ့လေသံအတိမ်အနက်ကို ကြည့်ပြီး ကျွန်တော်တို့ တကယ် ယုံကြည်လိုက်ကြတယ်။

နောက်တော့ ပျော်စရာစကားတွေကို ရွေးပြောကြတယ်။ ရှေ့ ဟောင်းနှောင်းဖြစ်တွေ၊ ရှေ့ဖြစ်မယ့် အရာတွေကိုလည်း ရယ်ရွှန်းဖွ ရွှန်း ပြောဖြစ်ကြတယ်။

အခုထိုင်နေတဲ့ ဆိုင်ရဲ့နာမည်ကို ကျွန်တော်မသိပါဘူး။ ရှောင် မီးပုံးကလေးတွေ ချိတ်ထားလို့ 'မီးပုံအိပ်မက်'ဆိုပြီး စိတ်ထဲက ကြည့်ရှု မိတယ်။

ဆိုင်ကနေ လမ်းခွဲကြဖို့ ပြင်တယ်။ ဆိုင်ရဲ့ အပြင်ဘက်ရောက် တော့ အမှောင်က အင်အားကောင်းနေပြီ။ စင်စင်နဲ့ယွန်းယွန်းက ကား တစ်စီးတည်း အတူတူလာကြတာမို့ အခုလည်း ကားတစ်စီးတည်း အတူ တူပြန်ကြမှာပေါ့။

"လာ . . . ဟိုနစ်ကောင်တက်လေ။ ခွဲခြားခွဲခြား မလုပ်ပါနဲ့ လာ . . . တက်တက် လိုက်ပို့မယ်"

ကျွန်တော်က တက်ဖို့ပြင်တော့ စိုးထိုက်က ဝင်ပြောတယ်။

"နင်တို့သွားနှင့်ကြ။ ငါတို့က လမ်းလျှောက်ရင်း စကားပြော မှာ"

"အခုမှ တော်တော်ချစ်နေကြတာပေါ့။ ကဲ . . . ဒါဆို ငါ သွားမယ်"



"အင်း . . ."

"စိုးထိုက် ကတိနော်"

စင်စင်က လှမ်းအော်သေးတယ်။ စိုးထိုက်က ခေါင်းညိတ်ပြ တော့ ယွန်းယွန်းက ကားကိုစက်နှိုးပြီး တရွေ့ရွေ့ထွက်သွားတယ်။ ကျွန် တော်က စိုးထိုက်ကို မေးငေါ့ပြပြီး . . .

"ဘာပြောမလို့လဲကွ"

"ဟား . . . ဟား . . . ဟား . . . ရင်ဖွင့်မလို့ပါကွာ"

ရင်ဖွင့်မှာပြောတာ တဟားဟားရယ်ပြီးမှပြောတဲ့ ဒီကောင့်ကို ကျွန်တော်နားမလည်သလို ကြည့်လိုက်သေးတယ်။

နှစ်ယောက်သား လျှောက်ခဲ့ကြတယ်။ ကျွန်တော်တို့ အနောက် မှာ မီးပုံးကလေးကျန်ခဲ့ပြီ။ အလင်းအိပ်မက်ကလေး မှောင်ခဲ့ပြီ။

အတူတူလျှောက်လာရင်း စတိုးဆိုင်တစ်ဆိုင်တွေ့တော့ ကျွန် တော့်ကို လမ်းမမှာစောင့်ခိုင်းပြီး သူက စတိုးဆိုင်ထဲမှာ တစ်စုံတစ်ခု သွား ဝယ်တယ်။

ပြန်ထွက်လာတော့ လက်မှာ ရေသန့်ဘူးတစ်ဘူးနဲ့အတူ ပုလင်း တစ်လုံးကိုပါ တွေ့လိုက်ရတယ်။

"ဟာ . . . မင်း ငါတို့ကို ကတိပေးထားတာလေ"

"အင်း ... ငါ နောက်နေ့ကစပြီး မသောက်တော့ပါဘူးလို့ ကတိ ပေးထားပါတယ်။ ဒါကြောင့် နောက်နေ့မကူးခင် ဒီညတော့ ငါ နောက် ဆုံးသောက်ခွင့် ရှိသေးတယ်လေ"

"အင်းလေ . . . မင်းတကယ် ကတိတည်မယ်လို့ ငါထင်ပါ တယ်"

စိုးထိုက်က ကျွန်တော့်ပခုံးကို ပုတ်ပြီး 'လာလိုက်ခဲ့' လို့ပြော ပြီး နေရာတစ်ခုကို ခေါ်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ရထားလမ်းတစ်ခုပါ။

ပြီးတော့ အရက်ပုလင်းတစ်လုံး၊ လူနှစ်ယောက်။ စကားကတော့ တစ်ခွန်းမှမရှိသေး။

စိုးထိုက် အိတ်ကပ်ထဲက လက်နှစ်ဆစ်လောက်ရှိတဲ့ ဖန်ခွက် အပုလေးတစ်လုံး ထွက်လာတယ်။ အဲဒီခွက်ထဲ အရက်ငှဲ့လိုက်ပြီး တစ် ချက်တည်း မော့ချလိုက်တယ်။ လက်တစ်ဖက်ကကိုင်ထားတဲ့ ရေသန့် ဘူးကိုလည်း ထပ်မော့လိုက်တယ်။ သူ နေသာထိုင်သာရှိသွားတဲ့ပုံပဲ။

ခုနက ပုံစံအတိုင်းပဲ သူ နောက်တစ်ခွက် ငှဲ့သောက်ပြန်တယ်။ ကျွန်တော် သူ့ကိုကြည့်နေတယ်။ သူက ပြန်မကြည့်။ ကျွန်တော်လည်း အရက်ပုလင်းကို ကောက်ကိုင်ပြီး မော့လိုက်တယ်။

အဲဒီတော့မှ စိုးထိုက်ကျွန်တော့်ကို ကြည့်တယ်။

"မင်းသောက်တတ်လို့လား"

"အရင်က မသောက်တတ်ဘူး။ အခုမှ သောက်ချင်စိတ်ပေါ် လာလို့ သောက်တာ"

"အဟင်း . . ."



စိုးထိုက် ခပ်သဲ့သဲ့ရယ်တယ်။ ညကောင်းကင်က ကြယ်တွေ ကို မော့ကြည့်နေလိုက်တယ်။ ကြယ်တွေစုံမစုံတော့ ဘယ်သိပါမလဲ။ ကျွန်တော်မှ ကြယ်တွေအားလုံးကို မမြင်ဖူးတာ။

"စိုးထိုက် . . . မင်းငါ့ကို ပြောစရာရှိတယ်ဆို"

"အေး . . . ရှိတယ်။ အရက်ကုန်ရင် ပြောမယ်"

"ဒါဆိုပေးကွာ"

ကျွန်တော် နောက်တစ်ခေါက် မော့တယ်။ ကျွန်တော့်လည် ချောင်းဟာ မြေအောက်ရထားလိုဏ်ခေါင်းတစ်ခု ဖြစ်သွားပြီး အရက် တွေကတော့ မီးတောက်မီးလျှံတွေကို သယ်လာတဲ့ ရထားတစ်စင်းဖြစ် သွားတယ်။ တော်တော်များများကို တစ်ကျိုက်တည်းမော့လိုက်တာ သည်း စောတ်ဖြစ်သွားတယ်။

"အဟွတ် . . . အဟွတ် . . . "

"ရော့ . . . ရော့ . . . ရေသောက်။ အမြည်းမရှိဘူးကွ ဖြည်း ဖြည်းသောက်မှပေါ့"

စိုးထိုက်က ကျွန်တော့်ကို ကလေးတစ်ယောက်လို ကြည့်ပြီး ပြောတယ်။ ကျွန်တော့်ပုံစံက အသည်းကွဲလို့ အရက်စသောက်တဲ့ ကျောင်း ပြေးလေးပုံပေါက်နေလားတော့ မသိ။ အခုသိတာကတော့ မြင်ကွင်းတွေ ဆဝါးလာပြီဆိုတာပဲ။

မော့ကြည့်လိုက်တော့ ကောင်းကင်နှစ်ခု၊ ဘေးဘီကိုကြည့်လိုက် တော့ ရထားလမ်းနှစ်ခု။ ဒါ လားမူးတယ်ဆိုတာ၊ မူးတယ်ဆိုတာ အရာ ရာ နှစ်ခုဖြစ်သွားတာကို ပြောတာလား။

စိုးထိုက်က ရထားလမ်းပေါ်က ခဲလုံးလေးတစ်ခုကို ဆေးနိုင်သလျှ အဝေးကို လှမ်းပစ်တယ်။ ပြီးမှ စကားစတယ်။

"ငါ စင်စင့်ကို ချစ်တယ်"

"ဟင် . . . "

စကားသံကတော့ နှစ်သံမဖြစ်။ နားထဲကို ဖြောင့်တန်းစွာ စီး ဝင်လာတယ်။ စိုးထိုက်က စင်စင့်ကို . . .



www.burmeseclassic.com

www.burmeseclassic.com

"စင်စင်ကတော့ မင်းကို . . ."

"ငါပြောတာပဲ နားထောင်ပါ"

ကျွန်တော် ငြိမ်နေလိုက်တယ်။

"ငါတို့အသက်တွေ အရွယ်ရောက်လာပြီလို့တွေးမိပြီး ရင်တွေ ဘာတွေ စခုန်တတ်ကတည်းက ငါ့မျက်လုံးထဲမှာ ကောင်မလေးတစ် ယောက် ပေါ်လာခဲ့တယ်။ အဲဒါ စင်စင်ပဲ"

ကျွန်တော့်စိတ်တွေ မှိုင်းအုံ့နေတယ်။ အရက်ပဲ ထပ်သောက်ချင် လာတယ်။ အရက်ပုလင်းကို လှမ်းယူတော့ လက်နဲ့တိုက်မိပြီး ပုလင်း က လဲသွားတယ်။ ချက်ချင်း ပြန်ထောင်လိုက်ပေမယ့် ပုလင်းထဲမှာ လက် သုံးလုံးလောက်ပဲ ကျန်တော့တယ်။ စိုးထိုက်က ဆက်ပြောတယ်။

"စင်စင်က အရမ်းလှတယ်။ ပြီးတော့ ဉာဏ်ကောင်းတယ်။ တကယ်တော့ ငါငယ်ငယ်လေးကတည်းက သူ့ကို မသိစိတ်ထဲမှာ သံယောဇဉ်တွယ်နေမိတာ ဖြစ်ပါလိမ့်မယ်။ သူ့လက်နဲ့ထိပြီးသား ရေခဲ မုန့်အခွံကလေးကိုတောင် ငါ သိမ်းထားတတ်ခဲ့ဖူးတယ်။ ငါသူ့အတွက် ဆို ငယ်ငယ်ကတည်းက အနိုင်ကျင့်လည်း ခံခဲ့တယ်။ အဲဒါတွေ မင်း သိပါတယ်"

ကျွန်တော် ခေါင်းညိတ်နေလိုက်တယ်။

"စင်စင်က ရည်မှန်းချက်ကြီးတယ်လေကွာ။ ပညာတတ်ဆိုတဲ့ ဂုဏ်ကိုလည်း မက်မောတယ်။ ငယ်ငယ်ကတည်းက ကြားနာခဲ့တဲ့ ဘကြီး အောင်ရဲ့တရားတွေလည်း ပါမှာပေါ့။ သိပ်ပြီးတော်ချင်တော့ သူအရမ်း ကြိုးစားရတယ်။ အဲဒါကြောင့် အရမ်းလည်းတော်တယ်။ ငါတို့ငယ်ငယ် လေးကတည်းကနေ ကျောင်းပြီးတဲ့အထိ သူ့ကိုမီတဲ့သူ အတန်းထဲမှာ ဘယ်နှယောက်ရှိလဲ။ တစ်ယောက်မှမရှိဘူး"

ကျွန်တော် ခေါင်းညိတ်ထောက်ခံနေမိတယ်။ ဟုတ်ပါတယ်။ စင်စင်က ဒီထက်မကတော်တယ်။

"စင်စင်က ကျောင်းစာဘက်မှာတင် ဉာဏ်ကောင်းတာမဟုတ် ဘူး။ တခြားကိစ္စတွေမှာလည်း ဉာဏ်နီဉာဏ်နက် ရှင်တယ်။ ဥပမာ—



ငါ့ကို မာလကာပင်ပေါ်မှာ ထားခဲ့တာတို့၊ မောင်ကြီးမည်းမည်းလေးအခဲ မှာ အကွက်ဆင်ပြီး တစ်ယောက်တည်း ချန်ခဲ့တာမျိုးပေါ့။ အံ့သြစရာပဲ နော်။ ငါက သူ့အနိုင်ကျင့်ရင်ကို ပျော်နေတတ်တာ။ ငါ သိပ်မြတ်နိုးခဲ့ တာပါ"

ကျွန်တော်ပြန်ပြောဖို့ စကားလုံးမရှိ။ ငြိမ်သက်။ အဲဒါကြောင့် အရက်ပဲ ထပ်သောက်လိုက်တယ်။ စိုးထိုက်က တားချင်နေတယ်။ နောက် ပြီး သူ့ဘာသာခါးကြားထဲက ပုလင်းပြားကလေးကိုထုတ်ပြီး အဖုံးဖွင့် မော့လိုက်တယ်။ ပြောပါသေးတယ်။

"ဒါတော့ မင်းသောက်လို့မရဘူးကွ။ ဒါက ပြင်းတယ်"

သူ့အရက်ကို ကျွန်တော် ယူမော့မှာ စိုးရိမ်နေပုံပဲ။ စိုးထိုက်ပြော တာလည်း မှန်ပါတယ်။ ကျွန်တော် အခုတောင် မြေကမ္ဘာနဲ့ လွတ်ထွက် နေသလို ခံစားနေရတယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းတွေက ထုံဝေဝေကြီး ဖြစ်နေတယ်။

"မင်းကျတော့ ဘာလို့သောက်လဲ"

"ငါက မင်းနဲ့ဘယ်တူမလဲ။ ငါသောက်နေတာ နှစ်ချို့နေပြီ။ နောက်ပြီး အခု ငါသောက်နေတာက မူးချင်လို့ဆိုတာထက် ပြောအား ရှိအောင်လို့"

"ဘာ . . ."

"ငါ့ရင်ထဲကစကားတွေ တစ်လုံးမကျန် ပြောအားရှိအောင်လို့"

"ပြောအားရှိအောင်လို့ ဟုတ်လား"

"အေး . . ."

"ဒါဆိုပေးကွာ"

ကျွန်တော် စိုးထိုက်လက်ထဲက ပုလင်းပြားကို ဖျတ်ခနဲလှမ်းပြီး တစ်ကျိုက်မော့ချလိုက်တယ်။ စိုးထိုက်က ခပ်ရှုးရှုးကြည့်လို့ပေါ့။

"မင်းက ပြောအားရှိအောင်လို့ သောက်တယ်။ အေး . . . ငါ လည်း နားထောင်အားရှိအောင်လို့ သောက်တယ်ကွာ။ ပြီးတော့ ထပ် ပြောရရင် ငါလည်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ငါလည်း စင်စင့်ကိုချစ်တယ်"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

စိုးထိုက်က တဟားဟားထရယ်တယ်။ ဟက်ဟက်ပက်ပက်ကို ရယ်တာ။ ရထားသံလမ်းပေါ် ထိုင်နေလျက်ပဲ သူ့ပေါင်ကို လက်နဲ့ရိုက်ပြီး အားရပါးရရယ်နေတာ။

ကျွန်တော့်စကားက ရယ်စရာလား။ ဒါဆို ကျွန်တော်လည်း ရယ်တာပေါ့။

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

" . . . . . . "

" . . . . . . "

" . . . . . . "

လူနှစ်ယောက် ရယ်နေကြတယ်။ လူနှစ်ယောက် ရှုးရှုးသွပ်သွပ် ရယ်နေကြတယ်။ ကျွန်တော်တို့နှစ်ယောက် ရယ်မဆုံးနိုင်ကြ။

ရယ်သံ တဖွဲဖွဲကျဲသွားမှ စိုးထိုက်က ကျွန်တော့်ကိုသမုတ်တယ်။

"အရူး . . ."

"အင်း . . . ဟုတ်တယ်၊ ငါအရူး။ အခု မင်းက အရူးကိုကြည့်ပြီး ဘာလို့ရယ်တာလဲ"

စိုးထိုက်က အရက်တစ်ကျိုက်မော့လိုက်ပြီး ဆက်ပြောတယ်။

"ပြောမှာပါကွာ . . .။ ခုနက ငါပြောခဲ့တယ်လေ။ ငါစင်စင့်ကို သိပ်မြတ်နိုးခဲ့တာ။ မြတ်နိုးတန်ဖိုးထားလွန်းတော့ ငါကလွဲပြီး ဘယ်သူမှ မရစေချင်ဘူး။ အဲဒီတော့ ငါပိုင်ဆိုင်ဖို့ ကြိုးစားမိတာပေါ့။ ဒါပေမဲ့ ငါတို့က မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူးဆိုတဲ့စကားကလည်း အချိန်တွေ နှောင်းပြီးမှ ငါနားလည်တာပါ။ စင်စင်က စာတော်တယ်။ ငါက စာညံ့တယ်။ စာတော်တယ် စာညံ့တယ်ဆိုတဲ့ အကွာအဝေးကလည်း ဒီအချိန်မှာ



ကြည့်ရင် ကလေးကလားသိပ်ဆန်နေလို့ ထားလိုက်ပါတော့။ စင်စင်က အမြင်မရှိတဲ့သူတွေ၊ ဉာဏ်နည်းပြီး အတီးအတဖြစ်နေတဲ့သူတွေကို သူ အထင်သေးတယ်"

"စင်စင်က အဲဒီလို အဆင့်အတန်း မခွဲ . . . "

"ဟုတ်ပါတယ် . . . ။ စင်စင်က အဲဒီလို ချမ်းသာဆင်းရဲ၊ နာမဝဲစွဲ စတာတွေနဲ့တော့ အဆင့်အတန်း မခွဲပါဘူး။ ဒါ သူ့ရဲ့ ပြတ်သားတဲ့မာနပဲ။ အဲဒီမာနက နောင်တစ်ချိန်မှာ သိပ်ခင်ရတဲ့မင်းကို ချန်ခဲ့သလို ဖြစ်ရုံတင်မက ယွန်းယွန်းနဲ့တောင် ရန်ဘက်ဖြစ်ခဲ့ရတဲ့ကာလ ရှိခဲ့တယ်။ ငါပြောတာ အခုထိ အမှားပါလား"

ကျွန်တော် နှုတ်ဆိတ်။ သူက ဆက်ပြော။

"ငါဆက်ပြောမယ်။ ငါ စင်စင့်ကိုရဖို့ ကြိုးစားခဲ့တယ်နော်။ နံနက်ခင်းတိုင်း သူမလာခင် ငါ သူ့စားပွဲထဲမှာ နာမည်မတပ်ဘဲ စာတစ်စောင် အမြဲထည့်ထားတတ်တယ်။ ဘယ်သူပေးတယ်လို့မသိပဲ သူ့ကို ရင်ခုန်စေမယ်ပေါ့ကွာ။ အဲဒီစိတ်ကူးဟာ သိပ်ညံ့တဲ့ ရုပ်ရှင်ဇာတ်ဝင်ခန်း တစ်ခုအတွက်တောင် အသုံးမဝင်ခဲ့ပါဘူး။

အစကတော့ စင်စင်က သူ့စားပွဲထဲမှာ စာတစ်စောင်ရောက်နေလို့ နည်းနည်းတော့ ထူးဆန်းသွားသေးတယ်။ ဒါပေမဲ့ ပါးနပ်လွန်းတဲ့ စင်စင်က စာကိုဖတ်စရာမလိုပဲ စာအိတ်ကလေးကို ကြည့်လိုက်ရုံနဲ့ ဒါ ဘာကိုရည်ရွယ်ပြီး ရောက်လာတဲ့စာဆိုတာ ကြိုသိတာပေါ့။ ဖတ်တောင် မဖတ်ပါဘူး။ အခန်းထောင့်က အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တာပဲ။

သိပ်ဉာဏ်တုံးတဲ့ငါက ဒါအစမို့လို့ အဆင်မပြေတာပဲ နေမှာပါလို့တွေးပြီး နေ့တိုင်း ကျောင်းစောစောလာပြီး စာတွေထည့်ခဲ့တယ်။ သူကလည်း နေ့တိုင်း ဖြဲပြီးလွှင့်ပစ်တာပဲ။ အဟင်း . . . ငါသိပ်ညံ့တယ်နော်"

ကိုယ့်ကိုယ်ကိုယ် ရေရွတ်သေးတယ်။ ကျွန်တော်[illegible] တော်လေး မူးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ငါလည်း စာပေးတဲ့ဗျူဟာ မဟာန်မှန်းသိပေမယ့် နောက်ဆုံး တစ်ကြိမ် ကြိုးစားမိခဲ့သေးတယ်။ အဲဒီတစ်ကြိမ်က ငါ့ရဲ့ဘဝကိုခါးဖို့ စတင်ခြင်းလည်း ဖြစ်နိုင်ပါတယ်။ ငါ သူ့လွယ်အိတ်ထဲ စာခိုးထည့်ခဲ့တယ်"

"အဲဒီစာကကော ဘာဖြစ်သွားလဲ"

"ပြာဖြစ်သွားတယ်၊ မီးရှို့ခံလိုက်ရတယ်။ အဲဒီစာပေးပြီး နောက် တစ်နေ့မှာပဲ မင်းကိုယ်တိုင်လာပြောလို့ ငါသိခဲ့ရတယ်လေ။ မင်းမှတ်မိမှာပေါ့။ မင်းနဲ့သူ အတူတူ ငါ့ရဲ့စာကို မီးရှို့ခဲ့တဲ့အကြောင်း ငါ့ကို ပျော်ပျော်ရွှင်ရွှင် လာပြောပြတာ မင်းကောင်းကောင်းမှတ်မိမှာပေါ့"

ကျွန်တော် ရုတ်တရက် အပြစ်ရှိသလို ခံစားသွားရတယ်။

"ငါတကယ်မင်းစာမှန်း မသိခဲ့လို့ပါ"

"ဟုတ်မှာပါ . . . ။ ဒါပေမဲ့ ငါ့စာ မီးရှို့ခံလိုက်ရကြောင်းတော့ ငါသိခဲ့ရတယ်။ ငါခံစားရလွန်းတဲ့အကြောင်း ဘယ်သူမှမသိခဲ့ရဘူး။ ငါ ငယ်ငယ်က ရုပ်ရှင်ဇာတ်ကားတွေထဲမှာ မင်းသား၊ မင်းသမီးတွေ လွမ်းကြ ဆွေးကြ ခံစားကြတာမြင်ရင် အပိုလုပ်တာလို့ပဲ ငါမြင်ခဲ့တယ်။ တကယ် ကြုံတော့မှ ခါးတာကွာ။ ကိုယ်ကနာလေလေ ချစ်တဲ့စိတ်က ကြီးလေ လေပဲ"

စကားကို ခဏရပ်ပြီး တစ်ကျိုက်မော့လိုက်ပြန်တယ်။ ပြီးမှ . . .

"ဒါပေမဲ့ ငါ စိတ်မလျှော့နိုင်သေးဘူး။ သူ ဒီစာကို မီးရှို့တာ ငါ့စာမှန်းမသိလို့ပဲ နေမှာဆိုပြီးတော့ ငါဆက်ကြိုးစားတယ်။ နံနက်ခင်း တစ်ခုမှာပေါ့ကွာ။ စင်စင်က ခါတိုင်းကျောင်းတက်ခါနီးမှ လာတတ်ပေ မယ့် အဲ့ဒီနေ့က ကျောင်းစောစောလာတယ်။ ကျောင်းမှာ စောလွန်းသေး လို့ ဘယ်သူမှ သိပ်မရောက်ကြသေးဘူး။

ငါကတော့ အမြဲတမ်းကျောင်းကို စောရောက်တတ်ပြီး ဝေလေ လေ လုပ်နေတတ်တယ်လေ။ အဲဒီနေ့က စင်စင့်ကို စောစောမြင်လိုက်ရ တော့ ငါအရမ်းပျော်သွားတယ်။ လူလည်း ရှင်းနေချိန်ဆိုတော့ ရတဲ့အခွင့်



အရေးအလွတ်မပေးဘဲ ငါ စကားလိုက်ပြောတယ်။ သူ့ကို အမြဲတမ်း စာပေးနေတဲ့ကောင်က ငါပဲဆိုတဲ့အကြောင်းကိုလည်း ဖွင့်ပြောလိုက်မိ တယ်။ အဲဒီတော့ စင်စင်က ဘာပြောတယ်ထင်လဲ"

ကျွန်တော် စိတ်ဝင်တစား နားထောင်နေမိတယ်။

"စင်စင်က ပြောတယ်၊ ထင်တော့ ထင်သားပဲတဲ့။ သူ့ကိုစာပေး တဲ့သူဟာ ငါမှန်း ခန့်မှန်းမိသတဲ့။ တကယ်တော့ ငါလည်း စင်စင်ခန့် မှန်းမိမယ်လို့ ထင်မိသားပဲ။ အဲဒီမှာပဲ ငါဖွင့်ပြောလိုက်တယ်။ ငါဖွင့် ပြောလိုက်တာက ချစ်တယ်ဆိုတဲ့ တစ်ခွန်းတည်း။ သူပြန်ဖြေတာက သမုဒ္ဒရာလောက်ရှိမယ်။

အစကတည်းက တူတယ်တန်တယ်လို့မထင်တဲ့ စင်စင်က ခါး ခါးသီးသီး ငြင်းတာပေါ့။ ငြင်းတာမှ ခဏတာမဟုတ်ဘူး။ တစ်ဘဝစာ တဲ့။ နင်က ငါ့ခဏစာပဲ ငြင်းတယ်ထင်ပြီး ဆက်လိုက်နေမှာစိုးလို့တဲ့"

"အဲဒီတော့ မင်း ဘာဆက်လုပ်လဲ"

"အရက်သောက်တယ်"

ပုလင်းပြားလေကို မော့လိုက်ပြန်တယ်။

"အရက်သောက်တာ ဖြေရှင်းနည်းမဟုတ်မှန်း သိပေမယ့် ငါ အရက်သောက်တယ်။ ငါ . . . အရက် . . . သောက် . . . တယ်"

ကျွန်တော် တကယ်ပဲ ပြောစရာစကားတွေ ရှားပါးနေခဲ့ပါတယ်။ ကျွန်တော်လည်း စင်စင့်ကိုချစ်တာပဲ။ ဒါပေမဲ့ ကျွန်တော်က စိုးထိုက် လောက် မနာကျင်ခဲ့ရဘူး။ စိုးထိုက်ကို သနားတယ်။ ပျော့ညံ့တဲ့ကောင် လို့လည်း မထင်မိဘူး။ စိုးထိုက်က ကျွန်တော့်သူငယ်ချင်း။ ငယ်သူငယ် ချင်း။ အချစ်ဆုံး သူငယ်ချင်းဆိုလည်း မှားဖို့မရှိဘူး။

"မင်းဘာလို့ တခြားတစ်ယောက်နဲ့ အစားမထိုးတာလဲ။ မိန်းမ တွေ အများကြီးပဲကို"

ခပ်ညံ့ညံ့စကားနဲ့ နှစ်သိမ့်မိတော့ သူက ခပ်သဲ့သဲ့ပြုံးတယ်။

"အစားထိုးရအောင် သူက ဂစ်တာကြိုးမှမဟုတ်တာ"

ကြယ်၊ လ၊ တိမ်ပွင့် ဖွားဖွားတွေဟာ အစဉ်အလာအတိုင်း တည်



www.burmeseclassic.com

www.burmeseclassic.com

ရှိလို့၊ မိုးသားမျက်နှာကျက်မှာ ကဖြန့်ကကျဲလုပ်နေတယ်။ မရှုဘူးလို့ တွေးချင်လည်း ရပါတယ်။ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေတဲ့ ကြယ်တွေကိုတော့ အားမရဘူး။ ရင်ဘတ်ကို ပိတ်လိုက်ဖွင့်လိုက်လုပ်နေတဲ့ လူတစ်ယောက်လိုပဲ။

"ငါ ဟိုတစ်နေ့က စင်စင်နဲ့ လမ်းမှာတွေ့တယ်လေ။ သူ့အရင်တုန်းက အကြောင်းတွေတော့ ဘာမှမပြောပါဘူး။ ငါတို့သူငယ်ချင်းတွေ အတူဆုံရအောင်လို့ပဲ ပြောတယ်။ ဘာပဲဖြစ်ဖြစ် ငါကြည်နူးမိသွားတယ်။ သူ ငါ့ကို သူငယ်ချင်းလို့ သတ်မှတ်သေးတယ်ဆိုတဲ့ အတွေးနဲ့လားတော့ မသိပါဘူး။ ငါပျော်လွန်းလို့ နောက်တစ်နေ့ကျတော့ အရက်မသောက်ပါဘူးလို့ ငါ့အမေကိုတောင် ကတိပေးဖြစ်လိုက်သေးတယ်။ ငါ့အမေကိုလည်း ရှေ့သနားမိပါတယ်။ ငါ ညံ့တယ်၊ မိုက်တယ်"

စိုးထိုက် ထိုင်ရာကထပြီး ညကောင်းကင်ကြီးကို မော့ကြည့်တယ်။ သူ့အကြည့်မှာတော့ အဲ့ဒီကောင်းကင်ကြီးဟာ စင်စင်ဖြစ်ရင်ဖြစ်မှာပေါ့။ တဖြည်းဖြည်းနဲ့ စင်စင်က ငှက်တစ်ကောင်အဖြစ် အသွင်ပြောင်းပြီး ဟိုးအဝေးကြီးကို ပျံတက်သွားတယ်။

"သူငယ်ချင်းထ . . . ငါ မင်းကို လိုက်ပို့မယ်"

ကျွန်တော်ထလိုက်တော့ ဒယီးဒယိုင်ဖြစ်နေပါတယ်။ မထခင်ကတည်းက ကိုယ့်ကိုယ်ကိုယ် ကျိုးမှန်းသိပြီးသားပါ။

နှစ်ယောက်သား တွဲလျှောက်လာတယ်။ ဘာသီချင်းမှ မဆိုနိုင်ကြဘူး။ ချည့်နဲ့နဲ့ အတွေးအိုတွေနဲ့ပဲ။ ကျွန်တော့်ကို လိုက်ပို့ပြီးတော့ စိုးထိုက်က ဆက်လျှောက်သွားတယ်။ ကျွန်တော် လက်ပြပြီးတောင် နှုတ်မဆက်လိုက်ရဘူး။ ကိုယ့်အခန်းထဲသာ မြန်မြန်သွားပြီး ပစ်လှဲလိုက်ပါတယ်။

ꩡ ꩡ ꩡ



အဲဒီညဟာ
မီးလျှံကိုကျော်နိုင်ပြီး
သေမင်းကပြုံးတော်မူတဲ့
ညပေါ့။



www.burmeseclassic.com

www.burmeseclassic.com

“နေလွင် . . . ထ . . . ထ . . . ထဦး . . . မြန်မြန်”

ညက အရှိန်မပြေသေးတဲ့ ကျွန်တော်ဟာ အဲဒီလို လှုပ်နှိုးခံလိုက်ရတော့ တော်တော်စိတ်ရှုပ်သွားတယ်။

“ဘာလဲဗျာ”

ပြန်အော်လိုက်တော့ အစ်မက စိတ်မရှည်သလို ကြည့်တယ်။ ပြီးတော့ သက်ပြင်းချပြီး ခေါင်းယမ်းတယ်။ နောက်မှ လေသံဖျော့ဖျော့နဲ့ . . .

“စိုးထိုက် . . . စိုးထိုက်ဆုံးလို့တဲ့”

“ဗျာ . . . ”



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စိုးထိုက်တို့အိမ်ရောက်တော့ အသုဘအခင်းအကျင်း ပြင်ဆင်နေပြီ။ လူတွေ ရှုပ်နေပါတယ်။ ရပ်ကွက်ထဲက လူကြီးတွေလည်း စကားတွေပြောနေကြတယ်။ အဲဒီထဲမှာ ဘကြီးအောင်လည်းပါတယ်။

အကြိမ်ကြိမ်ငိုထားပြီးတဲ့ မျက်နှာနဲ့ စိုးထိုက်အမေကို တွေ့တယ်။ စိတ်ကို တင်းထားပုံပဲ။ သူ့သားရဲ့ဓာတ်ပုံကို မလှုပ်မယှက်ကြည့်နေတယ်။ သူကိုယ်တိုင် အသက်မဲ့သွားသလို။

ကျွန်တော့်ကိုတွေ့မှ . . .

"သား . . . နေလွင် မင်းသူငယ်ချင်း မရှိတော့ဘူး"

နာနာကျင်ကျင်ပြောပြီး ကျွန်တော့်ကို ဖက်ငိုပါတယ်။ သ... ဆိုးအမေ ငိုနေပါတယ်။ ကျွန်တော် နှစ်သိမ့်ဖို့ စကားလုံးရှာမရ... ခေါင်းတဆတ်ဆတ်ညိတ်ရင်းသာ မျက်ရည်ကျလာမိတယ်။

အလုပ်ရှုပ်နေတဲ့သူတွေထဲမှာ စိုးထိုက်ရဲ့ သောက်ဖော်သော... ဖက် ကျော်ကြီးတို့အဖွဲ့လည်း ပါတယ်။ စိုးထိုက်ရဲ့ဈာပနမှာ ကျော်ကြီး... အားတက်သရော လုပ်အားပေးနေတယ်။ ကျွန်တော် ကျော်ကြီး... လျှောက်သွားတယ်။ ကျော်ကြီးက ကျွန်တော့်ကိုမြင်တော့ ရှောင်ထွက်... မသွားပါဘူး။ တည်ငြိမ်တဲ့မျက်နှာထားနဲ့ပဲ ကြည့်နေပါတယ်။ ကျွန်တော်... လည်း သူ့ကို အကြာကြီးကြည့်နေပြီးမှ သူက စကားစလာတယ်။

"သူ ဝဋ်ကျွတ်သွားတာပါ။ ငါရိုင်းအောင်ပြောတာ မဟုတ်... ဘူး။ သူခံစားခဲ့ရတဲ့ညတွေ ငါ သူ့ဘေးမှာ အမြဲရှိခဲ့တယ်။ သူ ဒီလို... တွေ အကြာကြီး ခံစားရနေရတဲ့အကြောင်းရင်းကို ငါမသိပါဘူး။ ...



...ည်း မပြောပြခဲ့ဘူး။ ဒါပေမဲ့ သူတကယ့်ကို ဆွေးနင့်ရှုးခါနေအောင် ခံစားရတာကိုတော့ ငါသိတယ်"

"ဟုတ်မှာပါ . . . တကယ်ဆို မင်းက ငါ့ထက်သူ့အပေါ်မှာ ပို ...ဆောင်းခဲ့မှာပါ"

ကျော်ကြီးက ကျွန်တော့်ပခုံးကို တရင်းတနှီးလာပုတ်ပြီး . . .

"အိမ်နောက်ဖေးမှာ မင်းသူငယ်ချင်း ကောင်မလေးတွေရှိတယ်။ ငါလုပ်စရာရှိတာ ဆက်လုပ်လိုက်ဦးမယ်"

အိမ်နောက်ဖေးက သစ်ငုတ်တိုကြီးအနားမှာ အတူထိုင်နေတဲ့ စင်စင်နဲ့ယွန်းယွန်းကို တွေ့လိုက်ရတယ်။ ကျွန်တော် သူတို့ဆီလျှောက်သွားတယ်။

"ဘယ်လိုလဲ . . . စင်စင် နင်မုန်းတဲ့ကောင် သေပြီလေ"

ဘာလို့ ကျွန်တော် ခက်ခက်ထန်ထန် ပြောမိတာလဲ။

စင်စင့်ပါးဖြူဖြူလေးအပေါ် မျက်ရည်စလေး လိမ့်ကျလာတယ်။ ဘာမှမပြောဘူး။ စကားတတ်လွန်းတဲ့ သူမ ဘာစကားမှမပြောဘူး။ ယွန်းယွန်းက ကိုယ့်မျက်ရည်စကိုသုတ်ပြီး . . .

"အဲဒီလိုမပြောပါနဲ့ . . . နေလွင်ရာ။ စိုးထိုက်က ကိုယ့်စိတ်ကို လွှတ်ပစ်လိုက်တာကိုး။ ကိုယ့်စိတ်ကိုမနိုင်လို့ ဖြစ်ခဲ့ရတာတွေပဲ"

အဲဒီအချိန်ပဲ ကျွန်တော်တို့အနားလေးကို ရပ်ကွက်ထဲက ရဲသားကြီးရောက်လာတယ်။ ကျွန်တော်တို့သုံးယောက်ကို စိတ်မကောင်းသလို ကြည့်တယ်။ ပြီးတော့ ကျွန်တော်တို့ကြားသိပြီးသား စိုးထိုက်သေရပုံကို ပြောပြတယ်။

"မသေခင်အချိန်ပိုင်းလောက်မှာပဲ တော်တော်မူးနေပုံပဲ။ မူးမူးရူးရူးနဲ့ မာလကာပင်ပေါ် တက်တယ်ကွ။ အဲဒီမှာ ခြေချော်ပြုတ်ကျပြီး ပင်အောက်က ကျောက်တုံးနဲ့ ခေါင်းနဲ့ ရိုက်မိပြီး သေဆုံးတယ်လို့ ...ဆေးတွေ့ရှိရတာပဲ။ ဟူး . . . မူးနေတော့ စိတ်က ပုံမှန်ဘယ်... ...ဘဲ။ အရက်က သတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ရဲသားကြီး စကားအဆုံးမှာတော့ ကျွန်တော်စင်စင့်ကို ကြည့်လိုက်တယ်။ စင်စင်ကတော့ ကျွန်တော့်ကို မျက်ရည်စတွေနဲ့ ခေါင်းခါပြတယ်။ ကျွန်တော်သိပါတယ်။ သူ မြေခွေးမဟုတ်ကြောင်း ကျွန်တော့်ကို ရှင်းပြနေတာ။ ကျွန်တော် မယုံချင်တော့ဘူး။

စိုးထိုက်ရဲ့အိပ်ခန်းထဲလည်း ရောက်ခဲ့ကြတယ်။ အိပ်ယာဘေးက ပြတင်းပေါက်နားက စားပွဲကလေးပေါ်မှာ စာအုပ်တစ်အုပ်တွေ့တယ်။ ဒိုင်ယာရီစာအုပ်မှန်း သိသာတယ်။ စာအုပ်ကလေးရဲ့ဘေးမှာတော့ မင်ကုန်နေတဲ့ ဘောလ်ပင်လေးက အိပ်ပျော်နေတယ်။ သာမန် (Reynold)ဘောလ်ပင်လေးပါပဲ။ ကျွန်တော်နဲ့ယွန်းယွန်း ချက်ချင်း သတိရမိလိုက်တယ်။

အောင်စာရင်းထွက်တဲ့နေ့၊ ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့ကအဲဒီ ဘောလ်ပင်လေးကိုထောင်ပြပြီး ကျွန်တော်နဲ့ယွန်းယွန်းကို ပြောခဲ့ဖူးတယ်။ 'ငါ ဒီဘောလ်ပင်မင်ကုန်ရင် ဒိုင်ယာရီ မရေးတော့ဘူး' လို့ ဟုတ်တယ် . . . အဲဒီစကားပဲ။ ကျွန်တော် မှတ်မိတယ်။ ကျွန်တော့်လိုပဲ မှတ်မိသွားတဲ့ ယွန်းယွန်းက စာအုပ်ကို အပြေးလှန်ကြည့်တယ်။

ယွန်းယွန်းမျက်နှာ ပိုအိုသွားတယ်။ စာအုပ်ကလေးကို စင်စင့်ဆီ ထိုးပေးလိုက်တယ်။ စင်စင်က စာအုပ်ကို ဖြန့်ကြည့်တော့ ကျွန်တော် ပါဝင်ကြည့်လိုက်တယ်။

စာအုပ်အစအဆုံး စကားတစ်လုံးကိုသာ အကြိမ်ပေါင်းများစွာ သီကုံးထားတယ်။ အဲဒီစကားလုံးက 'စင်စင့်ကိုချစ်တယ်' တဲ့။

ကျွန်တော်ဘာလို့ စင်စင့်ကို ခက်ခက်ထန်ထန် ကြည့်နေမိတာလဲ။ စင်စင်မျက်ရည်တွေနဲ့ ခေါင်းတွင်တွင်ခါတယ်။

"သူက သိပ်ခံစားခဲ့တာကိုး။ ငါထင်တာထက် ပိုခံစားခဲ့ရတာပဲ"

ယွန်းယွန်းက ဝင်ပြောတယ်။

"သူ့ဒဏ်ရာတွေက နှစ်ချို့နေတာပဲ။ ဟုတ်တယ် . . . ။ အဲ သူဝင်ကျွတ်သွားတာပဲ။ စိုးထိုက်ရယ် . . ."



ကျွန်တော် တကယ်မထင်ခဲ့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အသေသတ်ပြီး ကောင်မလေးတစ်ယောက်အတွက် ခံစားခဲ့တာကိုး။ အဲဒါကို ဘယ်လိုခေါ်မလဲ။ ငပျော့ညံ့လို့ ခေါ်မလား၊ အချစ်သူရဲကောင်းကြီးလို့ ခေါ်မလား။ ကျွန်တော်ကတော့ ဘယ်လိုမှ မှတ်ချက်မပြုချင်ဘူး။ မပြုနိုင်ခဲ့ဘူး။

ပြန်နေကျလမ်းထက် ပိုဝေးတဲ့လမ်းက ပြန်ခဲ့ကြတယ်။ အဲဒီလမ်းပေါ်မှာ ကဝေတစ်ကောင်ရဲ့ သွေးပုပ်ရည်စက်တွေ စေးကပ်နေတယ်။ ညှီနံ့ထွက်နေဆဲ သစ်ရွက်တွေက အစွယ်တဖွားဖွားနဲ့ တရှားရှား လှုပ်ခတ်နေကြ။ ပြီးတော့ ပင်လယ်စုန်းတွေရဲ့ စကားလုံးတွေလည်း ဖိတ်ကျနေသေးတယ်။ ဒါကြောင့် ဒီလမ်းကိုလျှောက်ရတာ လေးလံမောပမ်းတယ်။

"ငါတို့ စိုးထိုက်ကို . . . ဟို: . . . အမှောင်မှာချန်ရစ်ပြီး ထွက်ပြေးဖူးတယ်နော်"

ယွန်းယွန်းက စင်စင့်လက်ကလေးကို ဆွဲညှစ်ပြီး . . .

"တော်ပါတော့ . . . စင်စင်ရယ်၊ အဲဒီလိုတွေ လျှောက်တွေးမနေပါနဲ့တော့။ လာ . . . လာ . . . ပြန်မယ်"

စင်စင့်အိမ်ကို အရင်ဆုံးရောက်တာမို့ ကျွန်တော်နဲ့ ယွန်းယွန်းသာ ဆက်လျှောက်လာခဲ့တယ်။ အတူလျှောက်လာရင်းနဲ့ပဲ ယွန်းယွန်းက . . .

"ငါတို့ အခု စင်စင့်ကို ပိုပြီး ဂရုစိုက်သင့်ပါတယ်ဟ။ သူက သူ့ကိုယ်သူ အပြစ်ရှိတဲ့သူလို့ ခံစားနေရပြီဟ။ ငါတို့ အခုထိ ဖြစ်ပျက်သမျှကို ဖွင့်ပြီးကြည့်ရအောင်ဟာ။ စိုးထိုက်က အရမ်းခံစားခဲ့လို့ ဖြစ်ရတာပါ"

လမ်းဘေးက မြက်ပင်တွေကိုသာ ကျွန်တော် အညိုးတကြီးနဲ့ ပြေးကန်နေမိတယ်။

"နင် စင်စင့်ကိုချစ်ရင် ဒီလိုအချိန်မှာ အပြစ်မတင်ပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

မြက်ပင်ကို ကန်မယ့်ခြေထောက် ရပ်တန့်သွားတယ်။ ယွန်းယွန်းကို ကျွန်တော် တအံ့တသြ ကြည့်လိုက်မိတယ်။ ယွန်းယွန်းက ကျွန်တော့်ကို နားလည်စွာကြည့်လိုက်တယ်။

"နေလွင် . . . ငါတို့က ငယ်သူငယ်ချင်းတွေလေ။ ဘယ်သူ့စိတ်မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ခန့်မှန်းလွယ်ပါတယ်ဟာ။ စင်စင်အလည်း နင့်ကို သံယောဇဉ်ပိုတာ ငါသိတယ်။ ဒီလိုအချိန်မှာ နင်လိုရှုကတောင် အပြစ်တင်မယ်ဆို သူခံစားရမှာပေါ့"

ကျွန်တော် ခေါင်းတွင်တွင်ယမ်းသည်။

"မဟုတ်ဘူး . . . ။ သူ့အနားမှာ ငါတို့မရှိမှ သူ လွတ်လွတ်လပ်လပ် ပျံသန်းလိမ့်မယ်။ ပျံစမ်းပါစေတော့ဟာ။ သူ ငါတို့ကို မေ့ရှေပါပြီ"

ဒီနေ့မွန်းတည့်မှာပဲ ဆုပ်ကိုင်ထားတဲ့ ဆန္ဒတွေကို ကျွန်တော် လွှတ်ချပစ်ခဲ့တယ်။ ဒဏ်ရာတွေ အဆင့်ဆင့် ကူးဆက်နေပြီ။ စိတ်တွေ စိတ်တွေ . . . စိတ်တွေ . . . ။

❦ ❦ ❦



စိုးထိုက်ရက်လည်ပြီးတဲ့နေ့ကစပြီး ကျွန်တော် သင်တန်းကလွဲပြီး ဘယ်မှမသွားဖြစ်ဘူး။ အခန်းအောင်းပြီးသာ ပန်းချီကားတွေကို အာရုံစိုက်ပြီး ဆွဲနေမိတယ်။ ပန်းချီဆိုင်ရာ စာအုပ်တွေဖတ်တယ်။ ပန်းချီနည်းစနစ်နဲ့ အယူအဆဆိုင်ရာ စာအုပ်တွေသာမက ပန်းချီဆရာတွေရဲ့ အတ္ထုပ္ပတ္တိတွေပါ ရှာဖတ်နေတယ်။

ပြင်ပကိစ္စတွေကို မေ့ထားနိုင်လို့ ကျွန်တော့်ကိုကျွန်တော် ကျေနပ်နေမိတယ်။ ဘာရယ်မဟုတ်ဘဲ မုတ်ဆိတ်မွေးမရှိတဲ့ မေးစေ့ကြီးကိုပွတ်ပြီးတော့ ကိုယ့်ပန်းချီကားကို အာရုံခံစားကြည့်နေမိသေးတယ်။ ကျွန်တော့်လက်ရာ သိသိသာသာ တိုးတက်လာကြောင်း သင်တန်းက ဆရာကလည်း ချီးကျူးတယ်။

အခုလည်း မျက်လွှာချပြီး စိုးထိုက်ကို အာရုံခံမိတယ်။ စိတ်ထဲက သတိရနေမိတယ်။ စက္ကူပေါ်မှာလည်း စိုးထိုက်ရဲ့ပုံကို ခဲနဲ့ကောက်ကြောင်း ခြစ်နေမိတယ်။

အဲ့ဒီအချိန် ကျွန်တော့်အနောက်ကို ရောက်လာတာ ကျွန်တော့်အစ်မ။ အစ်မက ကျွန်တော် ကောက်ကြောင်းလိုက်နေတဲ့ပုံကို ကြည့်နေပါတယ်။ အဲဒီလိုကြည့်နေရင်းကမှ . . .

"စင်စင်တို့က ဘယ်နိုင်ငံကိုသွားတာလဲ"

ကျွန်တော် ခဲတံကိုင်ထားတဲ့လက် တုန်သွားတယ်။ အစ်မတို့ဆတ်ခနဲ လှည့်ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"အစ်မ ဘာပြောတာလဲ"

"စင်စင်တို့က ဘယ်နိုင်ငံကို ပြောင်းသွားတာလဲလို့ မေးတာ"

"ဘာ . . . "

ကျွန်တော် နားမလည်ဖြစ်သွားတယ်။ ဒါပေမဲ့ ချက်ချင်းပဲ နားလည်လိုက်ပါတယ်။ ကျွန်တော် အမြန်ထွက်ခဲ့ပါတယ်။

• • •

ခြံတံခါးကို ခပ်ရမ်းရမ်းတွန်းဖွင့်ပြီး ဝင်ခဲ့တယ်။ ခြံဝန်းထဲက သစ်ပင်တစ်ပင်အနားမှာ မတ်တပ်ရပ်နေတဲ့ ယွန်းယွန်းကို အဆင်သင့်ပဲ တွေ့လိုက်ရပါတယ်။ ကျွန်တော့်ခြေသံ ပြင်းလို့ထင်တယ်။ ယွန်းယွန်း နောက်က လူတစ်ယောက်လာတယ်ဆိုတဲ့ အသိနဲ့ လှည့်ကြည့်တယ်။

ညိုးညိုးငယ်ငယ်နဲ့ ပြုံးပြတယ်။

"ယွန်းယွန်း . . . နင်ပြော"

ကျွန်တော် သူ့ရှေ့ရပ်ပြီး အသံမကျယ်မအောင် ထိန်းပြောလိုက်တယ်။ ယွန်းယွန်း ကျွန်တော့်စိတ်တွေ လွတ်ထွက်ရမ်းခါနေတာကို မြင်တယ်။

"စိတ်ကို အေးအေးထား"

ကျွန်တော် လေပူကို မှုတ်ထုတ်ပြီး စိတ်ကိုလျှော့လိုက်တယ်။

"အေး . . . ရပြီပြော"

"မနေ့ကသွားပြီ။ သူ့အဖေရှိတဲ့ တူရကီကိုထင်တယ်"

"နင်ဘာလို့ ငါ့မပြောတာလဲ"

ယွန်းယွန်းက ကျွန်တော့်ကို သနားသလိုကြည့်ပြီး . . .

"နေလွင် . . . နင်ခြံအပြင်ကနေ စောင့်နေ၊ ငါ ကားထုတ်လိုက်ဦးမယ်။ တစ်နေရာသွားပြီး ပြောကြတာပေါ့"

• • •



ဆိတ်ငြိမ်တဲ့ အအေးဆိုင်လေးပါ။ သစ်ပင်ရိပ်ကလည်း အေးတယ်။ မှန်းတည့်မြို့ပြမြင်ကွင်းနဲ့လည်း ဝေးတယ်။ ဘာသီချင်းမှ ဖွင့်မထားတာက ကျွန်တော့်အတွက် ကောင်းစေတယ်။

ယွန်းယွန်းက အအေးတစ်ငုံကိုသောက်ပြီး စကားစတယ်။

"တကယ်တော့ ဟိုတစ်နေ့က ငါတို့သူငယ်ချင်းလေးယောက် ဆုံတဲ့ပွဲလေးဟာ စင်စင်စီစဉ်ခဲ့တာပါ။ စင်စင်က ငါ့ကိုတိုင်ပင်ခဲ့တာ။ အဲဒီပွဲလေးကို ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်ချင်တယ်လို့၊ နင်တို့ကို နှုတ်ဆက်မှန်းမသိအောင် နှုတ်ဆက်သွားချင်တယ်တဲ့။ ငါတို့ မျှော်လင့်သလို ပျော်ပျော်ရွှင်ရွှင်ပဲ ပြီးဆုံးသွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆက်တွဲဖြစ်ရပ်မှာတော့ . . . စိုးထိုက် . . . သူ . . .

ရုတ်တရက် စိုးထိုက်ကို သတိရသွားတဲ့ ယွန်းယွန်းဟာ မျက်ရည်လေးတောင် ဝဲလာပါတယ်။ ဒါပေမဲ့ အဲဒီမျက်ရည်ကို ရအောင်ထိန်းပြောပါတယ်။ အဒီလို အပြုအမူမျိုးကို တချို့က ရင့်ကျက်တယ်လို့ ခေါ်ကြတယ်။

"စင်စင် စာတွေအရမ်းကြိုးစားတဲ့ အချိန်ကတည်းက ငါထင်ပါတယ်။ သူ ဒီလို နေ့မအားညမအား ကြိုးစားနေကတည်းက သူလိုချင်တာ တစ်ခုခုရှိနေပြီလို့။ အဲဒီတုန်းက သူတို့မိသားစု အဆင်မပြေဘူးဟ။ စင်စင့်အဖေက ခေတ်ပညာတတ် ဆရာဝန်ပါရဂူကြီး။ ဒါပေမဲ့ သူ့အဖေကျတော့ မူလတန်းအထိပဲ နေခဲ့ရတာလေ။

သူတို့ အိမ်ထောင်ရေး ကတောက်ကစဖြစ်ရင် ယောက်ျားလုပ်သူက မိန်းမကို ပညာညံ့လို့ နားမလည်တာ၊ သဘောထားသေးသိမ်တာလို့ထင်တယ်။ အဲဒီလို ပြောတယ်ပေါ့ဟာ။ ငါတို့ ရှစ်တန်းတက်မယ့်နှစ်ကဆို သူတို့လင်မယားအခြေအနေ အရမ်းဆိုးသွားတယ်။

စင်စင်တို့သားအမိကိုချန်ပြီး သူ့အဖေ ပြည်ပထွက်သွားတယ်။ အိမ်ထောင်ရေးပဋိပက္ခနဲ့ သွားတာဆိုပေမယ့် ငွေကြေး အထောက်အပံ့တော့ မပြတ်ခဲ့ပါဘူး။ ဒါပေမဲ့ ငွေကလွဲပြီး ဘာမှ မဆက်သွယ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတွေ ဘာလို့ ငါ့ကို အခုမှ . . ."

"ငါပြောတာပဲ ဆက်နားထောင်ပါဟာ"

ယွန်းယွန်းက တစ်သျှူးစလေးနဲ့ မေးဖျားကချွေးကို သုတ်ကာ ဆက်ပြောတယ်။

"စင်စင့်အဖေမသွားခင် စင်စင့်ကို မှာသွားခဲ့တယ်။ သမီး ဖေဖေတို့တွေ ချင်ရင် ပညာသာကြိုးစား။ သမီးအမေလို ညံ့တဲ့မိန်းမမျိုးဆို သမီးလည်း ဖေဖေ့ကို ဘယ်တော့မှ တွေ့ခွင့်ရမှာမဟုတ်ဘူး။ နဂိုကမှ စိတ်ခံစားတတ်ပြင်းတဲ့ ကလေးတစ်ယောက်ကို အဲ့လိုကြီး နာနာကျင်ကျင် ရိုက်သွင်းခဲ့တယ်။

နင်သိတဲ့အတိုင်းပဲ စင်စင်က ဘယ်အလျှော့ပေးမလဲ။ သူ့မိသားစုကို ဒီလိုဖရိုဖရဲနဲ့ ဓာတ်သိမ်းခွင့်မပြုဘူး။ သူကြိုးစားတာပေါ့။ ဘာကိုမှ ဂရုမစိုက်ဘဲ ကြိုးစားခဲ့တာပေါ့။ ဘာကိုမှ ဂရုမစိုက်တဲ့အထဲမှာ နင်တို့ ငါတို့ ပါသွားခဲ့တာပါဟာ။ တကယ်ဆို ငါတို့သူ့ကို သနားသင့်တယ်မို့လား။ ဖေးမကူသင့်တယ်မို့လား။ ဒါတွေမသိခင်တုန်းက ငါလည်း စင်စင့်ကို မုန်းမိဖူးတာပဲ"

"ဒါတွေ နင်ဘယ်လိုသိခဲ့တာလဲ"

"စင်စင့်အမေ ပြောပြပါတယ်။ သူ့သမီးလေးကိုကြည့်ပြီး သူ့အရမ်းအားနာ သနားရကြောင်းတွေရယ်၊ ပြီးတော့ သူတို့အိမ်ထောင်ရေးမှာ တကယ်မှားခဲ့တာက သူဖြစ်ကြောင်းပေါ့။ သူ့ရဲ့သဘောထား မကြီးနိုင်ခဲ့မှု၊ အမြင်ကျဉ်းသွားတဲ့ အချို့ဖြစ်ရပ်တွေကြောင့်လို့ သူဝန်ခံခဲ့တယ်။ ဒါပေမဲ့ အခုတော့ စင်စင်ကြိုးစားခဲ့သမျှ အရာထင်ခဲ့ပါပြီ။ အခုဆိုသူတို့မိသားစုလေး ဟိုအဝေးမှာ ပျော်နေလောက်ပြီ"

စင်စင့်ကိုမြင်ယောင်ရင်း ပြောပြနေတဲ့ ယွန်းယွန်းမျက်နှာလေးက ကြည်လင်နေပါတယ်။ အရာရာကို နားလည်အေးချမ်းသွားတဲ့ အသံမျိုးနဲ့။ ကျွန်တော်ကိုတော့ စင်စင်ထွက်သွားပြီဆိုတဲ့အသိက မငြိမ်းချမ်းစေပါဘူး။

"သူတို့ ပြန်လာဦးမှာလား"



ယွန်းယွန်း လေးတွဲ့စွာ ခေါင်းခါတယ်။

"ဟိုမှာ သူ့အဖေရဲ့ အမျိုးတွေလည်းရှိတော့ မကြာခင် အခြေကျသွားမှာပါ"

ငြိမ်သက်ရင်းသာ ဆုံးရှုံးမှုရဲ့အရသာကို ခံစားနေမိတယ်။

"ဘာလို့ ငါ့ကို စင်စင်ထွက်သွားမှာ မပြောတာလဲ"

"ငါကလည်း မပြောချင်လို့။ စင်စင်ကလည်း မပြောစေချင်လို့။ နင် စင်စင့်ကိုသံယောဇဉ်ကြီးတာ ငါသိသလို စင်စင်လည်း သိတယ်။ နင်ဖွင့်မပြောပေမယ့် အားကလူတွေ ကြည့်တာတောင် သိနိုင်တာပဲ။ သူ ဒီလိုသွားမှာကို နင်တို့သိလို့တားရင် သူစိတ်တွေဝေရလိမ့်မယ်။ ပြီးတော့ တခြား မဖြစ်သင့်တာတွေလည်း ဖြစ်လာမှာကို စိုးရိမ်တယ်။ အဆိုးဆုံးကတော့ စိုးထိုက်ကို စိတ်ပူရတာပဲ။

ငါလည်း မရှိတော့တဲ့ လူတစ်ယောက်ကို မဝေဖန်ချင်ပါဘူးဟာ။ ဒါပေမဲ့ အဲဒီတုန်းက စိုးထိုက်ပုံကိုလည်း ကြည့်လိုက်ဦး။ သူလမ်းလျှောက်လာတဲ့ပုံကို အဝေးကကြည့်ရင် လေဖွဲမှာ လျှောက်နေတဲ့အတိုင်းပဲ။ ဒီလောက် ကိုယ့်ဘဝကို အဆုံးသတ်မှတ်ထားတဲ့ လူတစ်ယောက်ကို စင်စင်က ထပ်ပြီး အဆိုးမတွေ့စေချင်ဘူး။ စင်စင်ထွက်သွားမယ်ဆိုတာ သိရင် သူဘာတွေလျှောက်လုပ်ဦးမလဲ။ နင်စဉ်းစားမိသလား။ စင်စင်က အားလုံးအတွက် တွေးခဲ့တာပါ။ သူလုပ်သင့်တာတွေကိုချည်း လုပ်ခဲ့တာပဲ။ စင်စင့်အပြစ် မဟုတ်ခဲ့ပါဘူးဟာ"

ကျွန်တော် နားလည်လိုက်ပါပြီ။ အဲဒီနားလည်မှုက နောက်ကျနေပြီလား။

"အဲဒါကြောင့် အဲဒီအချိန်တုန်းက စင်စင့်ကိုဂရုစိုက်ဖို့ တဖွဖွပြောခဲ့တာပေါ့ . . . ဟုတ်လား"

ယွန်းယွန်း ခေါင်းညိတ်ပြတယ်။

"အင်း . . . အဲဒီနေ့တွေက နင်နဲ့စင်စင်ရဲ့ နောက်ဆုံးနေ့တွေဖြစ်လို့ပေါ့။ ငါ . . . ငါ့သူငယ်ချင်းတွေ အကုန်ပျော်စေချင်တာပါဟာ။ ဒါပေမဲ့ အခုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

ဆက်မပြောပေမယ့် ဆက်ကြားနေရတယ်။ ကျွန်တော့်တစ်ကိုယ်လုံး အားမရှိတော့တာသလို ခွေယိုင်လို့ မောပန်းနေတယ်။ စင်စင်ရေ၊ မီးပုံးကားလေးတွေ၊ မာလကာသီး၊ သစ်ပင်၊ ငှက်ကလေး၊ ငါချစ်တဲ့ ငှက်ကလေး။

"မေ့သင့်တာတွေတော့ ရအောင်မေ့ပေါ့ နေလွင်ရယ်။ အခု နင် ဘာဆက်လုပ်မှာလဲ။ ကျောင်းဆရာလျှောက်တယ်ဆို၊ ပန်းချီလည်း ဆွဲနေတာမဟုတ်လား။ နင်လုပ်တဲ့အလုပ်တွေ အကုန်ကောင်းနေတာပဲ။ တစ်ခုခုတော့ ဖြစ်အောင်လုပ်နော်"

သူက ကျွန်တော့်အနာဂတ်ကို စိုးရိမ်နေတယ်။ ကျွန်တော် အဲဒါတွေ မစဉ်းစားနိုင်ဘူး။ မောပန်းပေးလံ လွင့်ပါးနေတယ်။ မှုံးနှောက်ပူအိုက်တဲ့ ခံစားမှုတွေ . . .

"ငါက စင်စင့်ကို တွေ့ချင်တာ"

"ဩော် . . . နေလွင်ရယ် . . ."



ရအောင်တင်းထားပေမယ့် စိတ်တွေလျော့ကျနေတယ်။ ဘယ်သူမှ အနားမလာနဲ့။ တစ်ယောက်ယောက်တော့ အနားလာခဲ့ပါ။ ဘာအသံမှမကြားချင်ဘူး။ သူ့အသံကို လွမ်းတယ်။ ငိုလိုက်ရယ်လိုက်နဲ့ ဘာလောကလဲ။ ချစ်သူရယ် ငါ့ရင်ထဲမှာ တခစ်ခစ်လာငိုပါကွယ်။ ကြိုးတစ်ချောင်းကျလာတယ်။ ဘဝတစ်ပါးမှာ ရှိချင်လည်းရှိ မရှိချင်လည်းမရှိမယ့် သူငယ်ချင်းတစ်ယောက်ကို သတိရပါတယ်။ ပြီးတော့ အားကျတယ်။

စုတ်တံကို ကိုင်လိုက်တော့ သုသာန်ရဲ့ ရနံ့က ခေါင်းထဲဝင်လာတယ်။ လက်ကလွှတ်ချမိတော့ ငါ့အပေါ် မီးခိုးလုံးတွေ ပြုံဆင်းလာ၊ ငါဘာမှ မမှတ်မိချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေ ညနေလေးပါပဲ။ သင်တန်းကနေ ပြန်လာခဲ့တယ်။ အိမ်ကို တန်းတန်းမတ်မတ် ပြန်နေရင်းကပဲ စိတ်က မရောက်တာကြာတဲ့ တစ်နေရာကို သွားချင်နေမိတယ်။ အဲဒါနဲ့ ကျောင်းဝင်းထဲကို ထွက်ခဲ့တယ်။

ထုံးစံအတိုင်း ဘောလုံးကွင်းဘက်ကို ရောက်အောင်သွားတယ်။ မြက်ပင်တွေနဲ့ တရင်းတနှီးနေခဲ့တယ်။ ခြေပစ်လက်ပစ် လှဲအိပ်တယ်။ ဘာသီချင်းမှ မဆိုဖြစ်ဘူး။ အဝေးက ဝင်လုဆဲနေလုံးကိုလည်း သဘောမကျဘူး။ ရေစင်ကြီးဆီက တဝေါဝေါနဲ့ ရေတင်သံကြားရတယ်။ ကျွန်တော် ထွက်လာခဲ့တယ်။

ကျောင်းပေါက်ဝ ဂိတ်စောင့်တဲလေး ရောက်ပြန်တော့ ထုံးစံအတိုင်း အဘကိုတွေ့ရတယ်။ ခါတိုင်းလိုပဲ ဆေးတံကြီးဖွာလို့။ အနားမှာသွားထိုင်ပြီး အရင်လိုပဲ ကျွန်တော့်ဝေဒနာကို သက်သာရာရကြောင်း ကြိုးစားနေမိတယ်။ ရင်ထဲရှိသမျှတွေ အကုန်ထုတ်ပစ်တယ်။ ကျောင်းစောင့်ကြီးကလည်း ခါတိုင်းလိုပဲ မကြားဘဲနဲ့ နားထောင်နေတယ်။



"[illegible]ထိုက်ရှိတော့ . . . . . . . . . . . စင်စင်ဟိုးအဝေး . .

တိုယ့်ကိုယ်ကိုယ်ပျောက်ဆုံး . . . . . ဘဝအမိပွာယ် . . . စာမဲ့ထား . .

အပူအပင်မဲ့တဲ့ဘဝ . . . အနာဂတ်ဆိုတာတွေ . . . လေးနက်ပေါ့ပါး

[illegible]ချင်ယောင်ဆောင် . . . ဘာမှမသိချင် . . . ကောက်ကွေ့ . . . .

ကြက်ပျံ၊ ဝက်ပျံ . . . ၊ မနက်ဖြန် . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

စိတ်ထဲမှာရှိသမျှ ဖွင့်ချလိုက်ရလို့ ပေါ့ပါးသွားတယ်။ ဘာပဲဖြစ်ဖြစ်၊ နေတတ်သွားမှာလို့ တွေးထင်မိတယ်။ ဟုတ်မှာပါ မနေနိုင်တောင် နေနိုင်သွားမှာပါ။

ကျောင်းစောင့်ကြီးကို နှုတ်ဆက်ပြီး ပြန်ဖို့ပြင်လိုက်တယ်။

"ငါကတော့ စိုးထိုက်ထက် မင်းကို ပိုသနားတယ်"

"ဟာ . . . "

အသံက ကျောင်းစောင့်အဘထံက ထွက်လာတာပါ။ ကျွန်တော် ကိုယ့်နားကို မယုံမိ။ ကျောင်းစောင့်ကြီးက နားကြားနေပါလား။ ကျွန်တော်ပြောတာတွေ ကြားသိနေပါလား။

"မအံ့သြပါနဲ့ကွာ"

ကျောင်းစောင့်အဘက ဆံပင်တွေ ခေါင်းပေါင်းစတွေနဲ့ ရှုပ်ထွေးကွယ်လျှိုးနေတဲ့ သူ့နားရွက်ထဲကနေ နားကြပ်ကလေးကို ဖြုတ်ပြတယ်။ ပြီးတော့ အဲဒီလိုပဲ ကွယ်ကွယ်ဝှက်ဝှက် ပြန်တပ်လိုက်တယ်။

"အဘ . . . ဒီလိုနားကြားရတာ ဘယ်လောက်ကြာပြီလဲ။ ကျွန်တော်ပြောသမျှ အကုန်ကြားရတယ်ပေါ့"

ကျွန်တော့်ကို အဘက မိန့်မိန့်ကြီးကြည့်ပြီး . . .

"အင်း . . . မင်းခံစားရတာတွေကော၊ မင်းတို့သူငယ်ချင်းတွေ အတ်လမ်း . . . အဲ့ဒါတွေ မင်းပြောပြလို့ ငါသိရပါတယ်"

ကျွန်တော် အဘကို အားနာမိသွားတယ်။ သူမကြားဘူးထင်ပြီး ပြောခဲ့တာတွေအတွက်လည်း ရှက်သလို ဖြစ်မိသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းစောင့်ကြီးက အေးဆေးစွာပဲ ပြောပါတယ်။

"ရအောင် ဖြတ်သန်းပါကွာ။ ဒီလိုပဲ အချိန်တွေက ပြီးသွားတတ်ပါတယ်"

ပြောပြီးတော့ သူထွက်သွားတယ်။

ကျွန်တော်သူ့ကို ငေးကြည့်နေမိတယ်။ ပြောမပြတတ်တဲ့ ခံစားမှုတစ်မျိုးလည်း ခံစားလိုက်ရတယ်။ ဒါဟာ ချစ်သူတစ်ယောက်၊ သူငယ်ချင်းတစ်ယောက် ဆုံးရှုံးပြီးနောက်မှာ ပထမဆုံး ထူးထူးခြားခြား ပြန် စားမိတဲ့ ခံစားချက်လည်း ဖြစ်တယ်။



**နှစ်တချို့ကြာပြီးနောက် . . .**

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

ကြာခဲ့ပါပြီ
နလုံးသား အရေပြားလွှာကလေးကို
သစ်ရွက်ချွန်ကလေးတွေ တိုးဝှေ့ဖောက်ထွက်လာခဲ့တာလေ
ကြာခဲ့ပါပြီ
ငုံမှမ့ ပင်စည်ကြီးက
လေတိုက်တိုင်းယိမ်းနေရတဲ့ သူ့လက်တံတွေနဲ့
မျက်ရည်မသုတ်နိုင်ခဲ့တာလေ
ကြာခဲ့ပါပြီ
မှုန်ဝါးဝါးမိုးသားအောက်မှာ
မျက်ဝန်းတွေ ခေါက်တုံ့ခေါက်ပြန်မျှော်ကြည့်
တောင်ပံဖြူဖြူလေးကို ရှာမိနေတာလေ
ကြာခဲ့ပါပြီ
ကြာခဲ့ပါပြီ အချစ်ရေ
မြေယာအဟောင်းထဲက
လယ်ထွန်စက်အိုကြီးလို
ဝါကျင် အထီးကျန်ခဲ့တာလေ။



(၁၀)

ပုံပြင်ဆုံးတော့ ကလေးတွေက ပြုံးကြပါတယ်။ မြန်မာစကား အတော်နားလည်လာပြီမို့ ပုံပြင်တွေဘာတွေ ပြောလို့ရလာပြီ။ ကလေးတွေကို ကျောင်းဆင်းပေးလိုက်တယ်။ ကျွန်တော်ပြောပြတဲ့ ပုံပြင်တယ်ငယ်က ကျွန်တော်တို့အတန်းကို တန်းပြဆင်းတဲ့ ဆရာအသစ်ပြောပြခဲ့တဲ့ ပုံပြင်လေးပါပဲ။ ကျောင်းဆောင်အပြင်ကို ပြေးထွက်သွားတဲ့ ကလေးတွေကိုကြည့်ပြီး ကျွန်တော်ကြည်နူးနေမိတယ်။

ကျွန်တော် အခုရောက်နေတာ တောင်တန်းဒေသတစ်ခုပေါ့။ ဒီကကလေးငယ်တွေကို စာသင်ပြရတာ သိပ်တော့မလွယ်ပါဘူး။ ကျွန်တော့်ရှေ့ကဆရာတစ်ယောက် အတော်လေးအားထုတ်သွားလို့ ကျွန်တော် နည်းနည်းသက်သာရာ ရခဲ့ပါတယ်။ ဒါတောင်မှ ကျောက်သင်ပုန်းမှာ စာသင်ရင် ပုံလေးတွေဆွဲပြပြီး ဆွဲဆောင်မှုတစ်ခုကူပြီး သင်ရပါတယ်။

မြန်မာစကားကိုလည်း ရေလည်အောင် တတ်တဲ့သူနည်းတာမို့ သိပ်မလွယ်ကူခဲ့ပါဘူး။ ကိုယ့်ဘာသာစကားသင်ဖို့ သူတို့ဘာသာစကားကိုလည်း ပြန်သင်ရပါသေးတယ်။ ဒါပေမဲ့ အချိန်ကြာလာတဲ့အခါမှာတော့ အဆင်ပြေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလို မြို့ပြတွေနဲ့ဝေးလံတဲ့ နာဂရွာကလေးတစ်ခုမှာ ကျောင်းဆရာလုပ်ရတာ မနေတတ်ရင်တော့ ငြီးငွေ့လွယ်မှာပါ။ ဒါပေမဲ့ ကျွန်တော်ကတော့ အားလပ်နေ့တွေဆို ရွာအစွန်ဘက်တွေမှာ ပန်းချီဆွဲတယ်။ ရံဖန်ရံခါလည်း ကိုယ့်အိမ်ထဲမှာပဲ ဆွဲပါတယ်။

နာဂတွေရဲ့ အိမ်ပုံစံက ပြတင်းပေါက်မပါတဲ့ ဘေးတံခါးပေါက်နဲ့ ရှေ့တံခါးပေါက်ပဲရှိတာမို့ ပန်းချီဆွဲဖို့ အခက်အခဲရှိပါတယ်။ အဲဒါကြောင့် ကိုယ့်ဘာသာကိုယ် ပြတင်းပေါက်တွေဖောက်ပြီး အလင်းလုံလုံလောက်လောက်ဝင်နိုင်အောင် ညှိယူရပါတယ်။

လူခေါင်းများများဖြတ်နိုင်တဲ့သူကို သူရဲကောင်းလို့ သမုတ်တဲ့ယဉ်ကျေးမှုတော့ ဒီမှာမရှိပါဘူး။ ရွာတွေရဲ့ထုံးစံအတိုင်း ကျောင်းဆရာဆိုတော့ ရွာလူကြီးအဖွဲ့ဝင်ရပြန်တယ်။ ပွဲတော်များတဲ့လူမျိုးဖြစ်ပြီး ရပ်ရွာကိစ္စလည်း များမြောင်လှတယ်။ ကလေးငယ်တွေကို စာသင်ဖို့၊ တခြားဝေယျာဝစ္စများနဲ့ ပန်းချီဆွဲချိန်တွေကြား လုံးပန်းနေရလို့ တော်တော်များများကို သတိမရနိုင်။

ကျောင်းဆောင်ထဲက ထွက်ခဲ့တော့ လမ်းလျှောက်ရတာ အဆင်မပြေဘူး။ ခြေထောက်နာနေတယ်။ မနေ့က ရွာအဝင်လမ်းကို ပြင်ကြရင်း ထိခိုက်မိတာပါ။ ဒီမှာက သီတင်းကျွတ်ဆိုရင် လမ်းခုတ်ပွဲတော်ဆိုတာလည်း ရှိတယ်။ ပျော်စရာပါ။

ကျွန်တော် ကိုယ့်အိမ်ပေါ်တက်လိုက်တော့ အာလိကိုတွေ့တယ်။ အာလိဆိုတာ ကျွန်တော့်ထက်အသက်နည်းနည်း ငယ်ပုံပေါက်တဲ့ နာဂလူငယ်တစ်ယောက်ပါ။ ပြည်မနဲ့ အသွားအလာများလို့ မြန်မာစကားလည်း ရလည်ပါတယ်။ အသံထွက်ကလည်း ပီတယ်။ မသိရင် ဗမာပဲ။ ကျွန်တော့်ကိစ္စတော်တော်များများအတွက်လည်း အာလိကို အားကိုးရပါတယ်။ ယဉ်ကျေးမှုလည်းကောင်းတယ်။ ပညာလည်း နည်းနည်းတတ်တယ်။

အာလိက ကျွန်တော့်အခန်းက ခေါက်တိုင်မှာတင်ထားတဲ့ ကျွန်တော့် လက်စပန်းချီကားကို မေးစေ့ပွတ်ရင်း ကြည့်နေတယ်။ ကျွန်တော်ဝင်လာတာမြင်တော့လည်း ပန်းချီကားကိုပဲ ဆက်ကြည့်နေတယ်။



"ဆရာ . . . ဆရာ့ပန်းချီကားတွေကို ဝေဖန်ချင်လို့"

အာလိက ဗမာသွေးလည်း ရောတယ်ထင်ရဲ့။ တစ်ခါတလေ ကြီးကြီးကျယ်ကျယ်တွေ ပြောတယ်လေ။ ကျွန်တော်က ကုလားထိုင်မှာထိုင်ပြီး ရေနွေးကြမ်းကိုငုံ့ရင်း . . .

"အေး . . . ဝေဖန်ပါဦး"

"ကျွန်တော် ဆရာ့စားပွဲပေါ်က စာအုပ်တွေထဲက ဖတ်ဖူးတာပါ"

"အင်း . . . လုပ်စမ်းပါဦး"

အာလိက ပန်းချီကားကို ကြည့်ရင်းနဲ့ပဲ သူသိသလောက်ပြောပါတယ်။

"ဟိုဟာလေ . . . ဘာလဲ . . . ပီတာဗရူးဂဲဆိုတဲ့ ပန်းချီဆရာဆိုတောင် သူ့လယ်သမားတွေရဲ့ဘဝကို ဟာသဆန်အောင် ရေးဆွဲတတ်တယ်နော်။ သူ့သားအကြီးကောင် ဗရူးဂဲကကျတော့ မကောင်းဆိုးဝါးပုံတွေ ရေးတာများလို့ သူ့ကို ငရဲသားဗရူးဂဲလို့ ခေါ်ခဲ့ကြတယ်။ နောက်အငယ်ကောင် ယန်းဗရူးဂဲကကျတော့ တောကား၊ တောင်ကား၊ ပင်လယ်သမုဒ္ဒရာ အဖွဲ့အနွဲ့လေးတွေကို ကဗျာဆန်ဆန်ရေးဖွဲ့လို့ ကတ္တီပါဗရူးဂဲလို့ ခေါ်ပြန်ရော"

"အင်း . . . ဆက်ပါဦး"

"အဲဒါနဲ့ပတ်သတ်ပြီး ဆရာ့ပန်းချီကားတွေကို ပြောရရင် ဆရာ့ပန်းချီကားတွေက သစ်ပင်တွေချည်းဖြစ်နေတယ်။ ပြီးတော့ သစ်ပင်တစ်ပင်တည်းရဲ့ ပုံတွေချည်းပဲ။ အဲဒါ ထူးခြားနေတယ်။ ဒါနဲ့ ဆရာ့နာမည်အရင်းက နေလွင်နော်"

"အေး . . ."

"ဒါဆို ကျွန်တော်ဆရာ့ကို ကတ္တီပါဗရူးဂဲတို့၊ ငရဲသားဗရူးဂဲတို့လို နာမည်ပေးလိုက်ချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော်များနှင့် ယှဉ်ပြောလာလို့ ကိုယ့်ကိုယ်ကိုယ် ဟိုဏ် ဒရိုဂျင်တွေ ရှုသွင်းနေသလို ခံစားလာမိတယ်။

“ပြောစမ်းပါဦးကွ . . . ဘယ်လိုပေးမှာလဲ”

“ဟဲ . . . ဟဲ . . . ‘သစ်တစ်ပင် နေလွင်’ လို့”

ကျွန်တော့်မှာ မရယ်ဘဲမနေနိုင်တော့။ မျက်စိထဲလည်း ကိုယ့်ပုံကိုယ် သစ်ပင်တစ်ပိုင်းလူတစ်ပိုင်း မြင်ယောင်နေမိတော့တယ်။

“အာလီရာ . . . မင်းပြောလိုက်မှဖြင့်”

“မပြီးသေးဘူး . . . ဆရာရဲ့၊ ကျွန်တော် ဆက်ဝေဖန်ဦးမှာ”

“အေး . . . လုပ်ပါ ပြောပါ”

သူက နံရံမှာချိတ်ထားတဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်တယ်။ သစ်ပင်တစ်ပင်ပုံပါပဲ။ တောင်ကုန်းမို့မို့မှာ ရီ့ရီ့ကလေးပေါက်နေတဲ့ သစ်ပင်။

“ဒီပန်းချီကားထဲက သစ်ပင်ကိုကြည့်ပါဦး . . . ဆရာရယ် ဖော်လည်းမဆွယ်၊ တစ်ကိုယ်ငယ် ဖြစ်နေရှာတယ်။ သူ့တစ်ပင်တည်း ဆိုတော့ မြင်ရတာ သိပ်အထီးကျန်တာပဲ။

နောက်ပြီး . . . အင်း . . . ဆရာဆွဲတဲ့ သစ်ပင်တွေအားလုံး က အဆွေးဓာတ်ပါတယ်။ သစ်ပင်ရဲ့ ပင်စည်ကိုသုံးတဲ့ အညိုရောင်ဖျော့ ထားပုံက တစ်မျိုးပဲဗျ။ ကြည့်တဲ့သူကို ဆွေးဆွေးမြည့်မြည့် ခံစားရစေ တယ်”

ကျွန်တော် ဘာမှဝင်မပြောဘဲ နားထောင်နေလိုက်ပါတယ်။ အာလီကလည်း အားရပါးရ ဈာန်ပါပါကို ပြောနေတာ။

“ဗန်ဂိုးရဲ့ ပန်းချီကားတွေဆို လှိုင်းတွေကောက်ကြောင်းတွေက သူ့ရဲ့ စိတ္တဇဆန်မှုကို ဖော်ပြသလိုပေါ့”

“မင်းက ဗန်ဂိုးပန်းချီကား မြင်ဖူးလို့လား”

“ဟိုး ဆရာ့စာအုပ်အောက်ဆုံးထပ်က စာအုပ်မှာတွေ့ဖူးတယ်”

ဟုတ်တော့ ဟုတ်ပြီ။ ကိုယ့်စာကြည့်ခန်းထဲက စာအုပ်တွေ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ခံနေရတာ။



“ဒါနဲ့ဆရာ မနေ့ညက ရွာကိုရောက်တဲ့ ဆရာတော်[illegible] ပြီးပြီလား”

ရုတ်တရက် စကားလမ်းကြောင်းပြောင်းသွားတဲ့ အာလီကြောင့် ကျွန်တော် ကြောင်သွားသေးတယ်။

“မနေ့က ခြေထောက်နာနေလို့ မသွားရသေးဘူး။ ရွာလူကြီးတွေ သွားကြိုတယ်မို့လား။ ငါလည်း ခဏနေမှ သွားတွေ့ပြီး ဘာလိုသလဲ မေးရဦးမယ်။ ဒီနေ့ ဦးမောင်တို့လည်း မြို့ကပြန်လာမှာပဲ။ ငါမှာထားတဲ့ဆေးဘူးနဲ့ စက္ကူတွေ ပါလောက်မယ်”

“ဟုတ်လား . . . ။ ကျွန်တော် သွားယူလိုက်မယ်လေ။ ဒါနဲ့ ဆရာ ကျွန်တော့်ကို ဒေါင်းဒင်္ဂါး (၁၆) ပြားတော့ မချီးမြှင့်ပါဘူးနော်”

“ဘာဖြစ်လို့လဲကွ . . . ၊ မင်းပြောလိုက်ရင် အဆန်းချည်းပဲ”

“ဒီလိုလေ . . . ဆရာရဲ့။ ဆရာတို့ မြန်မာရာဇဝင်ထဲမှာ ရှိတယ်လေ။ ယောမင်းကြီးက စာမတတ်ဘဲ သူ့စာအုပ်တွေကိုချီးမွမ်းတဲ့ မြင်းထိန်းငတာကို နောက်တစ်ခါမချီးကျူးဖို့ ဒေါင်းဒင်္ဂါး (၁၆) ပြားပေးပြီး နှုတ်ပိတ်တယ်လေ။ မသိ၊ မတတ်တဲ့သူက ချီးကျူးတာ သူ့ကိုသတ်တာနဲ့ အတူတူပဲတဲ့”

ကျွန်တော် တဟားဟား ရယ်နေလိုက်တော့တယ်။

“အာလီ . . . မင်းစာဖတ်တာ များနေပြီကွ”

အာလီထွက်သွားမှ ကျွန်တော်တစ်ယောက်တည်း ကိုယ့်ပန်းချီကားတွေကို ကြည့်နေမိတယ်။ အထီးကျန်နေတဲ့ သစ်ပင်လေးတစ်ပင်။ ပြတင်းပေါက်အပြင်မှာတော့ များစွာသော သစ်ပင်တွေ၊ တောင်တန်းများရဲ့ ကောက်ကြောင်းတွေ။

သစ်ပင်လေးက ပန်းချီကားထဲကနေထွက်ပြီး သူ့အဖော်သစ်ပင်တွေရှိရာဆီ သွားချင်နေပုံပဲ။ ငှက်ကလေးတစ်ကောင်တောင် အဖော်ပြု မဆွဲပေးနိုင်တဲ့ ပန်းချီဆရာကို သူစိတ်နာလေမလား။ ခွင့်လွှတ်ပါလို့ မပြောချင်တော့ပါဘူး သစ်ပင်ကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

ထောက်တိုင်ပေါ်က မပြီးသေးတဲ့ ကိုယ့်ပန်းချီကားကို ဆက်ဆွဲနေလိုက်တယ်။ ဒီပန်းချီကားဆွဲနေတာတော့ ၂ လကျော်ပြီ။ အားလပ်ချိန်နည်းတာကော၊ အကောင်းဆုံးဖြစ်ချင်တာကောနဲ့ ကြာနေတာပါ။ ဆွဲတဲ့ပုံကတော့ သစ်ပင်ပုံပါပဲ။ ပြီးသလောက်ရှိပြီ။ ဆီဆေးနဲ့ ရေးတာပါ။

စိတ်ပါလက်ပါနဲ့ ရေးရင်းနဲ့ပဲ လက်စသတ်နိုင်ခဲ့ပါပြီ။ အတော်လေး စိတ်ကြိုက်ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီပန်းချီကားပြီးသွားတဲ့ အချိန်မှာ လက်မှတ်ထိုးဖို့ ဝန်လေးနေမိတယ်။ ဘာလို့လည်းတော့ မသိဘူး။ စုတ်တံတလေးကို ကိုင်ရင်းနဲ့ပဲ ပန်းချီကားလေးကို ကြည့်နေမိတယ်။

"အား"

ခြေထောက်နာလို့ အော်လိုက်တာပါ။ ကျွန်တော့်ခြေထောက်ကို တစ်စုံတစ်ယောက်က တက်နင်းလိုက်တာပါ။ ဘယ်သူလဲ။ ငါ့ခြေထောက်ကိုနင်းတာ ဘယ်သူလဲ။ မော့ကြည့်လိုက်တော့ . . . . . .။



နင်းတာ ဘယ်သူလဲ

ငါ့ခြေထောက်ကို . . .



www.burmeseclassic.com

www.burmeseclassic.com

နင်းတာ ဘယ်သူလဲ
ဂါခြေထောက်ကို . . .



(၁၁)

"စင်စင် . . . "

အံ့သြတကြီး ရေရွတ်လိုက်မိတယ်။ မဝံ့မရဲ ရေရွတ်လိုက်မိတယ်။

ယူနီဖောင်းအဖြူလေးနဲ့ ကောင်မလေး။ သူ့မျက်လုံးလေးတွေတာ ဝင်းဖန့်ဖန့်လေး။

"နင့်ခြေမက ဘာလို့ဖောင်းနေတာလဲဟင်"

"စင်စင် . . . နင် စင်စင်ပဲ။ ဟုတ်တယ်မို့လား . . . စင်စင်မို့လား"

အရူးတစ်ယောက်လိုမေးနေတဲ့ ကျွန်တော့်ကို သူ နှုတ်ခမ်းလေးမဲ့ပြတယ်။

"အင်း . . . ငါ . . . စင်စင်"

စင်စင်က စင်စင်လို့ ဝန်ခံလိုက်တော့ ကျွန်တော်ပျော်လိုက်တာများဗျာ။ အိုး . . . ပြောစရာတောင် စကားလုံးမရှိ။ ခြယ်သစရာတောင် အရောင်အသွေးမရှိ။



www.burmeseclassic.com

www.burmeseclassic.com

စင်စင်က ကျွန်တော်ပျော်နေတဲ့ပုံကိုကြည့်ရင်း တလှလှပြုံးနေတယ်။ ကျွန်တော်သိတယ် သူလည်း ပျော်နေတာ။

"နင့်ခြေမကြီးက ဘာလို့ဖောင်းနေတာလဲ"

"နင်ဘယ်လိုလုပ် ရောက်လာတာလဲ။ ဒီလောက် ခေါင်တဲ့နေရာကို ဘာလာလုပ်တာလဲ။ နင်လမ်းမှာ အရမ်းပင်ပန်းခဲ့မှာပေါ့"

"ငါ ဆေးလာကုတာပါဟ"

ကျွန်တော်ဟာ စင်စင့်မျက်နှာကလေးကို ကြည့်မဝဖြစ်နေတယ်။ စင်စင်ကလည်း ရုပ်ရှင်ထဲက မင်းသမီးလေးလို မျက်နှာလွှဲမသွားဘူး။ ကျွန်တော့်ကို ပြန်ပြီး ပြုံးပြုံးလေးပဲ (အဲဒီအပြုံးက နည်းနည်း မခိုးမခန့်ဖြစ်နေတယ်)ကြည့်နေတယ်။ သူ့ကို ရင်ခုန်ရတာ ခပ်ခက်ခက်ပဲနော်။

"နေလွင် . . . "

သူ ကျွန်တော့်နာမည်ကို ဖွဖွခေါ်တယ်။ ဘာရယ်မသိဘူး။ သူ ကျွန်တော့်နာမည်ကိုခေါ်တဲ့ အသံဟာ ကျွန်တော့်ကို တိမ်တွေက ကုတ်လှမ်းဆွဲလိုက်သလိုပဲ (မြှောက်တက်သွားတာကို ပြောတာ)။

"နေလွင် . . . ငါမေးတာ ဖြေဦးလေ"

"ဟင် . . . နင် ဘာမေးတာလဲ"

"နင့်ခြေမကြီးက ဘာလို့ဖောင်းနေတာလဲလို့"

ကျွန်တော် လက်ခံလိုက်ပါပြီ။ သူဟာ စင်စင်အစစ်ပါ။ ပေါက်တတ်ကရ မေးခွန်းလေးတွေ မေးနေတာပဲကြည့်လေ။

"ဒါ မနေ့က လမ်းပြင်ရင်း ခိုက်မိသွားလို့ယောင်နေတာ"

"အယ် . . . သနားပါတယ်"

သိပါတယ်။ သူ ကျွန်တော့်ကို သနားတာမဟုတ်ပါဘူး။ ခြေမကလေးကို သနားနေတာ။

သူက အခုမှနံရံတစ်လျှောက် ချိတ်ထားတဲ့ ပန်းချီကားတွေကို သတိပြုမိတယ်။ ပန်းချီကားတွေကို တစ်ချပ်ချင်း လိုက်ကြည့်ပြန်တယ်။

"နင့်ပန်းချီကားနာမည်က ဘာလဲ။ ဘာလို့ သစ်ပင်ပုံတွေပဲ ဖြစ်နေရတာလဲ"



ဒီမေးခွန်းကိုတော့ ကျွန်တော် သွေးအေးအေးနှင့်သာ ဖြေချင်ပါတယ်။

"အကြောင်းရှိလို့ပေါ့"

"ဘာအကြောင်းလဲဟ။ ဒီပန်းချီကားတွေရဲ့နာမည် ငါသိလို့ မရဘူးလား"

"ရပါတယ် . . .။ တကယ်တော့ ငါ့ပန်းချီကားတွေအကုန်လုံးက နာမည်တစ်ခုတည်းပါ"

"အင်း . . . ပုံတွေကလည်း သစ်ပင်ပုံတွေပဲကိုး။ ပြောပါဦး ပန်းချီကားနာမည်က"

လေသံအေးအေးနဲ့ ဖြည်းဖြည်းပဲ ဖြေလိုက်ပါတယ်။

"ပန်းချီကားနာမည်က"

" . . . "

"သူမေ့နေတဲ့သစ်ပင် . . . တဲ့"

နွေဦးတောင်ကုန်းစိမ်းပုပုလေးနဲ့တူသွားတဲ့ သူဟာ ခေတ္တငြိမ်သွားပါတယ်။ တစ်ခုခုကို ပြန်တွေးနေတာ၊ ပြန်စဉ်းစားမိတာလည်း ဖြစ်မှာပေါ့။ ကျွန်တော်ကတော့ သူငြိမ်နေတဲ့အချိန်ကလေးကိုပဲ ငြိမ်သက်ခြင်း စောင့်နေပေးလိုက်တယ်။ သူ ပြန်သတိဝင်သွားတော့မှ ကျွန်တော့်ကို [illegible]အတိုင်းကြည့်ရင်း ပြောတယ်။

"ကောင်းသားပဲ နာမည်လေးက"

သိပ်ကို ဆွေးမြည့်ဖို့ကောင်းတဲ့ အဓိပ္ပာယ်လေးတွေရှိနေတာကိုတော့ သူ သတိမထားမိဘူးနေမှာပါ။ ဘာပဲဖြစ်ဖြစ်ပေါ့။ ကျွန်တော် သူ့ကို လက်ခံဖို့ ကြိုးစားနေလိုက်တယ်။

"ရော့ . . . "

ကျွန်တော် သူ့လက်ထဲကို စုတ်တံလေး ထည့်ပေးလိုက်တယ်။

"ငါ့ကို ပုံဆွဲပေး။ ဒီပန်းချီကားပေါ်မှာပဲ"

ကျွန်တော် လက်မှတ်မထိုးရသေးတဲ့ ပန်းချီကားလေးပေါ်မှာပဲ ဆွဲဖို့ညွှန်းလိုက်တယ်။ သူက မဝံ့မရဲပြန်ငြင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

“အား . . . မဆွဲပါဘူး။ နင့်ပုံ နမြောစရာကြီး”

“ရပါတယ် ဆွဲပါ”

သူကတော့ မရပါဘူး။ အပြတ်အသတ်ငြင်းတယ်။

“ငါမှမဆွဲတတ်တာ။ နင့်ပန်းချီကား ပျက်သွားမှာပေါ့”

“ရပါတယ်။ ငယ်ငယ်တုန်းကတောင် အတူတူဆွဲသေးတယ်”

“ဟာ . . . ငယ်ငယ်တုန်းက အပျော်သျှောက်ဆွဲတာကိုးဟ။ အခု နင်က ပညာရှင်ဖြစ်နေပြီ။ ငါက ဘယ်လိုလုပ် ဆွဲရဲတော့မှာလဲ”

“နင့်စိတ်ထဲရှိတဲ့ ပုံတစ်ပုံလောက် ဆွဲပါဟ”

သူကျွန်တော့်ကို ဆူပုပ်ပုပ်ကြည့်တယ်။

“အေး . . . ဆွဲမယ်ဟာ။ ငါ့ပုံမလှရင် နင်မရယ်ရဘူးနော်”

“အင်း . . . ”

“တော်ပြီဟာ . . . နင့်မျက်လုံးမှိတ်ထား အဲဒါမှဆွဲမှာ”

“အေး . . . အေး . . . ဟုတ်ပါပြီ”

သူ့သဘောအတိုင်း ကျွန်တော် မျက်လုံးမှိတ်နေလိုက်ပါတယ်။ ဒါပေမဲ့ သူ့မျက်နှာကလေးကိုပဲ မြင်နေတယ်။ နီးနေလျက်နဲ့တောင် ထပ်နီးချင်နေတယ်။ စင်စင် ဘာပုံဆွဲမလဲ ကျွန်တော် သိချင်နေမိတယ်။ တအောင့်လောက်ကြာမှ သူ့အသံလေး ထွက်လာတယ်။

“ရပြီ ကြည့်တော့”

ကျွန်တော် မျက်လုံးဖွင့်လိုက်တယ်။ ပန်းချီကားပေါ်က သူဆွဲထားတဲ့ပုံလေးကို ကြည့်လိုက်တော့ . . .

“ဟင် . . . ”

ဒီအချိန် ကျွန်တော့်ကို တစ်ဘဝလုံး မျက်လုံးမှိတ်ခိုင်းမယ်ဆိုရင်တောင် လက်ခံကျေနပ်သွားမှာပါ။

“ငှက်ကလေး . . . ”

ဒါပေမဲ့ ကောင်းကင်မှာ ပျံမနေပါဘူး။

“ငါ့သစ်ကိုင်းမှာ နားနေတာ။ ငါ့သစ်ပင်က ငါ့သစ်ကိုင်းမှာ နားနေတာ”



“အင်း”

သူ့ကိုကြည့်လိုက်တော့ မျက်ရည်လေးတွေဝဲလို့။ ကျွန်တော့်ကို စက်မက်မောမော ကြည့်နေတာ။

“စင်စင် နင် ငါ့သစ်ပင်လေးကို မမေ့ဘူးပေါ့။ ဟုတ်လား”

“အင်း . . . မမေ့ဘူး။ ငါသတိရတယ်။ နင့်နှလုံးသားသစ်ပင်ကလေးကို အမြဲတမ်းမှတ်မိနေတယ်”

ဗစ်ခနဲ သူ့ကို ကျွန်တော့် ရင်ခွင်ထဲ ဆွဲထည့်လိုက်တယ်။ ကျွန်တော် မလွှန့်ပါဘူးနော့။ သူလည်း မငြင်းပါဘူး။ နွေးထွေးတဲ့ လက်ကလေးတွေနဲ့တောင် ကျွန်တော့်ခါးကလေးကို ပြန်ဖက်ထားသေး။ ပြီးတော့ ပြောသေးတယ်။

“ငှက်ကလေးက အတောင်ညောင်းသွားပြီလေ။ အဲဒါကြောင့် သစ်ပင်လေးဆီ လာနားတာ”

ကျွန်တော် မယုံနိုင်စွာ ပြန်မေးမိသေးတယ်။

“ဒါဆို ငှက်ကလေး အတောင်မညောင်းတော့ရင် ပြန်ထွက်သွားဦးမှာပေါ့၊ ဟိုးကောင်းကင်ထဲကို”

စင်စင်က ခေါင်းလေးယမ်းတယ်။

“ဟင့်အင်း . . . မသွားတော့ဘူး။ ငှက်ကလေးက အဲဒီသစ်ပင်မှာပဲ အသိုက်ဆောက်တော့မှာတဲ့”

“ဟေး . . . ”

ကျွန်တော် ပျော်လွန်းလို့ စင်စင့်ကို မြှောက်ချီလိုက်မိတယ်။ ကျွန်တော့်စင်စင်၊ ကျွန်တော့်ငှက်ကလေး၊ ကျွန်တော့်ချစ်သူလေး။ စင်စင်က သူ့ကို အောက်ချပေးဖို့ပြောတယ်။

“အသိုက်ဆောက်တော့မှာဆိုတော့ ငှက်ကလေးတွေလည်း ဖွားတော့မှာပေါ့နော်”

“ဟွန်း . . . ကောင်းစုတ်နော်”

အိုး . . . ဟုတ်သားပဲ။ ကျွန်တော့်စကား ဘယ်နားရောက်သွားပါလိမ့်။ ဘာပဲဖြစ်ဖြစ်ရင်ထဲ လှုးလိမ့်နေအောင် ပျော်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"စင်စင် ငါ နင့်ကိုချစ်တယ်"

"ဟွန်း . . . မနေ့ကကျတော့ လာမကြိုဘဲနဲ့"

"နင်မှန်းမသိလို့ပါဟ"

စင်စင်က နားလည်ပါတယ်။ နောက်ပြီး ခိုးကြောင်ခိုးဝှက်နဲ့ ပြောသေးတယ်။

"နေလွင် . . . နင်ငါ့ကို မြန်မြန်ယူမှဖြစ်မှာနော်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ငါ မနေ့ညနေကမှ ရောက်တာနော်။ အဲဒါတောင် နာဂကြီး သုံးယောက်ရှိပြီ လာမေးတာ"

"ဘာမေးတာလဲ"

"လင်ရှိလားတဲ့"

"ဟာ . . . မဖြစ်ဘူး။ ငါနင့်ကို မြန်မြန်လက်ထပ်မယ်"

"အေး . . . ကောင်းတယ်"

အဲဒီအချိန် ပျာယီးပျာယာနဲ့ အာလီရောက်လာပါတယ်။ လက်ထဲမှာလည်း ဆေးဘူးနဲ့ စက္ကူတွေကို ဖရိုဖရဲသယ်လာတယ်။ ကျွန်တော်နဲ့စင်စင် နီးကပ်နေရာက ချက်ချင်း ခွာလိုက်ကြတယ်။

အာလီက ပန်းချီပစ္စည်းတွေကို ကျွန်တော့်စားပွဲမှာပဲ နေရာတကျ သွားထားပြီး . . .

"ဆရာ . . . ဆရာလိုချင်တဲ့ပစ္စည်းတွေ အကုန်ရတယ်။ ဒီမှာ စာနှစ်စောင်လည်း ပါလာတယ်။ ကဲ . . . ကျွန်တော်ပြန်ဦးမယ် . . . ဆရာရေ့။ ခုနက ကျွန်တော်မမြင်လိုက်၊ မကြားလိုက်တဲ့ ဇာတ်ဝင်ခန်းလေးကို ရွာထဲလျှောက်ပြောလိုက်ဦးမယ်ဗျာ။ ဟဲ . . . ဟဲ . . ."

"ဟာ . . . ဒီကောင်"

ပြုံတီတီ မျက်နှာကြီးနဲ့ပဲ အာလီထွက်သွားတယ်။ ကျွန်တော်တို့လည်း ပြုံးရင်း သူ့နောက်ကျောကို ငေးနေမိသေးတယ်။

အာလီပေးတဲ့ စာနှစ်စောင်ကို ကြည့်လိုက်တော့ တစ်စောင်က မမေလွင်( အ . ထ . က . . .) လို့ရေးထားတယ်။



BURMESE CLASSIC .com

"ငါ့အစ်မစာပဲ နောက်မှဖတ်မယ်။ ဒီတစ်စောင်က ဘယ်သူ့ဟာပါလိမ့်"

အဲဒီတစ်စောင်မှာတော့ ဒေါက်တာ မယွန်းချမ်းမြေ့အေးလို့ရေးထားပါသတဲ့။

"အောင်မယ် . . . ရှေ့မှာ ဒေါက်တာတွေဘာတွေ တပ်လို့"

"ကဲ . . . ဖွင့်ပါ နေလွင်ရဲ့၊ ဖတ်ရအောင်"

ယွန်းယွန်းဆီက စာမှန်းသိရတော့ ကျွန်တော်တို့ စိတ်ဝင်စားကြရပါတယ်။ လူကြုံကောင်းလို့သာ ရောက်တဲ့စာမို့ ကျွန်တော်တို့ ပိုတန်ဖိုးထား ဖတ်မိတယ်။ စာရွက်ကလေးကို ဖြန့်ထားလိုက်တော့ ယွန်းယွန်း လက်ရေးလှလှကလေးကို ထင်းခနဲ တွေ့လိုက်ရတာပေါ့။

သို့/

နေလွင်

ငါဒီဝါသနာတီမရှိပေမယ့် စာရေးလိုက်ပါတယ်ဟာ။ ဒီစာထဲမှာ နင့်အတွက် သတင်းကောင်းတွေရှိလို့ နင်ပျော်မှာပါ။ စင်စင် ပြည်ပက ပြန်ရောက်လာပြီး သူ့ပိုင်စိတ်တွေ့ရောက်တော့ ငါဖြင့် ယုံတောင်မယုံဘူး။ အရမ်းဝမ်းသာတယ်။ ငါတောင် ဒီလောက်ဝမ်းသာတာ၊ နင်ဆိုရင်တော့ ဘယ်လောက်ဝမ်းသာမလဲဆိုတာလည်း ငါတွေးမိပါတယ်။ စင်စင်က နင့်အကြောင်း မေးတယ်၊ သူမမေးခင်ကတည်းက ပြောပြချင်တဲ့ငါကလည်း နင့်အကြောင်းတွေ ပြောပြလိုက်တာပေါ့။

ဒီတစ်ခါတော့ နင်စင်စင့်ကို လက်မလွှတ်စေနဲ့နော် သူက ငှက်ကလေးတွေ . . . ကောင်းကင်ပေါ် ပျံပြီးမှာတွေ . . . လုပ်နေရင်လည်း . . . လေးဂွနဲ့သာ ထုပစ်လိုက်ဟာ . . . ...



www.burmeseclassic.com

လား . . . ။ ပိုထင်ပါတယ်။ ဒီတစ်ခါတော့ နင်တို့ မဝေးတော့ပါဘူး။ ဘာမှလည်း နောက်ဆံမတင်းနဲ့။ သေသွားတဲ့လူတစ်ယောက်ကို အားနာတာမျိုးတွေလည်း ဖြစ်မနေပါနဲ့တော့ဟာ။ ဘယ်လိုရည်ရွယ်ချက်၊ အနာဂတ်တွေရှိရှိ နင်တို့ ရအောင်လက်တွဲကြ . . . ကြားလား။

နောက်တစ်ပတ်ဆို မိုးထိုက်ဆုံးတဲ့ နှစ်ပတ်လည်နေ့ ရောက်ဦးမယ်။ ငါကတော့ နှစ်တိုင်း သူ့အတွက် ဘုရားသွား ကုသိုလ်လုပ်ပေးပါတယ်။ နင်တို့လည်း အလှူအတန်းလေး လုပ်ပေးဦး။ တစ်နိုင်တလောက်ပေါ့။ ဟို . . . မြန်မာ့သူငယ်ချင်းများနေ့လည်း ရောက်တော့မှာနော်၊ မမေ့နဲ့နော်။

နင် ဒီစာကိုဖတ်နေရတဲ့အချိန်မှာ နင့်ဘေးမှာ စင်စင်လည်း ရှိရင်ရှိနေမှာပါ။ အဲဒီလိုပဲ ငါလည်း မိုးထိုက်အုတ်ဂူဘေးမှာ ရောက်ရင်ရောက်နေမှာပေါ့။

နင့်ရဲ့သူငယ်ချင်း
ယွန်းယွန်း

ယွန်းယွန်းစာကို ဖတ်အပြီးမှာ ကျွန်တော်တို့ရင်ထဲ ဝမ်းနည်းဝမ်းသာ ခံစားလိုက်ရတယ်။ တစ်ယောက်ရဲ့လက်လည်း တစ်ယောက် ဆုပ်ကိုင်ထားမိတယ်။

အဲဒီအချိန် အိမ်ရှေ့က နာဂကလေးလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ ငှက်ကလေးတစ်ကောင်ကိုလည်း လက်မှာ ဆုပ်ကိုင်ထားလို့။ စင်စင်က အဲဒီနာဂကလေးလေးကို ပြေးခေါ်တယ်။ ငှက်ကလေးကို ဘီစကစ်မုန့်နဲ့ (ထင်တယ်) လဲလိုက်တယ်။ ငှက်ကလေးကို ဖွဖွကိုင်ပြီး သူ အိမ်ထဲပြန်ဝင်လာတယ်။



www.burmeseclassic.com

ကျွန်တော့်ကိုလက်ဆွဲပြီး ပြတင်းပေါက်နား ခေါ်သွားတယ်။ ပြတင်းပေါက်အပြင်မှာတော့ မျှော်မဆုံးတဲ့ တောင်တန်းကြီးတွေ အထပ်ထပ်။ မိုးကုတ်စက်ဝိုင်းအပြည့် တိမ်သားတွေနဲ့။

စင်စင်က ငှက်ကလေးခေါင်းမွေးလေးတွေကို လက်ချောင်းလေးနဲ့ ပွတ်ပြီးပြောတယ်။

"ငါတို့ မိုးထိုက်အတွက် ကုသိုလ်ပြုလိုက်ရအောင်"

"အင်း . . ."

ငှက်ကလေးကို ပြတင်းပေါက်အပြင်ကောင်းကင်ထဲ လွှတ်တင်လိုက်တယ်။ ငှက်ကလေး ပြေးထွက်သွားပြီ။ တောင်ပံကလေးကို လူးလာခတ်ပြီ။ ဝေးသည်ထက် ဝေးသွားပြီ။

မိုးထိုက်ကောင်းမွန်ရာ ဘုံဘဝရောက်စေဖို့လည်း ကျွန်တော်တို့ ဆုတောင်းလိုက်ကြတယ်။

"စင်စင် . . . ငါတို့လက်ထပ်ကြမယ်"

"အင်း . . . စာချုပ်မှာ လက်မှတ်ထိုးကြစို့"

ငှက်ကလေးနားနေတဲ့ ပန်းချီကားမှာ အသိုက်တစ်ခုပုံပါ ဖြည့်ဆွဲလိုက်တယ်။ ပြီးတော့မှ ကျွန်တော်တို့နှစ်ဦးသား အဲဒီပန်းချီကားပေါ်မှာ လက်မှတ်ရေးထိုးလိုက်ကြပါတယ်။

ဣ ဣ ဣ

သုဝေ
2009-2010
12:40 PM



www.burmeseclassic.com